www.burmeseclassic.com

လူဇေ

BURMESE CLASSIC .com

# အဇတတုံး

www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင်စာပေ

၀၉ ၄၉ ၅၆ ၁၄၅၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| **ထုတ်ဝေသည့်အကြိမ်** | - | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ မေလ |
| **အုပ်ရေ** | - | ၁၀၀၀ |
| **ထုတ်ဝေသူ** | - | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ ၃၈၊ (၃)လွှာ၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်။ |
| **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** | - | Colour King |
| **မျက်နှာဖုံးဒီဇိုင်း** | - | ကိုဝင်းခန့် (Colour King) |
| **ကွန်ပျူတာစာစီ** | - | ကြယ်စင်သစ် |
| **အတွင်းဖလင်** | - | Colour King |
| **မျက်နှာဖုံးဖလင်** | - | Colour King |
| **တန်ဖိုး** | - | ၂၀၀၀ ကျပ် |
| **ဖြန့်ချိရေး** | - | မနှင်းနှင်း (အဖြူရောင်စာပေ) တိုက် (F-1)၊ အခန်းအမှတ် (301)၊ ရွှေခင်းသာ အဆင့်မြင့်အိမ်ယာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၉၇၆၁၄၅၂ |

လူနေ ၈၉၅.၈၃

အန်စာတုံး/ လူနေ။ - ရန်ကုန်၊

အိပ်မက်အသစ်စာပေ၊ ၂၀၁၂။

၂၁၄-စာ၊ ၁၂.၅ × ၁၈.၅ စင်တီမီတာ။

(၁) အန်စာတုံး


BURMESE CLASSIC .com

# လူနေ

# အန်စာတုံး

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ဤအန်စာတုံးဝတ္ထုသည် သင်ကိုယ်တိုင်ပါဝင်ကစားပြီး ဖတ်ရှုရသော စွန့်စားတိုက်ခိုက်ခန်းများပါသည့် ဂိမ်းဝတ္ထု အမျိုးအစား ဖြစ်ပါသည်။ ဤဂိမ်းဝတ္ထုထဲတွင် သင်နှင့်သင့်ချစ်သူတို့သည် အမျိုးအမည်မသိသော တစ်နေရာ၌ ဖမ်းဆီးခံရပြီးနောက် သင်ကိုယ်တိုင် လွတ်မြောက်အောင် ကြိုးစားရသော ဝတ္ထုဖြစ်ပါသည်။ ပရိသတ်များအတွက် အသစ်အဆန်းကလေးတစ်ခုကို မြည်းစမ်းစေချင်တဲ့ဆန္ဒဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အန်စာတုံးဂိမ်း ဝတ္ထုဖတ်နည်း

ဤဝတ္ထုတွင် သင်သည် သင့်၏ ရွေးချယ်မှုအပေါ် မူတည်၍ ဝတ္ထုဇာတ်လမ်း ပြောင်းလဲသွားမည်ဖြစ်ပြီး သင်နှင့်သင့်ချစ်သူတို့ အသက်ခံရနိုင်သည် (သို့) လွတ်မြောက်သွားနိုင်သည်ဆိုသည်မှာ ဝတ္ထုဖတ်နေသော သင့်အပေါ်တွင်သာ မူတည်ပါသည်။ သင် ရွေးချယ်သော လမ်းကြောင်းပေါ် မူတည်၍ ပေးထားသော အခန်းစဉ်များကို ဆက်လက်ဖတ်ရှုခြင်းအားဖြင့် ဂိမ်းအား အောင်မြင်နိုင်၊ မအောင် မြင်နိုင်ဆိုသည်ကို ဆုံးဖြတ်သွားပါမည်။ စာအုပ်ထိပ်တွင် အခန်းနံပါတ်များအား ကြည့်ခြင်းဖြင့် အခန်းစဉ်များကို လျင်မြန်စွာ ရှာဖွေနိုင်အောင် ပြုလုပ်ထားပါသည်။

## မေတ္တာရပ်ခံချက်

ဤဝတ္ထုမဖတ်ခင် သင်သည်ရှေးဦးစွာ အောက်ပါ အစီအစဉ်များကို ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ (မပြုလုပ်ပါကလည်း မပြုလုပ်ဘဲ နေနိုင်ပါသည်။ ဆက်လက် ဖတ်ရှုသည့်အခါ အခက်အခဲ အနည်းငယ်အချို့သာ တွေ့နိုင်ပါသည်။ သို့သော် ကိစ္စမရှိပါ။) သင့်ရဲ့ (ကျွမ်းကျင်မှု၊ ခံနိုင်ရည်အားနှင့် ကံကောင်းခြင်း)စသည့် စွမ်းရည်များကို အန်စာတုံးလှိမ့်ခြင်းဖြင့် အောက်ပါဇယားကွက်တွင်လည်းကောင်း (သို့)စာရွက်အလွတ်တွင်



ဇယားကွက် ကူးယူ၍လည်းကောင်း မှတ်တမ်းတင် ထားရှိရမည်။ ၄င်းမှတ်တမ်းသည် ဂိမ်းဝတ္ထုဖတ်နေစဉ်အတွင်း အပြောင်းအလဲ ရှိနိုင်သည်။ ထို့ကြောင့် ခဲတံနှင့် ချရေးရန် လိုအပ်ပါသည်။

| ကျွမ်းကျင်မှု | ခံနိုင်ရည်အား | ကံကောင်းခြင်း |
|---|---|---|
| | | |

ဤဝတ္ထုကို ဖတ်နေသော မိတ်ဆွေသည် သင်၏ ကျွမ်းကျင်မှု၊ ခံနိုင်ရည်အား၊ ကံကောင်းခြင်းတို့ကို မှတ်တမ်းတင်ရန်အတွက် အန်စာတုံးတစ်တုံး (မရှိပါက) စာအုပ်အောက်တွင်ပါရှိသော အန်စာ



www.burmeseclassic.com

www.burmeseclassic.com

တုံးပုံများကို ကျရာစာရွက်လှန်သည့် နည်းစနစ်ဖြင့် အရွေ့တုံး အန်စာတုံးကို အန်စာတုံးတစ်တုံးလို အသုံးပြုနိုင်ပါသည်။

**ကျန်းကျင်မှုအကွက်တွင် အမှတ်ရေးသွင်းရန်အတွက်**

အန်စာတုံးတစ်တုံးကို စလှိမ့်ပါ။ ရရှိသော နံပါတ်အား (၆)ပေါင်း၍ ကျန်းကျင်မှုအကွက်ထဲတွင် ရေးသွင်းရန်၊

**ဥပမာ- အန်စာတုံး နံပါတ် (၅)+(၆)-(၁၁)**

သင်၏ ကျန်းကျင်မှုမှာ (၁၁)ဖြစ်သည်။

**ခံနိုင်ရည်အားအကွက်တွင် အမှတ်ရေးသွင်းရန်အတွက်**

အန်စာတုံးအား နှစ်ခါလှိမ့်ပါ။ ရရှိလာသော နံပါတ်အား (၁၂)ထပ်ပေါင်း၍ ခံနိုင်ရည်အား အကွက်တွင် ရေးသွင်းရန်၊

**ဥပမာ- အန်စာတုံး နှစ်ခါလှိမ့်ပေါင်း နံပါတ် (၁၀)+(၁၂)- (၂၂)**

သင်၏ ခံနိုင်ရည်အားမှာ (၂၂)ဖြစ်သည်။

**ကံကောင်းခြင်းအကွက်တွင် အမှတ်ရေးသွင်းရန်**

အန်စာတုံးအား စလှိမ့်ပါ။ ရရှိလာသောနံပါတ်အား (၆) ပေါင်း၍ ကံကောင်းခြင်းအကွက်ထဲတွင် ရေးသွင်းရန်၊

**ဥပမာ- အန်စာတုံးနံပါတ် (၅)+(၆)-(၁၁)**



သင်၏ ကံကောင်းခြင်းမှာ (၁၁)ဖြစ်သည်။

ထိုသို့ ရေးသွင်းပြီးပါက ဝတ္ထုကို စတင်ဖတ်ရှုနိုင်ပြီ ဖြစ်ပါသည်။

ကဲ. . . စလိုက်ရအောင်

**သင်အောင်မြင်ပါစေ၊**

**လေးစားစွာဖြင့်**

**လူနေ**



www.burmeseclassic.com

www.burmeseclassic.com

၀၀၀

ရုတ်တရက် ပြန်သတိရလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီး မီးခွက်၏ အလင်းရောင်သာ မှိတ်တုပ်မှိတ်တုပ် လင်းနေ သည်။

လက်ကိုထောက်လိုက်ပြီး မတ်တက်ထရပ်ရန် ပြင်လိုက်၏။ ထိုအခါမှပဲ သင်သည် သစ်သားခုတင်တစ်ခုပေါ်တွင် ရောက်နေကြောင်း သတိထားမိသည်။

သင်၏ အင်္ကျီကလည်း အရင်ဝတ်လာတဲ့ အင်္ကျီနဲ့မတူပဲ ပြောင်းလဲနေသည်။

ထူးထူးဆန်းဆန်းဝတ်စုံဖြစ်နေပြီး အပေါ်အင်္ကျီမှာလည်း သင့်မှာ တစ်ခါမှ မရှိဖူးသော အစိမ်းပုတ်ရောင် လယ်သာဂျာကင် ဖြစ်နေသည်။

ဘောင်းဘီမှာလည်း ပြောင်းလဲနေ၏။ ခေါင်းကအနည်းငယ် နာကျင်နေသော်လည်း ချက်ချင်းဆိုသလိုပင် တစ်စုံတစ်ခုကိုလည်း သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သင့်ချစ်သူ. . .။ သင်နဲ့အတူတူလာခဲ့သော သင့်ချစ်သူ. . .။

ခုတင်ပေါ်ကနေ ကမန်းကတန်း ထထိုင်လိုက်သည်။ ကျင့်သားရလာသောကြောင့် ပတ်ဝန်းကျင်မှ သဘာဝအလင်းရောင် အနည်းငယ်ကို မြင်နေရသည်။

ဘယ်သူမှ မတွေ့ဘဲ ပစ္စည်းများနှင့်သာ ရှုပ်ထွေးနေသော အိမ်တစ်အိမ်၏ အခန်းတစ်ခုထဲတွင် သင်ရောက်နေခြင်းဖြစ်သည်။

သင်ဒီအထဲကို ဘယ်လိုရောက်လာသလဲ? ပြန်စဉ်းစားပေမယ့် ဘယ်လိုမှမမှတ်မိတော့ဘဲ သင်နှင့် သင့်ချစ်သူ ခရီးထွက်လာပြီး တစ်နေရာအရောက်တွင် လူအချို့နှင့်တွေ့တာကိုပဲ သတိရပြီး အခြားဘာမှ စဉ်းစားလို့မရဘဲ ဖြစ်နေသည်။

ထိုစဉ် ဖယောင်းတိုင်၏ အလင်းတစ်ခုကို မြင်လိုက်ရသည်။ ဘေးတွင်တွေ့ရသောပစ္စည်းတစ်ခုကို ကောက်ကိုင်လိုက်သည်။ ဓားရှည်တစ်ချောင်း ဖြစ်နေသောကြောင့် ထိုဓားကိုပဲ အလင်းရှိရာကို ဦးတည်ပြီး ချိန်ထားလိုက်သည်။

အခုအချိန်ထိ အလင်းကိုသာတွေ့ရပြီး ဘယ်သူမှန်း သေချာမသိသေးချေ. . .။

“သတိရလာပြီလား”

အလင်းနောက်မှ အသံတစ်သံကို ကြားလိုက်ရသည်။

ခဏအကြာတွင် ထိုအလင်းမှာ သင့်ရှေ့သို့ ရောက်လာပြီး



အလင်းနောက်ကနေ မျက်နှာတစ်ခု ထွက်လာ၏။

“ဟင်. . .”

ထိတ်လန့်သွားပြီး သင့်လက်ထဲမှဓား ပြုတ်ကျသွားသည်။

ရုပ်ဆိုးပြီး ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်ရဲ့ မျက်နှာကို အလင်းရောင်တွင် မြင်လိုက်ရသောကြောင့် ထိတ်လန့်သွားခြင်းဖြစ်သည်။

သို့သော် သူ့အမူအရာမှာ ရန်မူမည့်ပုံစံ မရှိသောကြောင့် သင့်မှာ စိတ်သက်သာရာရသွားသည်။

ထိုလူမှာ သင့်ဘေးတွင် မတ်တတ်ရပ်လိုက်ပြီး-

“သတိရလာပြီလား”

ဟု နောက်တစ်ကြိမ် ထပ်မေးသည်။ အသံမှာ အေးစက်စက်နိုင်လှပြီး လူ့ပုံစံနှင့် လိုက်ဖက်ညီလှသည်။

“ကျွန်တော် ဘယ်ရောက်နေတာလဲ၊ ပြီးတော့. . . ကျွန်တော့်. . . ကျွန်တော့်ချစ်သူရော”

ထိုလူက သင့်ရှေ့ရှိ ခုံတစ်ခုတွင် ဝင်ထိုင်သည်။ ထို့နောက် ဘေးရှိ ခွက်တစ်ခုထဲမှအရည်များကို အခြားခွက်တစ်ခုထဲသို့ ထည့်ကာ မွှေနေလေ၏။

“မင်းကို လမ်းမှာသတိမေ့နေတာတွေ့လို့ ကျုပ်အိမ်ကို ခေါ်လာတာပါ၊ မင်းကောင်မလေးကို ကျုပ်မသိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com

ခွက်ထဲက အရာများကို မွှေနေရင်း သင့်ကို ပြန်ဖြေသည်။

"ဒါ. . . ဒါဆို ကျွန်တော့်ချစ်သူ ဘယ်ရောက်သွားလဲ"

ရင်ထဲတွင် ပူလောင်သွားသည်။

ချက်ချင်းဆိုသလိုပင် ခုတင်ပေါ်ကနေဆင်းပြီး မတ်တတ်ရပ်လိုက်သည်။ စိတ်လောပြီး စိုးရိမ်စိတ်ကြောင့် သင်၏ခေါင်းထဲတွင် မူးခနဲ မိုက်ခနဲဖြစ်သွားသည်။

"အားနည်းနေသေးတယ်"

ထိုလူက သင့်ကို လှမ်းထိန်းလိုက်ပြီး ခုတင်ပေါ်သို့ ပြန်တင်ပေးသည်။ ထို့နောက်-

"မြို့စောင့်တွေ ဖမ်းခေါ်သွားတာဖြစ်မယ်"

"ဘယ်လို"

"မင်း အခု. . . မြို့ပြင်ကိုရောက်နေတာ"

သင်မကြားဖူးသော မြို့နာမည်ဖြစ်သည်။

"ငါက မင်းကို မြို့စွန်တောအုပ်ထဲမှာတွေ့တာဆိုတော့ မြို့စောင့်တွေနဲ့ တိုက်ခိုက်ရင်း မင်းက လွတ်လာပြီး မင်းရဲ့ချစ်သူကောင်မလေးကိုတော့ သူတို့ ဖမ်းမိသွားတယ်ထင်တယ်"

"ဒါ. . . ဒါဆို သူတို့. . . အန္တရာယ်များ. . ."

သင်စိုးရိမ်စွာနဲ့ ကမန်းကတန်း မေးမိလိုက်သည်။

"ဖမ်းခေါ်သွားတာနေမှာပါ၊ မြို့ထဲကို အခုတောင်. . ."



ထိုသူက ပြောရင်းဆိုရင်း စကားကို ရပ်ထားလိုက်သည်။

ထိုစဉ်-

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံများကို ကြားလိုက်ရသည်။

"မင်း သွားရတော့မယ်၊ မသွားခင် ဒါလေး သောက်သွားလိုက်ပါ"

"ဟင်. . . ဘာ၊ ဘာဖြစ်လို့လဲ"

"ရဲမက်တွေက မြို့ပြင်မှာရှိတဲ့ အိမ်မှန်သမျှ လိုက်ရှာနေတယ်၊ အခု ငါ့အိမ်ကို ရောက်လာတာ ဖြစ်မယ်၊ မသွားရင် မင်းအတွက် အန္တရာယ်ရှိတယ်"

ထိုလူက သင့်ကို သူမွှေနေသောခွက်အား ထိုးပေးသည်။

တံခါးခေါက်သံများကလည်း ဆူညံစွာ ထွက်ပေါ်နေသည်။

ထိုအခါ သင်က ဘာမှစဉ်းစားမနေတော့ဘဲ ခွက်ကို မော့ချလိုက်သည်။ ပြီးနောက် ထိုလူညွှန်ပြသော တံခါးဘက်ကို ပြေးရန်အတွက် ပြင်ဆင်လိုက်သည်။

"ရော့. . . ဒီဓားကို ယူသွားပါ၊ အန္တရာယ်တွေ့ရင် ရင်ဆိုင်လို့ရအောင်၊ ပြီးတော့ မင်းကောင်မလေးကို မြို့လယ်ခေါင်ရဲ့ တစ်နေရာမှာ ဖမ်းထားတာဖြစ်လိမ့်မယ်"

ထိုလူကြီးက ဓားကိုလှမ်းပေးသည်။ ပြီးနောက် အသား



www.burmeseclassic.com

www.burmeseclassic.com

ခြောက် အချို့လည်း ထည့်ပေးလေ၏။

တံခါးခေါက်သံများကလည်း ဆူညံနေပြီဖြစ်သောကြောင့် ဓားကိုခပ်မြန်မြန်ယူကာ ထိုလူညွှန်ပြသော တံခါးမှတစ်ဆင့် ထွက်ပြီး ခြေဦးတည့်ရာ ပြေးလိုက်သည်။

သစ်ပင်များ၊ အဆောက်အဦများ၊ လူများကြားမှ ပြေးလွှားပြီး နောက်ကိုလည်း လှည့်လှည့်ကြည့်မိသည်။

ခဏအကြာတွင် သင်မောလာပြီး ခေါင်းကလည်း ပြန်လည် မူးဝေစပြုလာသည်။ လက်ထဲက ဓားကိုလည်း မနည်း ကိုင်ထားရပြီး ခြေများကလည်း တဒီးဒီးကျနေသည်။

နောက်ဆုံး လမ်းချိုးကွေ့တစ်ခုအရောက်တွင် ချောက်ကမ်းပါးတစ်ခုကို သတိမမူမိဘဲ ချော်လဲကာ ပြုတ်ကျသွားလေ၏။ ထို့နောက် တစ်စုံတစ်ခုနှင့် တိုက်မိပြီး သင် သတိမေ့သွားပြန်သည်။

■



## *Play the Game*



www.burmeseclassic.com

www.burmeseclassic.com

## (၁)

နောက်တစ်ကြိမ် ပြန်သတိရလာသောအခါတွင် သင်သည် မျက်နှာကြက်အခုံးဖြစ်နေသော ခန်းမကြီးတစ်ခုထဲသို့ ရောက်နေတာကို တွေ့ရသည်။ အခန်းထဲတွင် အေးစိမ့်နေပြီး အမျိုးအမည်မသိသော ကြောက်ရွံ့မှုကို ခံစားလိုက်ရသည်။

ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါတွင် မည်သူမှ မတွေ့ရဘဲ သင်တစ်ယောက်တည်းသာ အခန်းထဲတွင် ရှိနေခြင်းဖြစ်သည်။ ပြတင်းပေါက်လည်းမရှိ၊ သဘာဝအလင်းရောင်လည်း မဝင်သော အခန်းဖြစ်ပြီး နံရံပေါ်ရှိ မီးတိုင်အလင်းများဖြင့်သာ လင်းနေသော အခန်းဖြစ်သည်။ နံရံပေါ်ရှိ အရိပ်များကလည်း မီးရောင် များဖြင့် တရိပ်ရိပ်လှုပ်နေသည်။

လေထဲတွင်လည်း ဖုန်မှုန့်များကို ရှူရှိုက်မိနေပြီး အခန်းမှာ နှစ်ပေါင်းတော်တော်ကြာ အိုမင်းနေပုံပေါက်သည်။ တချို့နေရာများတွင် အက်ကွဲနေတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် အပြင်သို့ ထွက်ရာလမ်းဖြစ်ပုံရသော အမိုးမိုးထားသည့် စင်္ကြံလမ်းနှစ်လမ်းကိုလည်း တွေ့ရသောကြောင့် ကြည့်ရှုရန်အတွက် သင်၏ခြေလှမ်းများကို စလှမ်းရန်ပြင်လိုက်သည်။

ထိုစဉ် ခပ်လှမ်းလှမ်းအမှောင်ထဲမှ မီးရောင်တစ်ခုကို မြင်လိုက်ရပြီး ခြေသံအချို့ကိုလည်း ကြားလိုက်ရသည်။ ရုတ်တရက် သင် ထိတ်လန့်သွားပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။

မီးရောင်သည် သင်ရှိရာဘက်သို့ ရွေ့လျားလာပြီး ခြေသံများကလည်း တစ်ဦးတစ်ယောက်တည်း ခြေသံမဟုတ်ဘဲ လူတစ်ယောက်ထက်ပိုသည့် ခြေသံဟု သင် ထင်မိလိုက်သည်။

ခြေသံများမှာ တဖြည်းဖြည်းနဲ့ နီးလာပြီ ဖြစ်သည်။

တစ်ခုခုကိုတော့ ဆုံးဖြတ်ရတော့မည်။


သင်ဘာလုပ်မလဲ?

- **အကယ်၍ သင်က နီးစပ်ရာ စင်္ကြံလမ်းမကို အလျင်အမြန် ပြေးပြီး ပုန်းကွယ်ချင်ပါက အခန်း (၅၀) ကို ဆက်ဖတ်ပါ။**
- **ဒါမှမဟုတ် သင့်မှာပါလာသောဓားကို တင်းကျပ်စွာ ဆုပ်ကိုင် ထားပြီး ခြေသံပိုင်ရှင်များကို ခုခံမည် ဆိုပါက အခန်း (၁၅)ကို ဆက်ဖတ်ပါ။**





(ဤနေရာမှစ၍ သင်ရွေးချယ်သည့် လမ်းကြောင်းအတိုင်း ညွှန်ပြထားသည့် အခန်းများကိုကျော်ပြီး ဖတ်ရမည်ဖြစ်သည်။ အခန်းစဉ်များကို စာအုပ်ထိပ်ရှိ နံပါတ်များအား ကြည့်ခြင်းဖြင့် အလွယ်တကူ ရှာဖွေနိုင်ပါသည်။)




(၂)

သင် တစ်ခုခုကို သတိရမိလိုက်သည်။ ထိုအရာမှာ ဒီခရီးကို သင်နဲ့ သင့်ချစ်သူတို့ မထွက်လာခင် သင်က သင့်ချစ်သူကို အကြွေစေ့ပုံစံ ဆွဲပြားလေး လက်ဆောင်ဆွဲပေးတာကို သတိရလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ်. . . အဲ့ဒါ ကျွန်တော့်ချစ်သူပဲ"

"သေချာလို့လား"

"သေချာတယ်"





www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာကြီးကို ပြောချလိုက်သည်။

"ဒါဆိုရင်တော့ မလွယ်ဘူးရှင့်"

"ဟင်. . . ဘာဖြစ်လို့လဲ"

သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"ကျွန်မတို့ရဲ့ခေါင်းဆောင် ဘုရင်ကြီးက ရှင့်ချစ်သူကို ကြင်ယာမြှောက်ဖို့ စီစဉ်နေတယ်တဲ့"

"ဘာ. . ."

သင့်စိတ်ထဲမှာ ဂဏှာမငြိမ်ဖြစ်သွားပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ဖြစ်သွားသည်။ ခေါင်းထဲမှာလည်း ချာချာလည် သွား၏။ မျက်ရည်များနှင့် ဇောချွေးများ ထွက်လာပြီး-

- ''ကျွန်တော်...ဘာ... ဘာလုပ်ရမလဲ''ဟု ပြန်မေးလေသလား။ (အခန်း-၆၇)ကို ဆက်ဖတ်ပါ။ (သို့မဟုတ်)
- ''ကျွန်တော် အဲဒီဘုရင်ကြီးကို သတ်မယ်''ဟု အားလုံး ကြားအောင် အော်ပြောမလား။ (အခန်း-၁၀၅)ကို ဆက်ဖတ်ပါ။







(၃)

"အိမ်သာက ဒီဘက်မှာ မဟုတ်ဘူး"

ရဲမက်က မသင်္ကာသလို ဖြစ်သွားပြီး သင့်ကို မေးမြန်းစစ်ဆေးလေ၏။

သင်၏ အဖြေများမှာ မတိကျသောကြောင့် ရဲမက်များမှာ ပိုပြီးမသင်္ကာဖြစ်သွားကာ ဖမ်းချုပ်လိုက်လေ၏။

ထို့နောက် သူတို့၏ တရှုတ်တိုက်ဆွဲခေါ် ရာနောက်သို့ ပါသွားလေ၏။ ပြီးနောက် အခန်းတစ်ခုထဲသို့ထည့်ကာ ချုပ်နှောင်ထားလိုက်သည်။

သင်ရွေးချယ်မှုမှားသွားမှန်း အခုမှ သိလိုက်ရသည်။


မည်သို့ဆိုသော် ရဲမက်နှစ်ဦး ပြောသွားသောစကားများကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဒီလူ သူလျှိုဖြစ်မယ်ထင်တယ်"

"ဟုတ်တယ်"

"ဒါဆို သူ့ကို သတ်ပစ်မှ ဖြစ်မှာပေါ့"

"ဟုတ်တယ် ဒီမှာက သူလျှိုလို့ မသင်္ကာရင် ချက်ချင်း သတ်ပစ်ခွင့်ရှိတယ်"





www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သင်သည် အခန်းထဲတွင် စိတ်ဓာတ်ကျစွာဖြင့် ပုံလဲကျသွားလေတော့သည်။

သင့်ချစ်သူကိုလည်း နောက်ထပ် ဘယ်တော့မှ တွေ့ရတော့မည်မဟုတ်ချေ. . . ။ (The End)



(၄)

ဓားကိုလျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး ထိုလူ၏ရင်ဝကို လှမ်းထိုးလိုက်သည်။ ထိုလူက လျှင်မြန်သောအရှိန်ဖြင့် သင်၏ဓားချက်ကို ရှောင်လိုက်ပြီး ပြန်လည်တိုက်ခိုက်၏။ ထိုလူ၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားမှာ-

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| **အန်နီ** | ၈ | ၄ |



(၅)

**(ဤစာအုပ်၏ ရှေ့ဖယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားအမှတ်များသည် အန်နီ၏ အမှတ်များထက် များနေပါက အန်နီကို သင်နိုင်မည် ဖြစ်သည်၊ နည်းနေပါက သင် ရှုံးပြီ ဖြစ်သည်။)**

■ ထိုသို့ တိုက်ခိုက်၍နိုင်ခဲ့ပါက (အခန်း ၄၃ ကို ဆက်ဖတ်ပါ။)



(၅)

သင့်လက်ထဲရှိဓားကို အပေါ်မြှောက်လိုက်ပြီး အမျိုးသမီးရှိရာဆီသို့ ဦးစွာပြေးဝင်သွားလိုက်သည်။

"ချွမ်"





www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးက သူလက်ထဲရှိလေးနှင့် သင့်၏ဓားကို ရိုက်ချလိုက်ပြီး လက်ထဲက မြားတံနှင့် သင်၏လည်ပင်းကို ကျွမ်းကျင်စွာ ထောက်ထားလိုက်သည်။


ထို့ကြောင့် သင့်လက်ထဲရှိဓားကို လွှတ်ချလိုက်ရသည်။

**(လက်နက်ချလိုက်ရသောကြောင့် စာအုပ်ရှေ့တွင် ရေးဆွဲ ထားသော သင်၏ကျွမ်းကျင်မှု အကွက်တွင် (၁)မှတ်နှင့် ခံနိုင်ရည်အားတွင် (၂)မှတ်လျှော့ပါ။)**

အမျိုးသမီးက မြားတံကို သင့်လည်ပင်းနေရာသို့ ထပ်ဖိလိုက်ပြီး-

"မလှုပ်နဲ့၊ ကျွန်မတို့ မေးတာပဲဖြေ"

သင်က အချိန်ဆွဲရန်အတွက် ပါးစပ်ကနေ 'အင်း. . . အဲ' လုပ်နေသေးသည်။ ထိုအခါ အမျိုးသမီးအနောက်ရှိ လူသုံးယောက်ထဲမှ တစ်ယောက်က သင့်ကို ဝင်အော်ပြောလေ၏။ **(အခန်း-၃၃ ကို ဆက်ဖတ်ပါ။)**







(၆)

နောက်ဆုံးတွင် သင်နဲ့သင့်ချစ်သူတို့ကို ဘုရင်နှင့်တကွ တိုင်းသူပြည်သားများက မြို့ထွက်ပေါက်လမ်းအထိ လိုက်ပို့ကြလေ၏။


ဒီတစ်ခါတော့ သင်သည် သင့်ချစ်သူရဲ့လက်ကို မြဲမြဲဆုပ်ကိုင်ထားလိုက်သည်။

နောက်တစ်ခါ ခွဲခွာရပါက ဘယ်လိုမှ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ပေ။ လိုက်လံပို့ဆောင်သော ဘုရင်နှင့် တိုင်းသူပြည်သားများကို နှုတ်ဆက်လိုက်သည်။ ထို့နောက် သင်က သင်နှင့်သင့်ချစ်သူကို လိုက်ပို့မည့် ရထားလုံးပေါ်သို့ တက်လိုက်လေ၏။

ခရီးလမ်းသည် ယခုအခါ အေးချမ်းသာယာတော့မည် ဖြစ်သည်။ သင်၏ ခရီးစဉ်လည်း အောင်မြင်သွားပြီဖြစ်သည်။ **(The End) (စာအုပ်နောက်ဆုံးရှိ ရှင်းလင်းချက်ကို ဖတ်ရှုနိုင်ပါသည်။)**

(၇)

အစိမ်းရောင်ဝတ်ရုံနှင့် အမျိုးသမီးကတော့ သင့်ကို 'ကံကောင်းပါစေ'ဟု ဆုတောင်းပေးရင်း နှုတ်ဆက်ကာ ထွက်သွားလေသည်။ ထို့နောက် ဒီညကိုတော့ ဒီမြို့လေးရဲ့ တည်းခိုခန်းတစ်ခု





www.burmeseclassic.com

www.burmeseclassic.com

မှာပဲ အိပ်ရင်း ဖြတ်သန်းလိုက်သည်။

သို့သော် ဟိုတွေး ဒီတွေးနဲ့ ကောင်းကောင်းအိပ်မပျော်ခဲ့ပေ။ မနက်ကျတော့ အစောကြီး နိုးနေသည်။ ဒါနဲ့ မျက်နှာသစ်ပြီး ပါလာသော အသားခြောက် အနည်းငယ်ကို စားကာ အောက်ထပ်ကို ဆင်းလာခဲ့သည်။

အောက်ထပ်ကောင်တာရှိ လူကြီးအား-

"ဘုရင်ကြီးရဲ့ပွဲက ဘယ်တော့ စမှာလဲဗျ"

"နောက် နေတစ်ဆစ်ချိုးလောက်ဆိုရင် စပြီ"

"ဟင်. . . ဘယ်လို"

နားမလည်သောကြောင့် ပြန်မေးရသည်။

နေတစ်ဆစ်ချိုးအချိန်ဆိုသည်မှာ ယခုရောက်နေသော နေလုံးသည် သူ့နေရာကနေ အနောက်ဘက်ကို တစ်ဆစ်ချိုးရောက်ရှိမယ့် အချိန်ဟု ဆိုလိုခြင်း ဖြစ်သည်။

အချိန် (၂)နာရီခန့်လောက်လိုသေးသည် ဆိုသည့် ပုံစံပင်ဖြစ်သည်။

- တည်းခိုခန်းအပေါ်ထပ်ကို ပြန်နားပြီး စောင့်မလား။ (အခန်း-၈၀ ကို ဆက်ဖတ်ပါ။) (သို့)
- မြို့တွင်းမှာ ဟိုကြည့်ဒီကြည့် လျှောက်ကြည့်ရင်း အချိန်ဖြုန်းမလား။(အခန်း- ၉၀ကို ဆက်ဖတ်ပါ။)







(၈)

မြေကြီးပေါ်သို့ ဒူးထောက်လိုက်သည်။ ထို့နောက် သင်က အိတ်ထဲက အသားခြောက်တစ်ခုထုတ်ကာ မြေခွေးကို ကျွေးရန်အတွက် လက်လှမ်းလိုက်၏။

မြေခွေးကလည်း သင့်ကို စူးစိုက်ကြည့်ပြီး ငြိမ်နေလေသည်။ သင်က လေလေးချွန်ကာ အစာတုံးလေးကို လှမ်းပစ်ချလိုက်သည်။ မြေခွေးကလည်း သင်ပစ်ပေးလိုက်သော အစာကို ကိုက်ချီလိုက်သည်။

ထိုစဉ် အနောက်ဘက် သစ်ပင်များဆီက တလှုပ်လှုပ်ဖြစ်သွားပြီး အစိမ်းရောင် ဝတ်ရုံရှည်ဝတ်ထားသော လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရ၏။ ထိုလူသည် ဝက်သစ်ချသားနှင့်လုပ်ထားသော တုတ်ကောက်ကြီးကို တစ်ဖက်က ကိုင်ပြီး အခြားတစ်ဖက်ကလည်း တံစဉ်လိုလို အရာကို ကိုင်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူကြီး၏ အေးအေးဆေးဆေး အမူအရာကြောင့် ရန်ပြုမည့် သူတစ်ယောက်မဟုတ်မှန်း သင် ရိပ်မိလိုက်သည်။

ထိုသူက သင့်ကို ပြုံးပြပြီး-

"ကျုပ်နာမည်က ဝူဒီပါ"

ဘယ်လို နာမည်ကြီးလဲ မသိဘူးဆိုပြီး သင့်စိတ်ထဲ တွေးမိလိုက်သည်။

"ဒီတောအုပ်ကို စောင့်ရှောက်ရတဲ့သူပါ၊ အခု မင်းရဲ့ စိတ်ကောင်း စေတနာရှိမှုကို မြင်ရတဲ့အတွက် ရှေ့ခရီး အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

**(ထိုသို့ ဆုတောင်းပေးတဲ့အတွက် စာအုပ်ရှေ့တွင် ရေးဆွဲထားသော သင်၏ ကံကောင်းခြင်း ဇယားအကွက်ထဲမှာ (၁)မှတ်တိုးပါ။)**

ထိုလူကြီးက သင့်ကို ပြုံးပြပြန်၏။ ထို့နောက် ပန်းသီးလေး တစ်လုံး ထုတ်ပေးပြီး-

"ပြေးရလွှားရလို့ မောပန်းနေတယ်နဲ့တူတယ်၊ ဒါလေး စားလိုက်ပါ၊ ဒီပန်းသီးက ဒီတောအုပ်ထဲမှာပဲ သီးတာ၊ အားဖြစ်စေတယ်"

သင်က ထိုပန်းသီးကို မငံ့မရဲနဲ့ လှမ်းယူလိုက်သည်။ ထို့နောက် တစ်ကိုက် ကိုက်စားလိုက်၏။ ထိုလူကြီးပြောသလိုပဲ





သစ်သီးကို စားလိုက်သောကြောင့် လန်းဆန်းသွားပြီး၊ ချက်ချင်း အားပြည့်သွားသလို ခံစားလိုက်ရသည်။

**(စာအုပ်ရှေ့တွင် ရေးဆွဲထားသော ဇယားကွက်ထဲရှိ သင်၏ ခံနိုင်ရည်အား အကွက်တွင် (၄)မှတ်တိုးပါ။)**

"ကျေးဇူးတင်ပါတယ်"

ထိုသို့ပြောပြီးနောက် ရှေ့ဆက်ခရီးထွက်ရန်အတွက် နှုတ်ဆက်လိုက်သည်။ ထိုလူကြီးကလည်း ခရီးလမ်း အောင်မြင်ပါစေကြောင်း ဆုတောင်းပေး၏။ **(အခန်း- ၇၀ ကို ဆက်ဖတ်ပါ။)**



(၉)

တောင်ကုန်းနားသို့ ရောက်ခါနီးတွင် သင်၏ ခြေထောက်သည် လွန်စွာလေးလံနေပြီး နာကျင်မှုများလည်း အပြင်းအထန် ဖြစ်ပေါ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံး၊ ကျောက်ခဲများကြားကနေ မရပ်မနား ပြေးလွှားခဲ့ရသောကြောင့် ခြေထောက်များလည်း ပေါက်ပြဲနေပြီ ဖြစ်သည်။

ပြေးသည့်အချိန်မှာလည်း တဖြည်းဖြည်းနှင့် နှေးလာပြီး ဆက်မပြေးနိုင်တော့လောက်အောင် မောပန်းနေပြီဖြစ်သည်။

နောက်ဘက်ကို လှည့်ကြည့်လိုက်သည်။ တောင်ဘက်က လာသော အဖွဲ့နှင့် မြောက်ဘက်ကလာသော အဖွဲ့မှာ တစ်နေရာတွင် သွားဆုံမိကြပြီး သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။

မြောက်ဘက်အဖွဲ့သည် တောင်ဘက်အဖွဲ့ထက် လူနည်းသော်လည်း တိုက်ခိုက်မှုများမှာ တောင်ဘက်အဖွဲ့ထက် သာလေသည်။

တောင်ဘက်အဖွဲ့မှာ တစ်ယောက်ပြီးတစ်ယောက် အတုံးအရုန်း ကျဆုံးနေလေသည်။

တကယ်လို့များ သင်သည် ထိုအဖွဲ့များထဲမှ တစ်ဖွဲ့ဖွဲ့နဲ့ တိုက်ခိုက်မည်ဟု ဆုံးဖြတ်ခဲ့ပါက အခုလို နေရာတောင် ရောက်လာမည်မထင်။ ထိုနေရာမှာပင် သူတို့ဓားချက်များဖြင့် အသက် ဆုံးရှုံးရနိုင်သည်။





ထို့နောက် သင်သည် တောင်ကုန်းကို ဖြတ်ကျော်ပြီးနောက် စိမ်းလန်းပြီး ကောက်ပင်ပျိုးပင်များ အစီအရီ ပေါက်နေသော တောင်ကြားလွင်ပြင်ကို တွေ့လိုက်ရသည်။

(အခန်း - ၁၀၇ ကို ဆက်ဖတ်ပါ။)



(၁၀)

စမ်းချောင်းလေးသည် စိမ်းလန်းစိုပြည်သော မြက်ခင်းပြင်ရှိရာစီသို့ ဆက်လက်စီးဆင်းနေသည်။

စမ်းချောင်းလေးအတိုင်း လမ်းလျှောက်လာခဲ့ရာ ကျယ်ပြန့်လှသော မြက်ခင်းလွင်ပြင်ကြောင့် စိတ်ရွှင်လန်းမှု အနည်းငယ် ဖြစ်ပေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

လေကောင်းလေသန့်နှင့်အတူ ပါရှိလာသော မျှော်လင့်ချက်တွေကြောင့် စိတ်ဓာတ်တက်ကြွလာသည်။

ချစ်သူ. . .။

ဘယ်ရောက်နေမှန်း မသိသော်လည်း စိတ်ထင်မြင်မှုလေလား မသိ. . . သူ့အသံများ ကြားယောင်နေမိသည်။

နောက်က လိုက်လာနေသူများမှာလည်း မျက်ခြည်ပြတ်ကျန်ရစ်နေလောက်ပေပြီ. . .။

သင် အခု ဘာဆက်လုပ်မလဲ။

ကွင်းပြင်ကြီး. . .။ ဘယ်သွားရမှန်းမသိ. . .။

သင့်စိတ်ထဲမှာ တောင်တွေကို ကျော်လိုက်ရင် အစိမ်းရောင် မြို့တော်ကို တွေ့မြင်ရလိမ့်မြင်မည်ဟု ထင်ထားခဲ့သမျှ အခုတော့ ဘာဆိုဘာမျှ မတွေ့ရချေ။

ထိုစဉ်-

အဝေးက ဖုန်လုံးကြီး လိမ့်လာသည်ကိုကြည့်ပြီး သင့်အတွေးများ ပြတ်တောက်သွားသည်။

ဘာများပါလိမ့်. . .။

သင် ကြောင်ပြီးရပ်ကြည့်နေစဉ်မှာပင် ဖုန်များထဲကနေ မြင်းစီးသမား ဆယ့်နှစ်ယောက်ခန့် ထွက်ပေါ်လာသည်ကို တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ထိုမြင်းစီးသမား ဆယ့်နှစ်ယောက်သည် သင့်ထံသို့ ဦးတည်ပြီး ဒုန်းစိုင်းစီးလာကြ၏။

သင်ဘာမှ မလှုပ်ရှားခင်မှာပဲ ထိုမြင်းစီးသမား (၁၂)ယောက်သည် သင့်နားသို့ ရောက်ရှိလာပြီး စက်ဝိုင်းပုံသဏ္ဍာန် ဝိုင်းလိုက်ကြသည်။

သင်ကတော့ လက်ထဲကဓားကို မြဲမြဲကိုင်ထားသည်။ သို့သော် တစ်ချိန်လုံး ပြေးသွားနေရခြင်းတို့ကြောင့် ခွန်အားများ ဆုံးရှုံးနေပြီး ဘာမှမလုပ်ချင် မကိုင်ချင်ဘဲ ဖြစ်နေလေသည်။

အနီးကပ်ကြည့်လိုက်သောအခါ မြင်းစီးသမားများမှာ မိန်းမများဖြစ်နေပြီး သင့်ကို တိုက်ခိုက်သော ရဲမက်ဝတ်စုံများနှင့် အနည်းငယ်သာ ကွဲပြားသည်။

"ရှင်က ဘယ်သူလဲ. . . ဒီမှာ ဘာလုပ်နေတာလဲ"

ခေါင်းဆောင်ဖြစ်ပုံရသော တစ်ယောက်က ဓားကို သင်ရှိရာသို့ ချိန်ထားပြီး စမေးသည်။ ထိုအခါ သင်က-

- ■ သင့်ချစ်သူကို ဖမ်းထားသည့် နေရာအား လမ်းညွှန်ကူညီဖို့ ပြောမလား။ (အခန်း-၆၉ ကို ဆက်ဖတ်ပါ)
- ■ အခြားမြို့က လာခဲ့တာပါ ပြောမလား။(အခန်း-၂၈ ကို ဆက်ဖတ်ပါ။) ဒါမှမဟုတ်-





- ■ ရန်သူတွေက သင့်ကို တိုက်ခိုက်လို့ ရှောင်ပြေးရင်း ဒီကိုရောက်လာတာလို့ ပြောမလား။ (အခန်း- ၈၉ ကို ဆက်ဖတ်ပါ။)
- ■ စွံ့အ၊ နားမကြားတဲ့ ပုံစံဟန်ဆောင်မလား။ (အခန်း-၃၉ ကို ဆက်ဖတ်ပါ။)
- ■ အစိမ်းရောင်မြို့တော်ကို လမ်းကြုံလိုက်လိုကြောင်း ပြောမလား။ (အခန်း-၁၁ ကို ဆက်ဖတ်ပါ။)



(၁၁)

"ကျွန်တော့်ချစ်သူကို ဖမ်းထားတဲ့ အစိမ်းရောင်မြို့ကို ခေါ်သွားပေးပါ"

ခေါင်းဆောင်အမျိုးသမီးက မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"မင်းပြောတဲ့အတိုင်း ငါတို့ လုပ်ရအောင် မင်းက ဘာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

“မ. . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ချစ်သူကို. . .”

“တော်တော့. . . ဘာမှမပြောနဲ့. . .”

သင်က စကားပင် ဆုံးအောင် မပြောလိုက်ရဘဲ ရပ်သွားရသည်။


ထို့နောက် ခေါင်းဆောင် အမျိုးသမီးက သူမဘေးနားရှိ မြင်းပေါ်က အမျိုးသမီးအချို့နှင့် တီးတိုး တီးတိုး ပြောနေလေသည်။

ပြီးနောက် သင့်ဘက်လှည့်ပြီး-

“ရှင့်ကို ကျွန်မတို့ မိဖုရားကြီးဆီ ခေါ်သွားရမယ်၊ ဒီတော့ ဗီရာရဲ့ မြင်းပေါ်ကို ရှင်တက်လိုက်ပါ”

မြင်းပေါ်က အမျိုးသမီးတစ်ယောက်ကို ညွှန်ပြပြီး ပြောသည်။

“ဒါပေမဲ့. . . ရှင့်လက်နက်ကိုတော့ ကျွန်မတို့လက်ကို အပ်ထားရမယ်” (**အခန်း-၄၇ ကို ဆက်ဖတ်ပါ။**)







## (၁၂)

ဈေးဆိုင်တန်းများတစ်လျှောက် ဆက်လျှောက်လာခဲ့ရာ တချို့ဆိုင်များမှာ ဆိုင်ပိတ်စ ပြုနေပြီဖြစ်သည်။ မိုးကောင်းကင်ကို ကြည့်လိုက်သောအခါ နေမှာအနောက်ဘက်သို့ တော်တော် စောင်းနေပြီဖြစ်သည်။

လူများသည်လည်း ပစ္စည်းများဆွဲလျက် အိမ်ကို ပြန်နေကြပြီဖြစ်သည်။

ထိုစဉ် သင့်ရှေ့ ခပ်လှမ်းလှမ်းဆီသို့ ရထားလုံးတစ်စီး ရပ်လိုက်တာကို တွေ့လိုက်ရသည်။


ရထားလုံးမှာ မြင်းနှစ်ကောင်တပ်ဖြစ်ပြီး ရထားအိမ်မှာ တံခါးများဖြင့် သပ်သပ်ရပ်ရပ်ဖြစ်သည်။ သို့သော် လိုက်ကာစများ ကာရံထားသောကြောင့် အထဲကိုမမြင်ရချေ။

“ကျွီ”

ထိုစဉ် တံခါးပွင့်သွားပြီး လူတစ်ယောက်ဆင်းလာ၏။

ဦးထုပ်ရှည်ဆောင်းထားပြီး ဝတ်ရုံရှည်လည်း ဝတ်ထားလေသည်။ ခါးတွင် ဓားတစ်လက် ဆွဲထားပြီး မျက်နှာသွင်ပြင်ကိုတော့ မှန်းဆလို့မရပဲ ဖြစ်နေလေသည်။

ထိုလူသည် သင်ရှိရာသို့ လျှောက်လှမ်းလာပြီး သင့်ရှေ့တွင်





www.burmeseclassic.com

www.burmeseclassic.com

ရပ်လိုက်၏။ ထို့နောက် လေသံခပ်မာမာဖြင့်-

"ကျုပ်က အန်နီပါ။ သင့်ဆီမှာရှိတဲ့ ကျောက်တုံးတံဆိပ်ကို လာယူတာပါ"ဟု ပြောလိုက်လေ၏။

ထိုလူ၏ သွင်ပြင်မှာ ကြမ်းတမ်းလှသောကြောင့် သင့်မှာ ကြက်သီးထသွား၏။ ထို့နောက်-

- ■ သင့်မှာရှိတဲ့ ကျောက်တုံးတံဆိပ်ကို ပေးလိုက်မလား၊ (ရှိခဲ့ရင်ပေါ့) (အခန်း-၇၉ ကို ဆက်ဖတ်ပါ။)
- ■ သူ့ကို ချက်ချင်းပဲ တိုက်ခိုက်မလား၊ (အခန်း-၄ ကို ဆက်ဖတ်ပါ။)
- ■ သင့်မှာ အဲဒီတံဆိပ် မရှိဘူးလို့ ပြောမလား၊ (အခန်း- ၁၁၉ ကို ဆက်ဖတ်ပါ။)







## (၁၃)

"ဗိုက်. . . ဗိုက်နာပြီး အိမ်သာတက်ချင်လို့ပါ"


ရဲမက်များမှာ သင့်စကားကို သံသယဖြစ်သွားကြ၏။

ဤတွင် ဖြစ်ပေါ်လာမည့် အခြေအနေသည် သင်၏ ကံကောင်းမှုအပေါ်တွင် မူတည်နေသည်။ ထို့ကြောင့် ယခုအချိန်တွင် သင်၏ ကံဇာတာ (ကံကောင်းခြင်း)ကို စမ်းသပ်ကြည့်ရန် ဖြစ်သည်။

(စမ်းသပ်ရန်- ဤစာအုပ်၏ ညာဘက်စာမျက်နှာ အောက်ဘက်ရှိ အန်စာတုံးများကို ကျပန်းလှန်ပြီးနောက် ရရှိလာသော အန်စာတုံးနှစ်ခု နံပါတ်များကို ပေါင်းပါ။ အန်စာတုံး နှစ်ခု ပေါင်းနံပါတ်သည် စာအုပ်ရှေ့တွင် ရေးဆွဲထားသော သင်၏ ကံကောင်း ခြင်းအကွက် ဇယားထဲရှိနံပါတ်နှင့် (တူညီနေ) သို့ (လျော့ နည်းနေ)ပါက သင် ကံကောင်းသည် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ သင့်ရှေ့ကရှိခဲ့ပြီးသော နံပါတ်ထက် များနေပါက သင် ကံမကောင်းဟု သတ်မှတ်မည် ဖြစ်သည်။)

ထိုသို့ စမ်းသပ်ပြီး-

- ■ ကံကောင်းခဲ့ပါက (အခန်း- ၁၀၂ ကို ဆက်ဖတ်ပါ။)
- ■ ကံမကောင်းခဲ့ပါက (အခန်း- ၃ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

ရှေ့ကလူ ပြီးသွားသောအခါ သင့်လက်ထဲရှိ ဟင်းခွက်ထဲမှဟင်းကို ဘုရင်ကြီးက အနည်းငယ်ယူပြီး မြည်းစမ်းကြည့်သည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ဟုပြောသည်။

အနီးကပ်ကြည့်မှပင် ဘုရင်ကြီးသည် ဥပဓိရုပ်ကောင်းသောသူတစ်ဦးဖြစ်သည်။ သို့သော်လည်း ယခုအချိန်မှာ မိမိ၏ ရန်သူဖြစ်သောကြောင့် ချက်ချင်းပင် တစ်ခုခုလုပ်ရန်အတွက် စိတ်ထဲမှာကြံဆလိုက်သည်။

ထိုစဉ် ကပ်လိုက်လာသောသူက သင် ကြာနေသောကြောင့် အနောက်ကနေ လေသံတိုးတိုးဖြင့် လှမ်းသတိပေးသည်။

"မြန်မြန်သွားလေ"

"ဟုတ်. . . ဟုတ်ကဲ့"

ဤသို့ဖြင့် နောက်ဆုံးတွင် သင့်ချစ်သူရှေ့သို့ ရောက်လာခဲ့သည်။ သင့်ချစ်သူက အပေါ်သို့မော့မကြည့်ဘဲ ဟင်းခွက်ထဲကဇွန်းကို ယူပြီး ခပ်လိုက်သည်။ ထို့နောက် မြည်းကြည့်ပြီး ပန်းကန်ထဲသို့ ဇွန်းကို ပြန်ထည့်သည်။



". . . . . . . ."

သူမ နာမည်ကို တိုးတိုးလေး ခေါ်လိုက်သည်။

သင့်ချစ်သူမှာ တအံ့တသြဖြစ်သွားပြီး အပေါ်ကို မော့ကြည့်လေ၏။

"ဟင်. . ."

ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ ကြည်နူးခြင်း စသည့် မဖော်ပြနိုင်သော ခံစားမှုမျိုးစုံ ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

ထို့နောက် မျက်ရည်များ ဝဲတက်လာကာ-

"မောင်"

ဟု အော်ခေါ်ပြီး မတ်တတ်ရပ်လိုက်လေ၏။ **(အခန်း-၃၂ ကို ဆက်ဖတ်ပါ။)**

## (၁၅)

ခြေသံများမှာ တဖြည်းဖြည်းနဲ့ နီးလာပြီဖြစ်သည်။ သင်က သင့်လက်ထဲရှိဓားကို မြဲမြဲဆုပ်ကိုင်ထားပြီး လာမယ့်ဘေးကို ပြေးတွေ့ရန် ပြင်ဆင်ထားလိုက်၏။

ထိုစဉ် မိုးခြိမ်းသံလို အသံတစ်သံကြားလိုက်ရပြီး အခန်းထဲတွင် တုန်လှုပ်သွားလေသည်။



www.burmeseclassic.com


www.burmeseclassic.com



ဖုန်များ၊ သဲများ လွင့်စင်လာသောကြောင့် မျက်နှာကို လက်နှင့် ကာထားလိုက်ရပြီး အသံထွက်ပေါ်လာသည့်နေရာကို ကြည့်လိုက် သည်။

စကြီးလမ်းမနှစ်ခုပေါ်ရှိ အမိုးများနှင့် ကျောက်တုံးများ ပြိုကျ လာခြင်းဖြစ်သည်။

သွားပြီ. . .။ အခန်းထဲမှ ထွက်ရာလမ်းနှစ်ခု ပိတ်သွားပြီဖြစ်သည်။ **(အခန်း- ၂၀ ကို ဆက်ဖတ်ပါ။)**



(၁၆)

"မင်းက မင်းရဲ့ချစ်သူကို ရှာနေတာ ဟုတ်လား. . ."

အမျိုးသမီးကြီးက သင့်ကို မယုံကြည်စွာနဲ့ ပြန်မေးသည်။

"ဟုတ်ပါတယ်"

ကျန်တဲ့ အမျိုးသားသုံးယောက်ကလည်း သင့်ကို စူးစူး စိုက်စိုက်နဲ့ ကြည့်နေကြသည်။





"သူလိမ်နေတာဖြစ်မယ်"

တစ်ယောက်က အော်လိုက်သောကြောင့် အားလုံးမှာ ရှေ့ကို တစ်လှမ်းတိုးလာကြ၏။ သင်က ကြောက်ကြောက်လန့်လန့်နဲ့ နောက် တစ်လှမ်းဆုတ်လိုက်သည်။

"မှန်မှန်ပြောစမ်း၊ မင်းဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ၊ မင်းက ငါတို့နောက်ကို လိုက်နေတဲ့ ဒီမြို့က သူလျှိုမှတ်လား"

"ဟင်"

သင့်မှာ ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားပြီး နောက်-

- **အဖြစ်အပျက်အမှန်ကို ရှင်းပြလိုက်မလား။ (အခန်း - ၃၁ ကို ဆက်ဖတ်ပါ။)**
- **'ခင်ဗျားတို့နဲ့ဘာဆိုင်လဲ'လို့လဲဆိုပြီး ပြန်မေးမလား။ (အခန်း - ၃၃ ကို ဆက်ဖတ်ပါ။)**

(၁၇)

သစ်ပင်နား၌ အခြေအနေကို ရပ်ကြည့်နေချိန်တွင် သင့် ရှေ့ကနေ ကလေးလေးတစ်ယောက် ဖြတ်ပြေးသွားတာကို တွေ့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် အကြံတစ်ခုရသွားပြီး-

"ဟော့. . . ကလေး၊ ကလေး. . . လာပါဦးကွ"

သင်ခေါ်လိုက်သောကြောင့် ကလေးမှာ ပြေးနေရာမှ ရပ်သွားပြီး သင့်ကို လှည့်ကြည့်သည်။

"ဘာလဲဗျ"

ကလေးက နည်းနည်း သွက်ပုံရသည်။

"လာပါဦးကွ ဒီကို"

ကလေးက သင့်နားကို မယုံမကြည်ပုံစံနဲ့ တိုးလာ၏။

"ဘယ်သွားမလို့လဲ"

သင်က မေးလိုက်သည်။

"အဒေါ့်ဆီ သွားမလို့"

"ဟင်. . . အဒေါ်က ဘယ်မှာမို့လို့လဲ"

"ဒီထဲမှာ"

ဟင်းပွဲများစီစဉ်ရာ အဆောက်အဦကို လက်ညှိုးထိုးပြသည်။

သင်က ဝမ်းသာအားရဖြစ်သွားပြီး-

"ဦးကို တစ်ခုကူညီပါလား"

"ဘာကူညီရမှာလဲ"

ကလေးက စိတ်ရှည်တဲ့ပုံစံ မပေါ်တော့ချေ. . .။



ထို့ကြောင့်-

"ဦးကို ကူညီရင်. . . ဦးမှာရှိတဲ့ အသားခြောက်တွေ အကုန်ပေးမယ်. . . ဘယ်လိုလဲ"

သင်က အိတ်ထဲမှာပါသော အသားခြောက်အကုန်လုံးကို ထုတ်ပြလိုက်သည်။

ကလေးက သင့်လက်ထဲတွင်ရှိသော အသားခြောက်ကို ကြည့်လိုက်၊ သူ့အဒေါ်ရှိသည့်နေရာ အဆောက်အဦကိုကြည့်လိုက်နှင့် လုပ်နေသေးသည်။

ထို့နောက် ဆတ်ခနဲဆိုသလို အသားခြောက်များကို လှမ်းယူလိုက်ပြီး-

"ပေး. . .၊ အခုလည်း ဗိုက်ဆာလို့ အဒေါ်ဆီမှာ သွားတောင်းစားမလို့၊ ဒါပေမဲ့ သူ့ဆီသွားရင် အသီးအရွက် အစုတ်တွေပဲရမှာ၊ သားက အသားစားချင်တာ"

ဟု ဆိုပြီး အသားခြောက်များကို သူ့အိတ်ထဲသို့ အတင်းသွင်းနေလေသည်။

ပြီးမှ-

"ကဲ. . . ဘာလုပ်ပေးရမှာလဲ"

သင်က အဆောက်အဦရှေ့မှာ ရပ်စောင့်နေတဲ့ အစောင့်ကို လက်ညှိုးထိုးပြလိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com

"ဟိုရဲမက်ကို တွေ့လား"

"အင်း. . . တွေ့တယ်"

"သူ့ဆီကို အနီးကပ်သွားခဲနဲ့ပစ်ပြီး ထွက်ပြေးရုံပဲ"

"အဲဒါ. . . သား သူ့ကို လုပ်နေကျပဲဥစ္စာ"

"အေး. . . အေး. . . ဒါဆိုလည်း ကောင်းတာပေါ့"

ထိုသို့ပြော ပြီးပြီးချင်းပဲ ကလေးလေးက ပြေးထွက်သွားသည်။ ထို့နောက် လမ်းမှာတွေ့တဲ့ ခဲတစ်လုံးကို ကောက်ကာ အစောင့်ရှိရာဆီသို့ လှမ်းပစ်လိုက်၏။

"ခွပ်"

အစောင့်ရဲ့ ခါးနေရာကို သွားထိသည်။

အစောင့်က လှည့်ကြည့်လိုက်ရာ ကလေးကို တွေ့သွားပြီး-

"အာ. . . ဒီကောင်က လုပ်ပြန်ပြီ"

ဟုဆိုကာ ကလေးကို ခြောက်လှန့်သည့်ပုံစံဖြင့် ကလေးရှိရာသို့ ပြေးသွား၏။

ကလေးက ထွက်ပြေးသည်။ အစောင့်က ကလေး ထွက်ပြေးရာသို့ တော်တော်လေး ပြေးလိုက်သွားသေးသည်။

ထိုအချိန်ကို သင်က အခွင့်ကောင်းယူပြီး အဆောက်အဦထဲသို့ ပြေးဝင်လိုက်လေသည်။ **(အခန်း- ၈၁ ကို ဆက်ဖတ်ပါ။)**





(၁၈)

လက်ထဲက ပန်းကန်ကို လွှတ်ချလိုက်ပြီး သင့်ချစ်သူရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားပြီး လက်ကို ဆွဲလိုက်သည်။

ရုတ်တရက်ဖြစ်သောကြောင့် ဘေးနားက ရဲမက်များနှင့် အတူ အားလုံးမှာ ကြောင်တောင်တောင်ဖြစ်သွားပြီး သတိလက်လွှတ် ငေးကြည့်နေကြလေသည်။ **(အခန်း- ၃၂ ကို ဆက်ဖတ်ပါ။)**

(၁၉)

ခဏအကြာတွင် ခြေသံများ ကြားလိုက်ရပြီး နားထဲမှာလည်း တဝီဝီအသံများ ကြားလိုက်ရသည်။

"ဒုတ်. . . ဒုတ်"

"ဟင်"

ဘာသံတွေပါလိမ့်. . .။ သေချာနားထောင်လိုက်သော အခါမှသာ ချုပုတ်များကို ဓားနဲ့လိုက်ခုတ်နေသော အသံ ဖြစ်ကြောင်း သိလိုက်ရသည်။

သင် ချုံပုတ်ထဲမှာ ပုန်းနေတာကို ရိပ်မိသောကြောင့် ချုံပုတ်များကို လိုက်ခုတ်ရင်း ရှာဖွေနေပုံရသည်။ ဒီအတိုင်းဆိုရင် မဖြစ်တော့. . .။



www.burmeseclassic.com

www.burmeseclassic.com

ပုန်းအောင်းနေရင်း ဓားနဲ့ခုတ်ခံရနိုင်သည်။ အဲဒီလိုတော့ အဖြစ်မခံနိုင်. . .။ ထို့ကြောင့် ဓားကို ဆွဲထုတ်ရင်း သူနိုင်ကိုယ်နိုင် တိုက်ခိုက်ရန်အတွက် ချုံပုတ်ထဲ ပုန်းအောင်းနေရာမှ ခုန်ထွက်လိုက်သည်။

“ဟာ”

တွေ့လိုက်ရသော မြင်ကွင်းကြောင့် မှားသွားမှန်း သိလိုက်ရသည်။

မည်သို့ဆိုသော် သင်ထင်ထားသလို ရဲမက်မှာ တစ်ဦးတည်း မဟုတ်တော့ပဲ စုစုပေါင်း (၆)ဦး ဖြစ်နေတာကို တွေ့ရပြီး သင့်ကို မြင်လိုက်ကြသောအခါတွင် ရဲမက်တစ်ဦးက သူ့လက်ထဲတွင် ကိုင်ထားသော လှံနှင့် လှမ်းပစ်လိုက်သည်။

“အ. . .”

အံ့သြနေသောကြောင့် ရှောင်ချိန်မရလိုက်ပဲ လှံတံက ရင်ဝကို စိုက်မိသွားသည်။

“ဒုတ်”

နောက်လှံတစ်စင်း. . .။

“အား. . .”

မြေပြင်ပေါ်သို့ လဲကျသွားသည်။

မခံမရပ်နိုင်အောင် နာကျင်နေပြီး မျက်လုံးများ ပြာဝေ



သွားသည်။ ထို့နောက် သင့်ပေါ်ကနေ အုပ်မိုးပြီး ကြည့်နေသော ရဲမက်များထဲက တစ်ယောက်က သင့်ရင်ဝဆီသို့ ဓားနဲ့ ထောက်လိုက်တာကို ခံစားသိလိုက်ရပြီးနောက် အသိမဲ့သွားလေသည်။

ဘေးနားမှာ စီးဆင်းနေတဲ့ စမ်းချောင်း. . .။

ထိုဘေးနားမှာ လွင်ပြင်ကျယ်တစ်ခု. . .။

လွင်ပြင်ကျယ်ပေါ်မှာတော့ လူတစ်ယောက် လဲလျောင်းနေပြီး သွေးစက်တို့ ပြည့်နှက်နေသည်။

ထိုစဉ်ငှက်တစ်ကောင်က ထိုလူပေါ်သို့ နားလိုက်သော်လည်း ထိုလူမှာ တုပ်တုပ်မှပင် မလှုပ်နိုင်တော့. . .။ သူသေဆုံးသွားလေပြီ. . .။

သူ့ချစ်သူနဲ့ တွေ့ဖို့လည်း ဝေးခဲ့လေပြီ. . .။ **(The End)**





www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

သင်က သူတို့ကို တိုက်ခိုက်ရန်အတွက် ဆုံးဖြတ်လိုက်သည်။ သို့သော် အခွင့်မသာသေးသောကြောင့် ခဏငြိမ်နေလိုက်ရပြီး သူတို့မြင်းနဲ့အတူ မြို့တွင်းသို့ ဝင်လာခဲ့လိုက်၏။

မြို့မှာ ကျယ်ဝန်းသော မြို့ကြီးဖြစ်ပြီး ဈေးဆိုင်များ၊ လမ်းများ၊ မြို့သူမြို့သားများနှင့် စည်ကားလှသော မြို့ဖြစ်သည်။

တစ်ချို့က ဈေးဝယ်နေကြပြီး၊ တစ်ချို့ကတော့ စကားတပြောပြောနှင့် လိုရာခရီးကို သွားနေကြလေသည်။

လူကြီး၊ လူငယ်၊ မိန်းမပျိုများ စုံလင်သည်။ ထိုမြင်ကွင်းကို ကြည့်ပြီးနောက် သင့်မှာ မှင်သက်သွားလေ၏။

ထို့ကြောင့်-

- **သူတို့ကို ပြန်တိုက်ခိုက်မည့် အစီအစဉ်ကို ပြောင်းမလား၊**
  **(အခန်း- ၇၄ ကို ဆက်ဖတ်ပါ။)**
- **တိုက်ခိုက်မည့်အစီအစဉ်ကို ဆက်လုပ်မလား၊**
  **(အခန်း- ၅၁ ကို ဆက်ဖတ်ပါ။)**



BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



## (၂၁)

"ဟင်"

အမျိုးသမီးတစ်ယောက်ကို ဦးစွာတွေ့လိုက်ရသည်။ သံကြိုးကွင်းများ ရှုတ်ရှက်ခတ်နေသော စစ်ဝတ်တန်ဆာလို ဝတ်စုံမျိုး ဝတ်ထားပြီး လက်ကလည်း မြားလိုလက်နက်မျိုး ကိုင်ဆောင်ထား၏။

သင် အထိတ်တလန့်နဲ့ တအံ့တဩရှိနေတုန်းမှာပဲ သူမ နောက်ကနေပြီး ယောကျ်ားသုံးယောက် ပြုန်းခနဲ ပေါ်လာလေသည်။

တစ်ယောက်က လွန်စွာလေးလံပုံရသော ဓားရှည်တစ်ချောင်းကို ကိုင်ဆောင်ထားပြီး အဝတ်အစားများကလည်း ရှေးခေတ် စစ်သည်လိုပုံစံမျိုး ဝတ်ထားလေသည်။

နောက်တစ်ယောက်ကတော့ ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားပြီး ရွှေနဲ့ငွေပါသော ဆွဲကြိုးမြောက်များစွာကိုလည်း လည်ပင်းတွင် ဆွဲထား၏။

မျက်နှာပုံစံကလည်း ကြောက်စရာကောင်းလောက်အောင် ဖြစ်နေလေသည်။

နောက်ဆုံးတစ်ယောက်ကတော့ ခါးတွင် သံကြိုးများ ချည်ကာ မည်သည့်လက်နက်မှန်းမသိသော လက်နက်ကို ကိုင်ထားသည်။

"သင်ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီရောက်နေတာလဲ"



အမျိုးသမီးဆီမှ ကျယ်လောင်သော အသံဖြင့် လှမ်းမေးလိုက်သောကြောင့် သင် ခြေလှမ်းနှစ်လှမ်းခန့် နောက်ဆုတ်သွားလေသည်။

"ကျွန်... ကျွန်တော် ... ဘယ်ရောက်နေတာလဲ"

တကယ်လည်း သင်သည် အိပ်မက်မက်နေသလို အံ့ဩနေ၏။

ရှေးခေတ် အဝတ်အစားများနှင့် စစ်သည်ပုံစံများ၊ တိုက်ခိုက် ရေးပုံစံများကြောင့် အံ့ဩနေခြင်းဖြစ်သည်။

"မေးနေတယ်လေ၊ မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီရောက်နေတာလဲ"

သူမက ဒေါသတကြီးဖြင့် နောက်တစ်ခါထပ်မေး၏။ ဒီတစ်ခါ တော့ သင်ဖြေမှဖြစ်မည်။

■ အခြားမြို့ကလာတဲ့လူပါလို့ ပြောမလား။
(အခန်း - ၅၉ ကို ဆက်ဖတ်ပါ။)

■ သင့်ချစ်သူကို လိုက်ရှာနေတာလို့ပြောမလား။
(အခန်း - ၁၆ ကို ဆက်ဖတ်ပါ။)

■ စဉ်းစားလို့ရအောင် အချိန်နည်းနည်းဆွဲထားမလား။
(အခန်း - ၃၃ ကို ဆက်ဖတ်ပါ။)

■ အဲဒီလူတွေကို သင်ကပဲ စတိုက်ခိုက်မလား။
(အခန်း - ၅ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

ရေထဲကို လက်မနှစ်ခင်မှာဘဲ ထူးဆန်းသော အရာတစ်ခုကို သင်သတိပြုမိလိုက်သည်။

သစ်စေးများသည် သင့်လက်ပေါ်က ပြေးရင်းလွှားရင်း ရခဲ့သော ဒဏ်ရာအချို့ကို ပျောက်ကင်းအောင် လုပ်လိုက်ခြင်းပင် ဖြစ်သည်။

"ထူးဆန်းလိုက်တာ"

နှုတ်က ရေရွတ်လိုက်မိပြီး ထိုသစ်စေးများကို သစ်ပင်ကနေ ထပ်ယူကာ တစ်ကိုယ်လုံး သုတ်လိမ်းလိုက်၏။

သောက်ရင် မူးမော်နိုင်ပြီး လိမ်းရင် ဒဏ်ရာများ ပျောက်စေသော သစ်စေးတစ်မျိုးပါလား။

**(ရှေ့ရှိ သင့် ဇယားတွက်တွင် ခံနိုင်ရည်အား အကွက်၌ (၄)မှတ် ထပ်တိုးပါ။)**

လက်ပေါ်က သစ်စေးအချို့ကိုတော့ လက်ပေါ်မှာပဲ သုတ်ချလိုက်သည်။ **(အခန်း- ၇၈ ကို ဆက်ဖတ်ပါ။)**






(၂၃)

ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်လိုက်ပြီး ထိုလူ၏ ရင်ဝကို လှမ်းထိုးလိုက်သည်။ ထိုလူက လျင်မြန်သောအရှိန်ဖြင့် သင်၏ ဓားချက်ကို ရှောင်လိုက်ပြီး ပြန်လည်တိုက်ခိုက်၏။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| ဝတ်ရုံနှင့်လူ | ၈ | ၆ |

**(ဤစာအုပ်၏ ရှေ့ဇယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အား အမှတ်များသည် ဝတ်ရုံနှင့်လူ၏ အမှတ်များထက် များနေပါက သင်နိုင်မည်ဖြစ်သည်၊ နည်းနေပါက သင်ရှုံးပြီ ဖြစ်သည်၊)**

■ **နိုင်ခဲ့ပါက အခန်း- ၄၃ ကို ဆက်ဖတ်ပါ။**







www.burmeseclassic.com

www.burmeseclassic.com

(၂၄) (၂၅)

## (၂၄)

သင်သည် သင့်ချစ်သူအပေါ် ရက်စက်သည့် သူတစ်ဦး ဖြစ်သွားပြီ ဖြစ်သည်။ အစိမ်းရောင်ဝတ်ရုံနှင့် အမျိုးသမီးက လည်း သင့်ကို အထင်သေးသွားပြီး သင့်ရှေ့ကနေ ထွက်ခွာသွား လေ၏။

သင်ဒီလမ်းကို ရွေးချယ်ခဲ့ပြီး သင်ချစ်သူကိုကယ်ဖို့ မကြိုး စားခဲ့သောကြောင့် ဤနေရာတွင်ပင် ပြီးဆုံးသွားပြီဖြစ်သည်။

သင့်ချစ်သူကလည်း သူမကို လာကယ်ဖို့ အခွင့်အရေး ရှိသော်လည်း လာမကယ်သော သင့်ကို တစ်သက်လုံး မုန်းသွားပြီ ဖြစ်သည်။ **(The End)**

## (၂၅)

"ဒီမှာနေခဲ့၊ ကျုပ်မင်းကို ကျောက်တုံးတွေနဲ့ ကွယ်ပေးခဲ့မယ်၊ တကယ်လို့ ဒီအခန်းထဲမှာ ဘယ်သူမှ မရှိတော့တဲ့အခါမှ အပြင် ထွက်သွားပါ၊ ကျုပ်ပြောတာ သေချာနားထောင်ပါ"

ထိုလူကြီးက သင့်ကိုထိုင်ခိုင်းပြီး ဘေးတွင် ကျောက်တုံးများနှင့် သင်ရှိသည့်နေရာကို ကာနေလေ၏။ တိုက်ခိုက်သံများ ကြားရသော ကြောင့် လှမ်းကြည့်လိုက်မိသည်။ ရဲမက်တစ်ယောက်ဝင်လာပြီး



အမျိုးသမီးနှင့် တိုက်ခိုက်နေခြင်း ဖြစ်သည်။

ခဏအကြာတွင် သင့်ရှေ့တွင် ကျောက်တုံးများနှင့် ပြည့် နက်သွားပြီး ထိုလူက သင့်ကို နောက်ထပ်သတိပေးကာ ဓားကို ဆွဲထုတ်ပြီးနောက် သူ့လူများရှိရာသို့ ပြန်သွားရန် ပြင်လိုက်၏။

"နေပါဦး"

သင်က လှမ်းခေါ်လိုက်သည်။

"ဘာလဲ"

"ကျွန်တော့်ချစ်သူ. . . ကျွန်တော့်ချစ်သူ ရှိနိုင်မယ့်နေရာ ကို ဘယ်လိုသွားရမလဲဆိုတာ ပြောခဲ့ဦးလေ"

ထိုအခါမှ သတိရသွားပုံရပြီး-

"မင်း ဒီထဲက ထွက်သွားရင် တောင်ကြားတစ်ခုကို လှမ်းမြင် ရလိမ့်မယ်၊ အဲ့ဒီတောင်ကြားကို ကျော်ပြီးရင် အစိမ်းရောင်မြို့ တွေ့ လိမ့်မယ်၊ အဲ့ဒီမှာ မင်းရဲ့ချစ်သူကို ဖမ်းထားနိုင်တယ်"

"ဟုတ်လို့လား"

သင်ပြန်မေးသည့်စကားကို နားမထောင်တော့ဘဲ တိုက်ပွဲ ဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေ၏။

မည်သို့ဆိုသော် ရဲမက်များက အထဲကို အလုံးအရင်းနဲ့ ဝင်လာသောကြောင့် ဖြစ်သည်။

ထိုသူပြန်ပြေးသွားစဉ် အထုပ်တစ်ထုပ်ကျသွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com

(၂၆)

တွေ့လိုက်ရ၏။ ထို့ကြောင့် အလျှင်အမြန် ကောက်ယူကြည့်လိုက်ရာ အိတ်ထဲတွင် ရွှေတုံးတချို့ကို တွေ့ရသည်။

ထိုစဉ် တိုက်ခိုက်သံများ ဆူညံလာသောကြောင့် သင်လည်း ကျောက်တုံးများနောက်ကွယ်တွင် ထိတ်ထိတ်လန့်လန့်နဲ့ လှဲချလိုက်လေသည်။ (အခန်း- ၅၆ ကို ဆက်ဖတ်ပါ။)



(၂၆)

နေ့မွန်းတည့်သည်အထိ မြင်းဆက်စီးလာကြရာ ကြီးမားသော လွင်ပြင်ကြီးကနေ တောင်ကြားလေးတစ်ခုကို ထပ်ရောက်လာပြန်၏။ ထိုတောင်ကြားကို အချိန်အနည်းငယ်ခန့် ဖြတ်သွားပြီးသောအခါတွင် သင်သွားချင်သော၊ သင်ချစ်သူရှိသော အစိမ်းရောင်မြို့၏ မြို့ဝင်တံခါးကြီးကို တွေ့လိုက်ရလေသည်။



"အို"

ခမ်းနားလှသော အစိမ်းရောင်အုတ်မြို့ရိုးကြီးနှင့်အတူ မြင့်မားလှသော အဆောက်အဦအချို့ကို အဝေးကနေ လှမ်းမြင်လိုက်ရ၏။

သင်သွားချင်သောမြို့ကို တွေ့လိုက်ရသောကြောင့် သင့်စိတ်တို့ လှုပ်ရှားလာပြီး မြင်းပေါ်တွင် ဂနာမငြိမ် ဖြစ်နေလေသည်။

မြို့ဝင်တံခါးနားအရောက်တွင် ခေါင်းဆောင်အမျိုးသမီးသည် လက်အောက်ငယ်သား အမျိုးသမီးကို ဂိတ်တွင်စောင့်နေခဲ့ရန် ညွှန်ကြားပြီး သင့်ဘက်လှည့်လိုက်သည်။

"ရှင့်ကိုတော့. . . မိဖုရားကြီးဆီ ခေါ်သွားရမယ်၊ သူ မေးစရာရှိတာ မေးလိမ့်မယ်"

"ဟင်"

သင်က မိဖုရားကြီးနဲ့မတွေ့ချင်ပဲ သင့်ချစ်သူကိုသာ ရှာချင်စိတ် လောကြီးနေသည်။ ထို့ကြောင့် အခုချိန်တွင် အခွင့်အရေး ရတုန်း-

- ■ သူတို့ကို ပြန်လည်တိုက်ခိုက်မလား။
  (အခန်း- ၂၀ ကို ဆက်ဖတ်ပါ။)
- ■ ဘုရင်မကြီးဆီ ငြိမ်ငြိမ်လေး လိုက်သွားမလား။
  (အခန်း- ၉၇ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၂၇)

အလှည့်ကျ စစ်ဆေးလာရာ သင့်ရှေ့တွင် လူနှစ်ယောက်ပဲ ရှိတော့၏။ ရင်ကလည်း ပိုခုန်လာသည်။ အခုအချိန် ထွက်ပြေးရင်ကောင်းမလားဆိုသည့် အတွေးကလည်း ဝင်လာသည်။ စစ်ဆေးလို့ ငါ့ကို သူတို့လူ မဟုတ်ဘူးဆိုတာ သိသွားရင်. . .။

ရုပ်က ခပ်တည်တည်နေနေသော်လည်း စိတ်ကတော့ အတော်လှုပ်ရှားနေသည်။

ထိုစဉ်-

"ခွမ်း"

သင့်နောက်ဘက်ကနေ အသံထွက်ပေါ်လာ၏။

လှည့်ကြည့်လိုက်ရာ နောက်ဘက် သုံးယောက်မြောက်လူ၏ လက်ထဲမှပန်းကန် ကျကွဲသွားခြင်း ဖြစ်သည်။

စစ်ဆေးနေသူမှာ ချက်ချင်းဆိုသလိုပဲ အနောက်ဘက်သို့ ပြေးသွားပြီး ဆူဆဲနေလေတော့၏။

ထို့ပြင် ပန်းကန်များကို သိမ်းဆည်း၊ အသစ်ပြန်ထည့်နှင့် အလုပ်ရှုပ်သွားလေတော့သည်။

"ရှေ့က လူတွေသွားနှင့်တော့. . . နောက်ကျနေလို့ အပြစ်ဒဏ်ထိနေဦးမယ်"





စစ်ဆေးရေးမှူးက အနောက်ဘက်ကနေ လှမ်းအော်ပြီးနောက် အစီအစဉ်များကို ကျော်လိုက်၏။

သင့်ရှေ့မှ လူနှစ်ယောက်မှာ အဆောက်အဦးအပြင်ဘက်သို့ ခပ်သွက်သွက် ထွက်နေသောကြောင့် သင်လည်း သူတို့နောက်ကနေ ပုံမှန်လိုက်သွားလိုက်သည်။

ဤသို့ဖြင့် ခြေလှမ်းများက ဘုရင်ကြီးရှိရာ စင်မြင့်ဆီသို့ လျှောက်လှမ်းနေရလေသည်။

ရင်ထဲမှာ တဒိတ်ဒိတ်ဖြစ်နေသော်လည်း သင့်ချစ်သူရဲ့ မျက်နှာကို ပြန်မြင်ရတော့မည်ဖြစ်သောကြောင့် ပျော်ရွှင်သည့် ခံစားချက်များ ဖြစ်ပေါ်နေသည်။ **(အခန်း- ၈၇ ကို ဆက်ဖတ်ပါ။)**



## (၂၈)

သင်က အခြားမြို့မှ လာတဲ့သူဖြစ်ကြောင်း၊ လမ်းမှာ သင့်ချစ်သူနဲ့အတူ တိုက်ခိုက်ခံရပြီး ဒုက္ခရောက်ကာ မြို့ပြင်မှာ သောင်တင်နေတဲ့သူ ဖြစ်ကြောင်း၊ ချစ်သူကို လိုက်ရှာနေရင်းနဲ့ ဒီနေရာမှာ





www.burmeseclassic.com

www.burmeseclassic.com

ရောက်နေရကြောင်း ရှင်းပြလိုက်သည်။

သင်ရှင်းပြနေစဉ်မှာပဲ ခေါင်းဆောင်အမျိုးသမီးမှာ မျက်မှောင်ကြုတ်ပြီး နားထောင်နေလေသည်။

သင်ရှင်းပြတာ ပြီးသွားသောအခါတွင် သူမက သူမ၏နောက်လိုက်အချို့နှင့် စကားတီးတိုးပြောကာ တိုင်ပင်နေလေ၏။

ပြီးနောက် ခဏကြာသောအခါတွင် သင့်ဘက်ပြန်လှည့်ကာ-

"ကောင်းပြီလေ၊ သင့်ချစ်သူရှိတဲ့နေရာကို ကျွန်မတို့ ခေါ်သွားပေးမယ်၊ ဒါပေမဲ့ ရှင့်ဓားကိုတော့ ကျွန်မတို့လက် အပ်ရမယ်၊ ပြီးရင်ပီရာနောက်ကနေ တက်ထိုင်လိုက်ပါ"

မြင်းပေါ်က အမျိုးသမီးငယ်လေးတစ်ယောက်ကို လက်ညှိုးထိုးပြပြီး ပြောသည်။ သင်က ခေါင်းဆောင်အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ပြီး-

- **သင့်လက်ထဲက ဓားကို လှမ်းပေးလိုက်မလား။**
  **(အခန်း- ၁၁၀ ကို ဆက်ဖတ်ပါ။)**
- **ဒါမှမဟုတ် ဓားကို မပေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားမလား။**
  **(အခန်း- ၄၇ ကို ဆက်ဖတ်ပါ။)**






## (၂၉)

လူအုပ်ကြီးမှာ များပြားလှသောကြောင့် မနည်းတိုးဝှေ့ရသည်။ ပင်လည်း ပင်ပန်းလာ၏။ ချွေးများလည်း တပြိုက်ပြိုက်ကျလာသည်။

ဒါတောင် လူနည်းနည်းလေးကိုပဲ တိုးပေါက်သေးသည်။

**(ထို့ကြောင့် သင်၏ခွန်အားအနည်းငယ် ဆုံးရှုံးသွားသောကြောင့် စာအုပ်ရှေ့ရှိ ခံနိုင်ရည်အား ဇယားကွက်တွင် (၁) မှတ်လျှော့ပါ။)**

နောက်ဆုံး ဘယ်လိုပဲတိုးတိုး ရှေ့ဆက်တိုးလို့ မရတော့ထို့ကြောင့် ရောက်ရှိသည့် နေရာမှာပဲရပ်ကာ အခြေအနေကို စောင့်ကြည့်လိုက်သည်။ **(အခန်း- ၆၁ ကို ဆက်ဖတ်ပါ။)**







www.burmeseclassic.com

www.burmeseclassic.com

(၃၀) (၃၁)

## (၃၀)

သင်လည်း အနည်းငယ်စဉ်းစားလိုက်ပြီး-

"ရဲ. . . ရဲမက်တွေပါ"

ထိုသို့ ပြောလိုက်ချိန်တွင် အားလုံးမှာ ဓားများကို ဆွဲထုတ်လိုက်ကြပြီး သင့်ကို ချိန်လိုက်ကြသည်။

သင့်မှာ ချောင်ပိတ်မိနေပြီ ဖြစ်သည်။ (**အခန်း - ၁၁၂ ကို ဆက်ဖတ်ပါ။**)

## (၃၁)

သင်က သင်နှင့် သင့်ချစ်သူတို့ ဒုက္ခရောက်ပြီး ဒီနေရာကို ရောက်လာပုံ၊ သင့်ချစ်သူပျောက်နေသောကြောင့် လိုက်ရှာနေပုံများကို အဖြစ်အမှန်အတိုင်း ပြောပြလိုက်၏။

သူတို့က ယုံကြည်ပုံမရချေ. . .။

"မင်းက အခြားမြို့ကလည်းဆိုသေးတယ်၊ ဝတ်စုံတွေက ဒီကလူတွေဝတ်တဲ့ ဝတ်စုံဖြစ်နေတယ်"

"မဟုတ်ပါဘူး. . . အဲ့ ဒါက. . ."

သင့်ကို ကယ်လိုက်သော သူ၏ ဝတ်စုံများဖြစ်ကြောင်းကို



ထပ်ရှင်းပြလိုက်ရသည်။

ထိုစဉ် အမျိုးသမီးက သင့်ဖိနပ်ကို စူးစူးစိုက်စိုက်ကြည့်နေသောကြောင့် သင်လည်း ထိတ်လန့်သွားပြီး ကိုယ့်ခြေထောက်ကို ပြန်ကြည့်မိသည်။

"ဟင်"


ဖိနပ်မှာ သင်နဂိုကတည်းက ဝတ်လာသော (TLSM) တံဆိပ် ဖိနပ်ဖြစ်သည်။

"ဒီဖိနပ်မျိုး ဒီမြို့မှာမရှိဘူး"

အမျိုးသမီးက ထိုသို့ ရေရွတ်လိုက်ပြီးနောက် အားလုံးမှာ သင်ပြောသည့် စကားများကို ယုံကြည်သွားကြလေသည်။

(**အခန်း - ၇၀ ကို ဆက်ဖတ်ပါ။**)







www.burmeseclassic.com

www.burmeseclassic.com



## (၃၂)

"မောင်"

"ဟာ"

"အို"

ကြည့်နေသော ပြည်သူများကလည်း အံ့ဩသွားကြကာ ဘေးနားကရှိနေသော ဘုရင်ကြီးပင် မှင်သက်သွားလေ၏။

ရဲမက်များကလည်း ပြီးမှသတိပြန်ဝင်လာကြကာ သင်ရှိရာသို့ အလျင်အမြန်ရောက်လာပြီး. သင်နှင့်သင့်ချစ်သူကို ခွဲကြလေ၏။

"အဲဒါ. . . ကျွန်တော့်ချစ်သူဗျ"

ရဲမက်များ လာရောက်ဆွဲခေါ်ရာသို့ ပါသွားချိန်တွင် အားလုံးကြားအောင် လှမ်းအော်လိုက်သည်။

သင့်ချစ်သူကိုလည်း ဘေးနားက မိန်းမပျိုများက ဖမ်းဆုပ်ကိုင်ထားကြ၏။ သင့်ချစ်သူကလည်း ပြန်ပြီးရုန်းကန်နေသည်။ အားလုံးမှာ ထိုမြင်ကွင်းကြောင့် ဘာလုပ်လို့လုပ်ရမှန်း မသိ ဖြစ်သွားလေသည်။ သင်ကတော့ ရဲမက်များလက်ထဲကနေ ပြန် ရုန်းကန်သော်လည်း ရဲမက်များမှာ သုံးလေးယောက်ဖြစ်သောကြောင့် သူတို့နောက်ကိုသာ တရွတ်တိုက်ပါသွားလေသည်။

"ရပ်"





ထွက်ပေါ်လာသောအသံကြောင့် အားလုံး ထိတ်လန့်သွားလေသည်။ သင့်ကို တရွတ်တိုက်ဆွဲနေကြသော ရဲမက်များလည်း ရပ်သွား၏။ ထို့ပြင် သင့်ချစ်သူကို ထိန်းချုပ်ထားသောသူများလည်း ရပ်သွား၏။


အားလုံးသည် အသံလာရာဆီသို့ ပြိုင်တူကြည့်မိ ကြလေသည်။ ဘုရင်မင်းကြီး. . .။ ဟုတ်ပါသည်။ ဘုရင်မင်းကြီးသည် ဖရိုဖရဲဖြစ်နေသောအခြေအနေကို မတ်တတ်ရပ်ကာအော်ဟစ်ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်။ (အခန်း- ၈၅ ကို ဆက်ဖတ်ပါ)

## (၃၃)

"ဟေ့ကောင် မြန်မြန်ဖြေစမ်း၊ အချိန်ဆွဲမနေနဲ့၊ မင်းက ငါတို့နောက်ကိုလိုက်လာတဲ့ ဒီမြို့က သူလျှိုမှတ်လား"

ရုတ်တရက်ဆိုတော့ သင်လည်း ဘာပြန်ဖြေရမှန်းမသိ ဖြစ် သွားသည်။

သင့်မှာ ရွေးချယ်စရာ အခွင့်အလမ်းနည်းပါးသွားသောကြောင့် အဖြစ်အမှန်အတိုင်း သင်နဲ့သင့်ချစ်သူတို့ ဒုက္ခရောက်ပြီး ဒီမြို့ကို ရောက်လာပုံများ၊ သင့်ချစ်သူပျောက်နေသောကြောင့် လိုက်ရှာရင်း ဒီထဲကို ဘယ်လိုရောက်မှန်းမသိရောက်လာရ





www.burmeseclassic.com

www.burmeseclassic.com

ကြောင်းရှင်းပြလိုက်၏။

သူတို့က သင့်ရဲ့ပြောစကားကို မယုံကြည်သေးဘဲ သင့်ကို ကြည့်နေကြသေးသည်။

နောက်ဆုံးတွင် ဒီမြို့က လူတစ်ယောက်က ကယ်တင်လိုက်၍ အသက်ရှင်ရကြောင်း၊ မိမိဝတ်ထားသော အဝတ်အစားများကလည်း မိမိကို ကယ်ခဲ့သူရဲ့ အဝတ်အစားများဖြစ်ကြောင်း ရှင်းပြလိုက်၏။

ထိုအခါမှပဲ သင့်ကိုချိန်ထားသော သူတို့၏ ဓားနှင့်မြားများကို အောက်ချလိုက်လေသည်။

အမျိုးသမီးကတော့ သင့်ခြေထောက်ရှိ ဖိနပ်ကို ကြည့်လိုက်ပြီးနောက်-

"သူ အခြားမြို့ကဆိုတာ ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဖိနပ်က ဒီမြို့မှာမရှိဘူး"

သင်လည်း သင့်ခြေထောက်ကို အခုမှပဲ ပြန်ငုံ့ကြည့်မိသည်။

ဖိနပ်မှာ သင်စီးနေကျဖိနပ်ဖြစ်သည့် (TLSM)တံဆိပ်ဖိနပ် ဖြစ်သည်။ (အခန်း - ၉၁ ကို ဆက်ဖတ်ပါ။)





(၃၄)

သင့်မှာ ဓားမရှိဘဲ တိုက်ခိုက်သောကြောင့် သူတို့၏ တိုက်ခိုက်မှုများအောက်တွင် သင်ဒဏ်ရာ ရသွားလေသည်။

ဒဏ်ရာမှာ ပြင်းထန်သောကြောင့် မြေပြင်မှာ လူးလိမ့်နေရ၏။ သင့်ဆုံးဖြတ်ချက် မှားသွားပြီ ဖြစ်သည်။ ထိုစဉ် ရဲမက်က-

"မင်း ဘယ်သူလဲ"

ဟု လှံကို ရင်ဝတွင်ထောက်ကာ မေးလိုက်၏။

သင့်မှာ ပြန်ဖြေနိုင်တဲ့ ခွန်အားလည်း မရှိတော့။ ထိုအခါ ရဲမက်က သင်၏ပြန်ဖြေသံကို မကြားရသောကြောင့် သူ၏ လှံဖြင့် သင်၏ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

ထိုနေရာမှာပင် သင်အသက်ပျောက်သွားလေသည်။

**(The End)**





www.burmeseclassic.com

www.burmeseclassic.com




## (၃၇)

စကြဲ်လမ်းရှိရာသို့ ပြေးနေတာကို ရပ်လိုက်သည်။ သင်ရပ်လိုက်တဲ့အချိန်မှာပဲ ရှေ့ရှိစကြဲ်လမ်းအမိုးများမှာ တအုန်းအုန်း မြည်သံများနှင့်အတူ ပြိုကျလာပြီး စကြဲ်လမ်း ပိတ်သွားလေသည်။

သင်ရပ်လိုက်တာ မှန်သွားသည်ဟု ဆိုရမည်။ သို့မဟုတ်ပါက အမိုးပြားများမှာ သင့်ကို ထိမိပြီး ဒဏ်ရာရနိုင်သည်။

စက္ကန့်အနည်းငယ်အထိ ရပ်ကြည့်ပြီးနောက် သင့်တွင် ရွေးချယ်စရာလမ်း မရှိတော့ဘူးဆိုတာကို သင်သိလိုက်သည်။

ထို့ကြောင့် သင့်ဆီတည့်တည့်လာနေသော မီးရောင်ဘက်သို့ မျက်နှာပြန်မူထားလိုက်ပြီး ဓားကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ကာ ထိုအမည်မသိသူများကို ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။ **(အခန်း- ၂၁ ကို ဆက်ဖတ်ပါ။)**







## (၃၆)

ဈေးလမ်းဟု ရေးထိုးထားသည့် လမ်းထဲသို့ လှမ်းဝင်လိုက်သည်။ နာမည်နဲ့လိုက်အောင်ပင် ဈေးသူဈေးသား များပြားလှပြီး ဝယ်ယူသူများနှင့်လည်း စည်ကားနေလေသည်။

သင်လည်း အခုအချိန်မှာ သင့် ချစ်သူနဲ့ ပတ်သက်သည့် သတင်းကို ဘယ်လို စုံစမ်းလို့ စုံစမ်းရမှန်းမသိ ဖြစ်နေသည်။

ထိုစဉ် ဆိုင်တစ်ဆိုင်၌ လူရှင်းနေသည်ကို တွေ့ရ၏။ ထို့ပြင် ဆိုင်ရှင် အမျိုးသားမှာလည်း စိတ်ကောင်းရှိသည့် ပုံစံဖြစ်သောကြောင့် သတင်းတစ်ခုခု ရလိုရငြား ဝင်ရောက်စုံစမ်းကြည့်မိသည်။

“ဘာသောက်မှာလဲ”

ဈေးရောင်းသူမှ လူဝင်လာသောကြောင့် အလျင်စလို မော့ပြီးမေးလိုက်သည်။

နောက်မှ ဒီမြို့က မဟုတ်ပဲ သူစိမ်းတစ်ဦးဖြစ်နေခြင်းကြောင့် နှုတ်ဆိတ်သွားလေ၏။

“တစ်ခုလောက် အကူအညီတောင်းချင်လို့ပါ”

“ဘာကိစ္စလဲ”





www.burmeseclassic.com

www.burmeseclassic.com





မဖော်လည်း မဖော်ရွှေ မရှိင်းလည်း မရှိင်းသည့် အနေအထားဖြစ်သည်။

"ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူက အခြားမြို့ကနေ အမှတ်မထင်ပဲ ဒီမြို့နားကို ရောက်လာရတာပါ. . ."ဟု အစချီကာ ချစ်သူပျောက်သွားပြီး ဒီမြို့မှာ အဖမ်းခံထားရသောကြောင့် ဝင်ရောက်စုံစမ်းခြင်း ဖြစ်သည်ဟု မေးမြန်းလိုက်၏။

"မသိဘူး"

ထိုသူ၏ ခပ်ပြတ်ပြတ်ဖြေသံကြောင့် စိတ်ညစ်သွားလေသည်။ သင်က အားမလျှော့သေးပဲ-

"ဒါဆို ဒီမြို့မှာ ထူးခြားတာတွေရော ဘာဖြစ်သေးလဲ"

သဲလွန်စ ရလိုရငြား မေးကြည့်လိုက်သည်။

"ဘာမှ မထူးခြားဘူး၊ အေးဆေးပဲ"

ဝယ်သူတစ်ယောက် ဝင်လာသောကြောင့် ထိုသူက သင့်ကို ဂရုမစိုက်တော့ဘဲ ဝယ်သူဘက်သို့လှည့်ကာ စကားပြောနေလေ၏။

သင်လည်း ဆိုင်ထဲမှ စိတ်ညစ်ပြီး ထွက်လာခဲ့သည်။

ဒီမြို့မှာ ငါ့ချစ်သူရော ရှိပါ့မလားဆိုသည့် အတွေးသည် သင့်ခေါင်းထဲသို့ ရောက်လာ၏။

မထူးခြားနား၊ သူ့ အထာများနှင့်သူ စည်ကားနေသော မြို့လေးတွင် မိမိချစ်သူ၏ အရိပ်အယောင် တစ်ခုမှမတွေ့ရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်ထဲတွင် နုံးချည့်သွားလေ၏။

ထို့ကြောင့် ဆိုင်ထဲက အထွက်တွင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။ လူများသည် ထူးခြားမှုမရှိဘဲ သွားလာနေကြ၏။ စိတ်ညစ်ပြီး ဆိုင်ရှေ့ကအထွက်တွင် မလှမ်းမကမ်း၌ သင့်ကို စိုက်ကြည့်နေသော အစိမ်းရောင် ဝတ်စုံဝတ်ထားသည့် အမျိုးသမီးကို တွေ့လိုက်ရ၏။

သူမ၏ ဆံပင်မှာ ခပ်တိုတိုဖြစ်ပြီး မျက်နှာမှာလည်း ပြောင်ရှင်းနေကာ တစ်မျိုးကြည့်ကောင်းနေသည်။

သူမသည် တစ်ဖက်ခြမ်းမှနေ၍ လမ်းဖြတ်ကူးလာပြီး သင့်ရှေ့တွင် ရပ်လိုက်ကာ ယဉ်ကျေးစွာဖြင့် စကား စတင်ပြောလေ၏။

"ရှင်က ဒီမြို့ကိုလာတဲ့ သူစိမ်းတစ်ယောက်လို့ ထင်ပါတယ်"

"ဟုတ်. . . ဟုတ်ပါတယ်"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ၊ ဘယ်ကနေ လာရတာလဲ"

သင်က ပြန်ဖြေရန် စဉ်းစားလိုက်သည်။

■ "ကျွန်တော့်ချစ်သူ ဖမ်းခံထားရတယ်ဆိုလို့ မြို့ပြင်ကနေ ဒီကို ရောက်အောင်လာခဲ့ရတာပါ"ဟု ပြန်ဖြေမလား။ (အခန်း- ၄၉ ကို ဆက်ဖတ်ပါ။)

■ "ဒီလိုပဲ ကြုံကြိုက်လို့ ဝင်လာတာပါ"ဆိုပြီး ပြန်ဖြေမလား။ (အခန်း- ၁၂ ကို ဆက်ဖတ်ပါ။)





(၃၇)

ထိုအချိန်တွင် ရေနှင့်ထိစပ်နေသော သစ်ကိုင်းသည် လှုပ်ယမ်းနေသည်ဟု ထင်မိလိုက်သည်။

တစ်ဖန် သင်သည် ရေထဲသို့ ပြုတ်ကျသွားပြန်သည်။

ရေကန်ဖြစ်သော်လည်း ရေစီးအနည်းငယ် ရှိနေသောကြောင့် သင့်ခန္ဓာကိုယ်သည် ရေပေါ်တွင် ပေါလောပေါ်ကာ သစ်ကိုင်းရှိရာဘက်သို့ မျောသွား၏။

သစ်ကိုင်းနားအရောက်တွင် သင်သည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပါပြီ။ (အခန်း - ၁၁၆ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com

(၃၈)

# (၃၈)

မကြာမီအချိန်တွင် ဘုရင်ကြီးရှေ့သို့ ရောက်ရှိလာသည်။ မိမိရှေ့ရှိ လူများက ဟင်းခွက်များကို စားပွဲပေါ်တွင် အစီအစဉ်တကျ တင်ခဲ့ကြပြီးနောက် သင့်လျော်သည့် နေရာသို့သွားကာ ဘုရင်ကို ဦးညွှတ်၍ ထိုင်နေကြ၏။

ဘုရင်ကို တိုက်ခိုက်ရန်အတွက် ဟိုဟိုဒီဒီကြည့်မိသော်လည်း ထူးထူးခြားခြား တိုက်ခိုက်စရာ လက်နက်မရှိသည့်အပြင် ဘုရင့်ဆီသို့ လှမ်းနေစဉ်မှာပဲ ရဲမက်များ၏ တိုက်ခိုက်ခြင်းကို ခံရပြီး သေဆုံးနိုင်သည်။

ထို့ကြောင့် မိမိရှေ့ကလူများလုပ်သည့်အတိုင်းပဲ ဟင်းခွက်များကို နေရာတကျထားကာ သင့်တော်မည့်နေရာ၌ သွားရောက်ထိုင်နေလိုက်သည်။

ထိုင်ရသည့်နေရာမှာ ဘုရင်နှင့် ခပ်လှမ်းလှမ်းတွင် ဖြစ်သည်။ ပြီးနောက် သင့် ချစ်သူကိုလည်း မြင်နေရ၏။ သင့်ချစ်သူကို အနီးကပ်ကြည့်လိုက်မှပင် သူမ မျက်နှာလေးမှာ ညှိုးပြီး အတန်ငယ် ပိန်ကျသွားသည်ကို တွေ့ရသည်။

ခေါင်းကို ပြန်ငုံ့ထားရသည်။ မိမိချစ်သူကို ကြာကြာကြည့်နေပါက အခြားလူများ ရိပ်မိသွားမှာ စိုးသောကြောင့်ဖြစ်သည်။



ခဏအကြာတွင် ဘုရင်သည် ပရိသတ်များကို စကားစတင်ပြောလေ၏။ ဘုရင်သည် မိဖုရားသစ် မမြောက်ခင်တွင် ဒီမြို့၏ ထုံးစံအတိုင်း ပြည်သူများအား ဦးစွာပြသ၍ မိတ်ဆက်ခြင်း ဖြစ်ပုံရသည်။

မည်သို့ဆိုသော် သူ၏စကားထဲတွင် ထိုထုံးတမ်းစဉ်လာများကို ထည့်သွင်းပြောကြားနေသောကြောင့် ဖြစ်သည်။

မကြာမီအချိန်တွင် ဘုရင်သည် စကားပြောခြင်း ပြီးဆုံးသွားလေ၏။ (**အခန်း- ၁၀၀ ကို ဆက်ဖတ်ပါ။**)







www.burmeseclassic.com

www.burmeseclassic.com



(၃၉)

သင်က သူတို့နှစ်ယောက်ကို နိုင်ခဲ့သော်လည်း အခြားလူများက ဝိုင်းဝန်းတိုက်ခိုက်နေသောကြောင့် မြင်းနှင့် ထွက်ပြေးလာခဲ့ရသည်။

သို့သော် သင့်မြင်းမှာ တိုက်ခိုက်စဉ်က ဒဏ်ရာရသွား၍ ဆက်မပြေးနိုင်သောကြောင့် မြင်းကို တစ်နေရာတွင် ထားခဲ့လိုက်ရသည်။

နောက်ကလိုက်လာသော သူများမှာ အတန်ငယ် ဝေးသောနေရာတွင် ကျန်နေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် တစ်နေရာတွင် ထိုင်ကာ အမောဖြေနေလိုက်သည်။

ထိုအခါမှပဲ သင့်ချစ်သူအကြောင်းကို စုံစမ်းရန်အတွက် ဒီမြို့က တစ်ယောက်ယောက်ကို မေးမှ ဖြစ်မည်ဟု စဉ်းစားမိသည်။

အချိန်ဆွဲနေလို့မဖြစ်ဘူးဟု တွေးကာ ထိုင်နေရာမှ ထလိုက်သည်။ ထို့နောက် ရှေ့တွင် ဈေးလမ်းဟု ရေးထိုးထားသည့် လမ်းကို တွေ့လိုက်ရသည်။ (အခန်း- ၃၆ ကို ဆက်ဖတ်ပါ။)





(၄၀)


ခဏအကြာတွင်-

"သတိထား၊ ရန်သူတွေ၊ ခေါင်းကိုဝပ်ထား"

ခေါင်းဆောင်အမျိုးသမီးရဲ့အသံကို ကြားလိုက်ရပြီး မြားပစ်သံများကိုလည်း တစ်ချိန်တည်း ကြားလိုက်ရသည်။

သင့်ရှေ့ရှိ ဗီရာက ခန္ဓာကိုယ်ကို မြင်းပေါ်သို့ ဝပ်ချလိုက်သည်။ ထိုအခါ သင်က-

- ဗီရာနည်းတူ ဝပ်ချလိုက်မလား။ (အခန်း- ၁၁၄ ကို ဆက်ဖတ်ပါ။)
- ဓါးမှမဟုတ် ဘာများဖြစ်ကြတာလဲလို့ အရင် စူးစမ်းကြည့်ချင်လား။ (အခန်း- ၆၈ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com



## (၄၁)

ချက်ချင်းပဲ လူအုပ်ကြီးထဲက ထွက်ကာ မြင်နေရသော အဆောက်အဦအမြင့် ရှိရာဆီသို့ လှမ်းသွားလိုက်သည်။

အဆောက်အဦမှာ အချွန်အတက်များဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး လှေကားပုံသဏ္ဌာန်အထစ်များဖြင့် အပေါ်သို့ တက်ရခြင်း ဖြစ်သည်။

ခဏကြာသောအခါ အောက်ဘက်ကို အပေါ်စီးမှ မြင်ရသော အနေအထားသို့ ရောက်လာလေ၏။

ထို့ကြောင့် အောက်သို့ငုံ့ကြည့်လိုက်ရာ များပြားလှသော လူအုပ်ကြီးကို အရင်မြင်ရလေသည်။ တစ်ဖက်တွင် စစ်ဝတ်စုံများဖြင့် ရဲမက်များကိုတွေ့ရပြီး အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ထားသော အမျိုးသမီးများကိုလည်း တွေ့ရပြန်သည်။

ထို့နောက် ဆက်လက်ကြည့်ရာ-

"ဟင်. . ."

ရင်ထဲမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းများ တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

မည်သို့ဆိုသော် အရောင် ပြိုးပြိုးပျက်ပျက် လက်နေသည့် ခုတင်စောင်းပေါ်တွင် သင့်ချစ်သူကို တွေ့လိုက်ရသောကြောင့် ဖြစ်



သည်။ မျက်နှာညှိုးနွမ်းနေပြီး အကျီအဝတ်အစားများမှာလည်း ပြိုးပြိုးပျက်ပျက် အဝတ်အစားများ ဖြစ်နေလေသည်။

သူမ၏ဘေးနားတွင်တော့ ဘုရင်မင်းကြီးဆိုသူက ထိုင်နေပြီး ပရိသတ်များကို မိန့်မိန့်ကြီး ကြည့်နေလေသည်။

ရင်ထဲမှာ ဆို့နင့်သွားသည်။ မြင်ကွင်းကို မမြင်ရက်တော့ပေ။

ထို့ကြောင့်-

- အားလုံးလည်း ကြားအောင်၊ သင့်ချစ်သူလည်း သင့်ကို မြင်အောင် လှမ်းအော်လိုက်မလား။ (အခန်း- ၆၅ ကို ဆက်ဖတ်ပါ။)
- ဒါမှမဟုတ် ဘာလုပ်ရင် ကောင်းမလဲဆိုပြီး အခြေအနေ စောင့်ကြည့်မလား။ (အခန်း- ၆၁ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



(၄၂)

အပြင်က ဟင်းပို့သူများ ဝတ်ဆင်ထားသည့် ဝတ်စုံနဲ့ တူညီသော ဝတ်စုံတစ်ခုကို ရွေးချယ်ဝတ်ဆင်လိုက်သည်။

အဝတ်အစားမှာ အနီရောင်ဝတ်ရုံရှည်ဖြစ်ပြီး ခေါင်းပေါင်း တစ်ခုလည်း ပါနေသေး၏။ ထို့ကြောင့် တော်ရုံလူဆိုရင် သင့်ကို မမှတ်မိနိုင်ချေ။

ခဏအကြာတွင် ထိုအဝတ်အစားနှင့်အတူ လက်ထဲက ပန်းကန်ကြီးကိုကိုင်ကာ တန်းစီနေသော အဖွဲ့တန်းထဲသို့ ဝင်ရောက်တန်းစီလိုက်လေသည်။

သို့သော် ရှေ့တွင် ဦးစီးဖြစ်ပုံရသော လူတစ်ဦးက တစ်ဦးချင်းစီကို စစ်ဆေးနေတာ တွေ့လိုက်ရသောကြောင့် ထိတ်လန့်သွားလေသည်။ ထိုအခါ-

■ သင် ထွက်ပြေးမလား။ (အခန်း- ၁၀၃ ကို ဆက်ဖတ်ပါ။)

■ ဒါမှမဟုတ် ဒီအတိုင်းပဲ ခပ်တည်တည်နဲ့ အစစ်ခံမလား။ (အခန်း- ၂၇ ကို ဆက်ဖတ်ပါ။)





(၄၃)

သင်၏လက်ချက်ကြောင့် အနန်နီမှာ မြေပြင်ပေါ်သို့ လဲကျသွားပြီး ပြန်မထနိုင်တော့ချေ. . ။

သင်ကသေချာစေရန်အတွက် ခဏစောင့်ကြည့်လိုက်သေးသည်။ ပြီးတော့မှ တကယ် မထနိုင်မှန်း သိသောကြောင့် ထိုနေရာမှ ထွက်လာခဲ့သည်။

ထို့နောက် တစ်နေရာတွင် ခဏနားပြီး လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့ရာ ခပ်ဆန်းဆန်းနာမည်နဲ့ လမ်းတစ်ခုကို တွေ့ရလေသည်။

'စာကြည့်သူများလမ်း'ဟု ရေးထိုးထား၏။ သင်လည်း ထိုလမ်းထဲသို့ ဝင်လာခဲ့ရာ မီးခိုးရောင် အဆောက်အဦအရှည်ကြီး နှစ်ခုကို လမ်းမတစ်ဖက်တစ်ချက်စီတွင် တွေ့ရလေသည်။

အဆောက်အဦတစ်ခုမှာ စာကြည့်တိုက် ဖြစ်ပုံရပြီး နောက်အဆောက်အဦမှာ ဘာအဆောက်အဦမှန်း မသိချေ. . .။ လူငယ်များ၊ အပြာရောင် ဝတ်ရုံဝတ်ထားသောသူများ၊ အမျိုးသမီးများကတော့ ထိုအဆောက်အဦထဲသို့ ဝင်သွားတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင်သင်က-

- ■ သင့်ချစ်သူရဲ့သတင်းကို ရလိုရငြား စာကြည့်တိုက်ထဲ ဝင်ပြီး မေးမလား။ (အခန်း- ၈၄ ကို ဆက်ဖတ်ပါ။)
- ■ ဒါမှမဟုတ် စပ်စုသည့်အနေဖြင့် လူများတဖွဲဖွဲ ဝင်သွားသော အဆောက်အဦထဲကို ဝင်ကြည့်မလား၊ (အခန်း- ၅၂ ကို ဆက်ဖတ်ပါ။)



(၄၄)

"ကျွန်တော့်မှာ အဲ့ဒီတံဆိပ်မရှိဘူး" ဟု ပြောလိုက်၏။

ထိုလူက ဒေါသထွက်သွားပြီး

"မင်း. . . လိမ်တယ်" ဟု ရေရွတ်ကာ သင်ရှိရာသို့ လှမ်းလာပြီး သင့်ကို ဆုပ်ကိုင်လိုက်၏။

သို့သော် သင်က လျှပ်တစ်ပြက် ရှောင်လိုက်သောကြောင့် ထိုလူ၏ဖမ်းဆီးခြင်းမှ လွတ်သွားလေသည်။






ထို့ကြောင့် သင်သည် ထိုလူနှင့် မဖြစ်မနေတိုက်ရတော့မည့် အခြေအနေသို့ ရောက်သွား၏။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| ဝတ်ရုံနှင့်လူ | ၈ | ၆ |

(ဤစာအုပ်၏ ရှေ့ဇယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားအမှတ်များသည် ဝတ်ရုံနှင့်လူ၏ အမှတ်များထက် များနေပါက သင်နိုင်မည် ဖြစ်သည်။ နည်းနေပါက သင်ရှုံးပြီ ဖြစ်သည်။)

- ■ နိုင်ခဲ့ပါက-(အခန်း- ၄၃ ကို ဆက်ဖတ်ပါ။)



(၄၅)

တိုက်ခိုက်ပြီးနောက် ရဲမက်များ ကျဆုံးသွားသောအခါ သင့်ကို နောက်ထပ် တိုက်ခိုက်မည့်သူတစ်ဦးမှ မတွေ့ရတော့သောကြောင့် အဆောက်အဦ ထဲသို့ ခပ်မြန်မြန် ဝင်လိုက်သည်။
(အခန်း - ၈၁ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၄၆)

"ဪ. . . သူ့နာမည်က ဝူဒီထင်တယ်'

"ဟုတ်. . . ဟုတ်တယ်၊ ရှင်. . . ရှင် တွေ့ခဲ့လား"

"တွေ့ခဲ့တယ်"

သင်က ခေါင်းညိတ်ပြလိုက်ပြီး တောထဲက အဖြစ်အပျက်အချို့ကို ရှင်းပြလိုက်သည်။

သူမက သင့်စကားကို ကြားလိုက်ရသောအခါ ဝမ်းသာအားရဖြစ်သွားသည်။ ထို့ပြင် သူကြားချင်နေသော သူ့အဘိုးရဲ့သတင်းကို ကြားရသောကြောင့် သင့်ကိုလည်း ကျေးဇူးအထပ်ထပ်တင်နေလေ၏။

ထိုအခါ သင်က သင့်ချစ်သူရဲ့သတင်းကို သဲလွန်စ ရလိုရငြား မေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်

"ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူက .....

........................"

ဟုအစချီကာ မြို့တွင်းတစ်နေရာရှိ သင်၏၊ ချစ်သူအကြောင်းကို သိလိုသိငြား မေးကြည့်လိုက်သည်။

သင်၏ မေးမြန်းချက် ပြီးဆုံးသောအခါတွင် သူမက တစ်ချက်



စဉ်းစားလိုက်ပြီး-

"အဲ့ဒါကိုတော့ ကျွန်မ မသိဘူးရှင့်"

ဟု ဆိုလိုက်သောကြောင့် မျှော်လင့်ချက် မဲ့သွားလေသည်။


"ဒါပေမဲ့. . . သိနိုင်တဲ့ လူတစ်ယောက်တော့ ရှိတယ်'

"ဟင်. . . ဟုတ်လား၊ ဘယ်. . . ဘယ်သူလဲ"

သူမက သူမနောက်သို့ လိုက်ခဲ့ရန်အတွက် သင့်ကို ခေါ်လေ၏။ သင်က သူမနောက်ကို လိုက်သင့်မလိုက်သင့် စဉ်းစားနေသည်။

- ■ လိုက်မည်ဟု ဆုံးဖြတ်ပါက (အခန်း- ၆၂ ကို ဆက်ဖတ်ပါ။)
- ■ မလိုက်ဘဲ လမ်းမအတိုင်း ဆက်လျှောက်သွားမယ်ဆိုပါက (အခန်း- ၁၂ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com



## (၄၇)

သင်က သူမကို တစ်ချက်ကြည့်လိုက်ပြီး ဓားကို မပေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

သင်၏ ရန်မူလိုသောပုံစံကို တွေ့သွားသောကြောင့် မြင်းစီး မိန်းမပျိုများမှာ သင့်နားသို့ တိုးကပ်လာကြ၏။

သင်လည်း ကြောက်လန့်တကြားနဲ့ နီးစပ်ရာတစ်ယောက်ကို ဓားနဲ့ ဝှေ့ယမ်းလိုက်သည်။ ရုတ်တရက် အငိုက်မိသွားသောကြောင့် မြင်းတစ်စီးပေါ်က မိန်းမပျိုတစ်ယောက်မှာ ဓားထိသွားလေသည်။

"ဟင်"

"ချွင်"

"ဟာ"

အားလုံးမှာ သင့်ကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။

"ခွပ်"

အင်အားခြင်း မမျှသည့်အပြင် တိုက်ခိုက်မှုမှာလည်း သင့်ထက် အားလုံးသာကြလေသည်။

"ဒုတ်"

လှံအရိုးဖြင့် ရိုက်ချလိုက်သောကြောင့် မြေပြင်ပေါ်သို့ သင် လဲကျသွားသည်။



သင်၏ ဓားသည်လည်း အဝေးသို့လွင့်ထွက်သွားလေသည်။ ချက်ချင်းပြန်ထလိုက်ပြီး ဓားရှိရာသို့ပြေးကာ အလျင်အမြန် ပြန်ကောက်ရ၏။

သို့သော် ရန်သူများမှာ တော်တော်များသောကြောင့် ဆက်ခုခံနေပါက မိမိ ကျဆုံးတော့မည်ဆိုတာကို ရိပ်မိလိုက်သည်။

ထို့ကြောင့် မူလအစီအစဉ်ဖြစ်သော သူတို့နှင့်အတူတူ လိုက်သွားရန်အတွက် ဇီရာဆိုသော ကောင်မလေး၏ မြင်းပေါ်ကို လှမ်းတက်လိုက်၏။

ကောင်မလေးက လက်ကမ်းပေးသော်လည်း သင်နှင့်အတူ မြင်းစီးရတာကို သိပ်သဘောမကျသလို ဖြစ်နေပုံရသည်။

သင် မြင်းပေါ်ရောက်ပြီးနောက် ခရီးဆက်ထွက်လာခဲ့ကြသည်။ သင်၏ဓားကတော့ သူတို့လက်ထဲကို ပါသွားခဲ့ပြီဖြစ်သည်။

**(အခန်း- ၂၆ ကို ဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com



## (၄၈)

မြို့ရိုးတံခါးကို ဖြတ်ပြီး မြို့ထဲသို့ ဝင်လာခဲ့သည်။ မြို့ထဲသို့ ဝင်မှပင် မြို့သည် ကြီးမားလှသော မြို့လေးတစ်မြို့ဖြစ်နေတာကို သိလိုက်ရသည်။ ရှည်လျားလှသော အဆောက်အအုံများ၊ ဆိုင်တန်းများနှင့် စည်ကားလှသော လူတန်းပေါင်းမြောက်များစွာကို တွေ့ရသည်။

အချို့က မြင်းစီးပြီးသွားနေကြသည်။ အချို့က ဈေးဆိုင်တန်းတွေမှာ ဈေးဝယ်နေကြ၏။

လူကြီး၊ လူငယ်မရွေး သွားလာလှုပ်ရှားနေကြလေသည်။ အားလုံးက သင့်ကို ဂရုတစိုက် ကြည့်မနေကြပဲ ကိုယ့်အလုပ်သာ ကိုယ်လုပ်နေကြလေသည်။ (**အခန်း- ၈၈ ကို ဆက်ဖတ်ပါ။**)







## (၄၉)


"ဟင်. . . ဒါဆို ရှင်က မြို့ပြင်က တောအုပ်နဲ့ တောင်ကြားတွေကို ဖြတ်လာခဲ့ရတာပေါ့"

သူမက စိတ်လှုပ်ရှားစွာဖြင့် သင့်ကို တရစပ် မေးမြန်းလေသည်။

"လမ်း. . . လမ်းမှာ၊ ကျွန်မလိုပဲ အစိမ်းရောင်ဝတ်စုံဝတ်ထားတဲ့ အဘိုးကြီးတစ်ဦးများ မတွေ့မိဘူးလား၊ သူ့လက်ထဲမှာ ဝက်သစ်ချသားနဲ့ လုပ်ထားတဲ့ တုတ်ကောက်ကြီး ကိုင်ထားတယ်လေ။ အခြားတစ်ဖက်ကတော့ တံစဉ် ကိုင်ထားတယ်"

သင်က အနည်းငယ် စဉ်းစားလိုက်ပြီးသောအခါ တစ်ခုခု ပြန်ဖြေလိုက်သည်။

- "ဟင့်အင်း. . . မတွေ့ခဲ့ဘူး"ဟု ဖြေခဲ့ပါက- (**အခန်း- ၆၀ ကို ဆက်ဖတ်ပါ။**)
- "အဲ့ဒီအဘိုးကြီးနာမည်က ဗွယ်သန်လား" (**အခန်း- ၁၁၁ ကို ဆက်ဖတ်ပါ။**)
- "ဩော်. . . သူ့နာမည်က ဝူဒီထင်တယ်" (**အခန်း- ၄၆ ကို ဆက်ဖတ်ပါ။**)





www.burmeseclassic.com

www.burmeseclassic.com



(၅၀)

မီးရောင် မှိတ်တုပ်မှိတ်တုပ်လင်းနေသော နီးစပ်ရာစင်္ကြံလမ်းမ ဘက်သို့ တစ်ဟုန်ထိုးပြေးဝင်လိုက်သည်။ ထိုစဉ် ကျယ်လောင်သော အသံကြီးတစ်သံ ကြားလိုက်ရပြီး သင့် ခြေထောက်အောက်ရှိ ကြမ်းပြင်မှာ အပြင်းအထန် တုန်လှုပ်နေသည်ကို တွေ့ရသည်။

■ ထိတ်လန့်သွားပြီး စင်္ကြံလမ်းကိုပဲ တစ်ဟုန်ထိုး ပြေးသွားဖို့ စဉ်းစားပါက- (အခန်း- ၇၅ ကို ဆက်ဖတ်ပါ။)

■ ဒါမှမဟုတ် စင်္ကြံလမ်းဘက် ဦးတည်ပြေးနေတာကို ရပ်လိုက်မလား။ (အခန်း - ၃၅ ကို ဆက်ဖတ်ပါ။)







(၅၁)

ရုတ်တရက် သင့်ရှေ့က ဗီရာကို မြင်းပေါ်ကနေ တွန်းချလိုက်ပြီး သူမ၏ ဓားကို ဆွဲယူထားလိုက်သည်။ ဗီရာမှာ ရုတ်တရက်ကြီး အတွန်းခံလိုက်ရသောကြောင့် မြင်းပေါ်မှ လိမ့်ကျသွားလေ၏။


ထိုအချင်းအရာကို အခြားမြင်းမှ သူများကတွေ့သွားပြီး သင့်ကို ဝိုင်းဝန်းတိုက်ခိုက်လေ၏။

ရှေ့ဦးစွာ ဝင်လာသော နှစ်ယောက်ကို သင်က စတင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| ပထမအမျိုးသမီး | ၈ | ၉ |
| ဒုတိယအမျိုးသမီး | ၉ | ၈ |

(ဤစာအုပ်၏ ရှေ့ဖယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားအမှတ်များသည် အမျိုးသမီးတို့၏ အမှတ်များထက်များနေပါက ထိုနှစ်ယောက်စလုံးကို သင်နိုင်ပြီ ဖြစ်သည်။ နည်းပါက ထိုနေရာမှာပင် သင်ရှုံးပြီဖြစ်သည်။)

■ ထိုသို့ တိုက်ခိုက်၍ နိုင်ခဲ့ပါက- (အခန်း- ၇၀ တို့ ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com







(၅၂)

ဘာမှ ထွေထွေထူးထူးမဟုတ်ပါ။ အသုဘအခမ်းအနား တစ်ခုဖြစ်ပြီး အမျိုးသမီးအချို့ ငိုကြွေးနေသည်ကို တွေ့ရသည်။ အခန်း၏ ထိပ်တည့်တည့်တွင် အခေါင်းပုံစံအရာတစ်ခုကို တွေ့ရပြီး ပန်း များနှင့်လည်း အလှဆင်ထား၏။

ဝမ်းနည်းပူဆွေးနေသည့် လူများအကြားတွင် သူတို့၏ ဝမ်းနည်းပူဆွေးမှုများက သင့်ထံသို့ ကူးဆက်လာသလို ခံစားရသည်။

ထို့ကြောင့် ကြာကြာမနေချင်တော့ပဲ ထိုအခန်းထဲမှ ပြန်ထွက်ကာ ရှေ့တွင်ရှိနေသော စာကြည့်တိုက်ထဲသို့ လှမ်းဝင်လိုက်၏။ (အခန်း- ၈၄ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

ထို့နောက် ခဏအကြာတွင် ဟင်းပွဲသယ်တဲ့လူများကို တွေ့ပြီး ထိုထဲမှ တစ်ယောက်ကို ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ဒါဟာ အဓိပ္ပာယ်မရှိသော ရွေးချယ်မှုဆိုတာကို သင်သည် တိုက်ခိုက်ပြီးမှ သိလိုက်ရလေသည်။

မည်သို့ဆိုသော် ဟင်းပွဲသယ်သည့်လူများအပြင် ရဲမက်များကလည်း သင့်ဘေးသို့ ဝန်းရံလာကြကာ သင့်ကို ဝိုင်းဝန်း တိုက်ခိုက်ကြသောကြောင့် ဖြစ်သည်။

လူအများနှင့် တစ်ယောက်ဖြစ်သောကြောင့် သင့်မှာ မည်သို့မျှ မခုခံနိုင်တော့ဘဲ ထိုနေရာတွင် ဒဏ်ရာအပြင်းအထန်ရပြီး သေဆုံးသွားလေတော့သည်။

သင့်ချစ်သူကိုလည်း နောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ချေ။ **(The End)**





## (၁၄)

လမ်းအတိုင်း ဆက်လျှောက်လာခဲ့ရာ ဆိုင်အချို့ကိုသာ တွေ့ရပြီး နောက်ပိုင်းတွင် ဆိုင်တစ်ဆိုင်မှ မတွေ့ရတော့ချေ. . .။

လူများမှာလည်း ရှင်းလင်းနေပြီး လမ်းပေါ်၌ လူသွားလူလာ သိပ်မတွေ့ရချေ. . .။ သို့သော် ခါးကိုင်းကိုင်းနဲ့ ဝတ်ရုံနက်ခြုံထားသော သူတောင်းစားပုံစံ လူတစ်ယောက်ကိုသာ တွေ့ရသည်။

ထိုလူသည် သင်နှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာနေ၏။ သင်လည်း အမှုမဲ့ အမှတ်မဲ့နဲ့ ဆက်လျှောက်လာခဲ့ရာ ဝတ်ရုံနက်နှင့် လူသည် သင့်နားသို့ ရောက်သောအခါ သင့်ရှေ့မှ ပိတ်ရပ်လိုက်လေ၏။

လူသူကင်းမဲ့နေသောကြောင့် သင်လည်း ထိတ်လန့်သွားပြီး ဓားကို ဆုပ်ကိုင်လိုက်သည်။ သို့သော် ဓားမှာ ထုတ်မရဘဲ ဖြစ်နေ၏။

“မသေချင်ရင်၊ မင်းမှာရှိတဲ့ ကျောက်တုံးတံဆိပ်ကို ပေးပါ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com

အသံမှာ အေးစက်စက်နိုင်လှပြီး သင့်တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်း ထသွားသည်။

ထိုဝတ်ရုံနှင့် လူသည် လက်အိတ်စွပ်ထားသောလက်ကို သင်ရှိရာသို့ လှမ်းလိုက်၏။

ထိုအခါ သင်က ချက်ချင်းဆိုသလိုပင်-

- ■ သင့်မှာ ကျောက်တုံးတဲဆိပ် မရှိဘူးဟု ပြောလိုက်မလား။ (အခန်း- ၄၄ ကို ဆက်ဖတ်ပါ။)
- ■ ဒါမှမဟုတ် ထိုဝတ်ရုံနက်နဲ့ လူကို ပြန်တိုက်ခိုက်မလား။ (အခန်း- ၂၃ ကို ဆက်ဖတ်ပါ။)







# (၅၅)

"ဘုရင်ကြီး ကြွချီလာပြီ"

တီးတိုးတီးတိုး ပြောစကားများဖြင့် လူအများကြားတွင် ဘုရင်ကြီး ကြွချီလာပြီဆိုသည့် သတင်းသည် ပျံ့နှံ့သွားလေ၏။

လူအများမှာ ပို၍ လှုပ်လှုပ်ရွရွဖြစ်သွားပြီး တစ်ဦးနဲ့တစ်ဦး တိုးဝှေ့ကြည့်ရှုကြလေ၏။

သင်လည်း သူထက်ငါ အလုအယက် ဆိုသလို ကြည့်လေသည်။ သို့သော် လူတွေများလွန်းသောကြောင့် မတွေ့ရဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ အဆောက်အဦအမြင့် တစ်ခုကို တွေ့လိုက်ရသည်။

- ■ ထို့ကြောင့် ထိုအဆောက်အဦအပေါ်ကနေ တက်ကြည့်မလား။ (အခန်း- ၄၁ ကို ဆက်ဖတ်ပါ။)
- ■ လူအုပ်ကြီးထဲကို အတင်းတိုး ကြည့်ရင် ကောင်းမလား။ (အခန်း- ၂၉ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



## (၅၆)

တိုက်ခိုက်သံများကို ကြားနေရ၏။ သင်လည်း ကျောက်တုံးများနောက်တွင် လှဲနေရင်း ဓားကို ရင်ဘတ်ပေါ်တွင် တင်ထားကာ ရင်တဒိတ်ဒိတ်နှင့် ဖြစ်နေသည်။ ဘယ်အချိန်များ ရန်သူကကျောက်တုံးအောက်ကို လာကြည့်မလဲဆိုပြီး တွေးတောကာ စိုးရိမ်နေမိသည်။

မျက်လုံးကို ဖွင့်ကာ၊ နားကိုလည်း အစွမ်းကုန် စွင့်ထားလိုက်၏။ လက်ထဲက ဓားကိုလည်း မလွတ်တမ်း ဆုပ်ကိုင်ထားနေမိသည်။

ခဏအကြာတွင် အော်ဟစ်သံများ၊ ကြိမ်မောင်းသံများ ထွက်ပေါ်လာပြီး ဓားသံ၊ တိုက်ခိုက်သံများ ပျောက်သွား၏။

နားထောင်နေစဉ်မှာပဲ-

“သတ်”

ဟု အသံကျယ်ကြီး ကြားလိုက်ရပြီး တိုက်ခိုက်သံ အချို့ကိုလည်းပြန် ကြားရပြန်သည်။

ငြိမ်သက်သွား၏။

စကားပြောသံများ ထွက်ပေါ်လာပြန်သည်။ မသဲကွဲသောကြောင့် ဘာတွေပြောနေကြမှန်းမသိချေ။

တိုက်ပွဲကတော့ ပြီးသွားပုံရသည်။ ဟိုလေးယောက်များ



သေပြီလား။

သင့်စိတ်ထဲမှာ ကြောက်ရွံ့စိတ် အနည်းငယ်ဝင်လာပြီး ရဲမက်တွေက သင့်ကို တွေ့သွားပါကဆိုတဲ့ အတွေးများကလည်း ဝင်လာပြန်သည်။

နာရီ အနည်းငယ်ကြာသွားသည်။ သင်လည်း မလှုပ်မယှက် လှဲနေရသောကြောင့် တစ်ကိုယ်လုံး တောင့်တင်းနေပြီ ဖြစ်သည်။

အပြင်ကအသံများ မကြားရတော့သောကြောင့် ထွက်ကြည့်ချင်စိတ်များ ဖြစ်လာ၏။

အစောင့်တွေများ ရှိနေမလား။ ထိုအတွေးကြောင့် ပြန်လှဲလိုက်သည်။ စိတ်ထဲမှာလည်း ကောင်မလေးဆီ အတွေးရောက်သွားပြန်၏။

ဘယ်လိုဒုက္ခတွေများ တွေ့နေမလဲဆိုပြီး စိုးရိမ်စိတ် ဖြစ်သွားမိသည်။ ထိုစိတ်ကြောင့်ပဲ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ကျောက်တုံးများနောက်မှထကာ မတ်တတ်ထရပ်လိုက်သည်။ ဓားကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

ကံကောင်းစွာနဲ့ပဲ အစောင့်တစ်ယောက်မှ မရှိချေ။

သေဆုံးနေသော ရဲမက်များနှင့် ဝတ်ရုံရှည်ဝတ်ထားသော လူကြီးတစ်ယောက်ရဲ့ အလောင်းကိုသာ တွေ့ရသည်။

ကျန်တဲ့သုံးယောက်ကို ဖမ်းခေါ်သွားပြီလား။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာ အကြီးအကျယ်ရပြီးတော့ ထွက်ပြေးသွားတာလား။

အတွေးတို့ မဆုံးခင်မှာပဲ ဝင်ပေါက်တစ်ခုကို တွေ့လိုက်ရသောကြောင့် ဝမ်းသာအားရဖြစ်သွားပြီး အပြင်သို့ ထွက်လိုက်လေ၏။

"အို"

သင်ရောက်ရှိနေသော နေရာသည် လူသူကင်းမဲ့သော နေရာတွင် တည်ဆောက်ထားပြီး ဂူပုံသဏ္ဍာန်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် ဝတ်ရုံရှည်နှင့် လူပြောလိုက်သော တောင်ကြား တစ်ခုကို ခပ်ဝေးဝေးတွင် လှမ်းမြင်လိုက်ရသည်။

ထိုတောင်ကြားကျော်ပြီးပါက ချစ်သူနှင့် တွေ့ရတော့မည် ဟူသော အသိကြောင့် သင့်စိတ်ထဲတွင် ဝမ်းသာသွားပြီး ခြေလှမ်း စလှမ်းရန် ပြင်လိုက်သည်။

သို့သော် ထိုတောင်ကြားသည် လှမ်းမြင်နေရသော်လည်း အနည်းငယ် ဝေးနေသေး၏။ ထိုအခါ ထိုတောင်ကြားကို သွားရန် အတွက် လမ်းနှစ်လမ်းကို တွေ့ရသည်။


တစ်လမ်းက တောအုပ်ထဲကသွားရသည့် လမ်းဖြစ်ပြီး အခြားလမ်းကတော့ ကွင်းပြင်ကြီးတစ်ခုကို ဖြတ်ပြီးမှ သွားရသော လမ်း ဖြစ်သည်။ ဘယ်လမ်းက သွားမလဲ။





■ တောအုပ်ထဲက သွားမည်ဆိုပါက (အခန်း -၆၆ ကို ဆက်ဖတ်ပါ။)

■ ကွင်းပြင်ကြီးကို ဖြတ်သွားမည်ဆိုပါက (အခန်း - ၁၂၀ ကို ဆက်ဖတ်ပါ။)



(၅၃)

သင်သည် ကောင်းကင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် တောအုပ်ထဲသို့ ပြေးဝင်သွားလိုက်သည်။

နောက်က လိုက်လာမလားဆိုပြီး တစ်ချက်တစ်ချက် လှည့်ကြည့်ရသေးသည်။ မည်သူမှ လိုက်မလာတာကိုတွေ့ရမှ ရင်အေးသွားလေသည်။ ထို အစိမ်းရောင်ဝတ်ရုံရှည်နှင့် လူကြီးသည် သင့်ကို ခြောက်လှန့်ရုံ ခြောက်လန့်ခြင်း ဖြစ်ပုံရသည်။

ထို့နောက် ရှေ့ခရီး ဆက်ခဲ့လိုက်သည်။

(အခန်း- ၇၀ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



(၅၈)

နီးစပ်ရာ တောင်ကုန်းပုလေးတစ်ခုဆီသို့ ပြေးကပ်လိုက်သည်။ ဓားကို အဆင်သင့်ထုတ်ထားလိုက်ပြီး အသက်ကို မှန်မှန်ရှူနေလိုက်သည်။ ထို့နောက် သင့်ဆီသို့ ဦးတည်ပြေးလာသော တောင်ဘက်အဖွဲ့ကို တစ်ချက်ကြည့်လိုက်သည်။

ကံကောင်းစွာနဲ့ပဲ သင့်ဆီ ပြေးလာနေသော တောင်ဘက်အဖွဲ့မှာ တကွဲတပြားဖြစ်နေပြီး လူသုံးယောက်မှာ ထိပ်ဆုံးမှ ပြေးလာနေသည်ကို တွေ့ရသည်။

ထို့ကြောင့် သင်သည် ထိုသုံးယောက်နှင့် ဦးစွာရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်သည်။ ပြေးလာနေသော သုံးယောက်ထဲမှ တတိယမြောက်လူမှာ ခေါင်းဆောင်ဖြစ်ပုံရသည်။ အဝါရောင်ခေါင်းစည်းကို စည်းထားပြီး သူ့လူများကို အော်ဟစ် အမိန့်ပေးနေလေသည်။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| ပထမလူ | ၅ | ၆ |
| ဒုတိယလူ | ၅ | ၄ |
| ခေါင်းဆောင် | ၇ | ၇ |





(စာအုပ်ရှေ့တွင် ရေးဆွဲထားသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အား အမှတ်များသည် တစ်ဖက်ပါ ရန်သူများ၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားအမှတ်များထက် ပိုများနေပါက ထို သုံးယောက်ကို သင် နိုင်ပြီ ဖြစ်သည်။ အမှတ်နည်းပါက သင်ရှုံးပြီ ဖြစ်သည်။)

■ နိုင်ခဲ့ပါက (အခန်း- ၉၃ ကို ဆက်ဖတ်ပါ။)



(၅၉)

"အခြားမြို့ကနေ ဒီကို အမှတ်မထင် ရောက်လာတာပါ"

"ဘယ်လို. . ."

သူမက သင့်ကို မျက်မှောင်ကြုတ်ပြီး ကြည့်သည်။ ကျန်တဲ့ယောက်ျားကြီး သုံးယောက်မှာလည်း သင့်ကို စူးစိုက်ကြည့်နေသည်။ သူတို့လည်း သင့်ကို ယုံကြည်ပုံမရချေ. . .။

ခါးတွင် သံကြိုးများချည်ထားသောသူက ဝတ်ရုံရှည်ဝတ်ထားသောသူကိုကြည့်ပြီး. . .





www.burmeseclassic.com

www.burmeseclassic.com

"သူလိမ်ပြောနေတာ ဖြစ်မယ်"

ဟုပြောသည်။

"ကျွန်...ကျွန်တော် တကယ်ပြောတာပါ"

သင်က ဓားကို ဆုပ်ကိုင်ထားသော်လည်း ပါးစပ်က စကားလုံးများက ထစ်ထစ်ငေါ့ငေါ့နဲ့ ထွက်သွားသည်။

သူတို့အားလုံးက သင့်ရှေ့သို့ ခြေတစ်လှမ်းတိုးလာကြ၏။ သင်က ကြောက်ကြောက်လန့်လန့်နဲ့ နောက်တစ်လှမ်း ဆုတ်လိုက်သည်။

"မင်းက ငါတို့နောက်ကို လိုက်နေတဲ့သူလျှိုမှတ်လား"

"ဟင်..."

ရုတ်တရက် သင့်မှာ ကြောင်တောင်တောင်ဖြစ်သွားပြီး နောက်မှ တဖြည်းဖြည်း သဘောပေါက်လာလေ၏။

"မဟုတ်ရပါဘူး... ကျွန်တော်က..."

စသည်ဖြင့် သင်နဲ့ သင့်ချစ်သူတို့ ဒုက္ခရောက်ပြီး ဒီမြို့ကို ရောက်လာပုံ၊ သင့်ချစ်သူ ပျောက်နေသောကြောင့် လိုက်ရှာနေပုံ စသည့် အဖြစ်မှန်များအတိုင်း ပြောပြလိုက်လေ၏။

"ဒါဆို...မင်းဝတ်ထားတဲ့ ဝတ်စုံတွေကရော"

သူမကပဲ မယုံသင်္ကာနဲ့ ထပ်မေးသည်။

သင်က သင်ဝတ်ထားသော အင်္ကျီများကို တစ်ချက်ကြည့်



ပြီး ဒီမြို့က လူတစ်ယောက်က ကယ်တင်လိုက်၍ အသက်ရှင်ရပုံ၊ သူကပဲ သူ့အဝတ်အစားများ ပေးခဲ့ပုံများကို ပြန်ပြောပြလိုက်၏။

ဤတွင် သူတို့က သင့်ကို ချိန်ထားသော ဓားများနှင့် လေးမြားများကို ရုတ်သိမ်းလိုက်ကြသည်။ အမျိုးသမီးက သင့်ရှေ့သို့ အနည်းငယ်တိုးပြီး သင်စီးထားသော ဖိနပ်ကို သေချာကြည့်လေ၏။

ထိုအခါမှပဲ သင်လည်း သင့်ခြေထောက်ကို ပြန်ငုံ့ကြည့်မိသည်။

သင်၏ ဖိနပ်မှာ သင်စီးနေကျဖိနပ် (TLSM)တံဆိပ် ဖိနပ်ဖြစ်နေတာကို တွေ့လိုက်ရသည်။

"ဒီဖိနပ်မျိုး ဒီမြို့မှာ မရှိဘူး"

အမျိုးသမီးက ရေရွတ်သည်။

ထို့နောက် သင့်ကို အားလုံးက ယုံသွားကြလေသည်။

ထိုစဉ်...(အခန်း - ၇၁ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com



(၆၀)

"ဟင့်အင်း. . . မတွေ့ခဲ့ဘူး"

သူမက မျက်နှာလေးညှိုးငယ်သွားပြီး-

"သူက. . . ကျွန်မအဖေပါ၊ သူ့သတင်း မကြားရတာကြာလို့ ခရီးသွားတွေဆီကပဲ မေးနေရတာ၊ ကျွန်မ နာမည်က မာသာပါ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

"ဒီမြို့မှာ ပျော်ရွှင်ပါစေ"

ဟု နှုတ်ဆက်ကာ သင့်ရှေ့မှ ထွက်သွားပြီး လူအုပ်ကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

သင်လည်း လမ်းဆက်လျှောက်လာခဲ့သည်။

**(အခန်း-၁၂ ကို ဆက်ဖတ်ပါ။)**







(၆၁)

ခဏအကြာတွင် အတီးအမှုတ် အဖွဲ့များ၏ ဖျော်ဖြေသံများကို ကြားလိုက်ရသည်။ ထို့ပြင် အစားအသောက် ဧည့်ခံရေးသမားများကိုလည်း တွေ့လိုက်ရ၏။

အစားအသောက်ဧည့်ခံရေးသမားများမှာ အမျိုးသမီးနည်းပါးပြီး အမျိုးသားများသာ ပိုများလေသည်။


သူတို့လက်ထဲတွင်လည်း ဟင်းပွဲမျိုးစုံကို တစ်ဦးပြီးတစ်ဦး စဉ်ဆက်မပြတ် သယ်နေသည်ကို တွေ့ရသည်။

ထိုဟင်းပွဲများကို ဘုရင်ကြီးရှိနေသည့်နေရာနှင့် အနောက်ဘက် အဆောက်အဦထဲမှ သယ်ထုတ်နေခြင်း ဖြစ်သည်။

အတွေးတစ်ခုရသွားပြီး အဆောက်အဦပေါ်ကနေ ခပ်မြန်မြန် ပြန်ဆင်းလိုက်သည်။ ထို့နောက် ဟင်းပွဲများစီစဉ်ရာ အဆောက်အဦသို့ လူအုပ်ကြီးကို ကျော်ဖြတ်ပြီး ရောက်အောင် သွားလိုက်သည်။

အဆောက်အဦ အဝင်အဝတွင် အစောင့်တစ်ယောက်ကို တွေ့ရသောကြောင့် ထိတ်လန့်သွားပြီး သစ်ပင်အကွယ်တစ်ခုတွင် ခဏရပ်နေလိုက်၏။

ထို့နောက်-





www.burmeseclassic.com

www.burmeseclassic.com

(၆၂)

- ■ ထိုအစောင့်ကို ဝင်ရောက်တိုက်ခိုက်မလား။ (အခန်း- ၈၆ ကို ဆက်ဖတ်ပါ။)
- ■ ဟင်းပွဲသယ်နေတဲ့ လူတစ်ယောက်ကို တိုက်ခိုက်ပြီး သူ့နေရာ ဝင်ယူလိုက်မလား။ (အခန်း- ၅၃ ကို ဆက်ဖတ်ပါ။)
- ■ ခေတ္တစောင့်ပြီး အခြေအနေကို စောင့်ကြည့်နေမလား။ (အခန်း- ၁၇ ကို ဆက်ဖတ်ပါ။)



(၆၂)

သူမက သူမ၏ဝတ်ရုံကြီးကို ခေါင်းပေါ်ခြုံလိုက်ပြီးနောက် လမ်းမကြီးအတိုင်း တည့်တည့်ဆက်လျှောက်သွားလေ၏။

သင်ကလည်း သူမနောက်ကနေ ကပ်လိုက်သွား၏။ ခဏအကြာတွင် လူသူရှင်းသော နေရာတစ်ခုကို ရောက်သွားပြီး လမ်းခွဲသုံးလေးလမ်းကိုလည်း တွေ့လိုက်ရလေသည်။



သင်က တုံ့ဆိုင်းသွားပြီး ဟိုကြည့်ဒီကြည့် လျှောက်ကြည့်မိသော်လည်း သူမက တုံ့ဆိုင်းခြင်းမရှိဘဲ လမ်းတစ်လမ်းထဲသို့ ချိုးဝင်လိုက်လေသည်။

လမ်း၏နာမည်ကို ကြည့်လိုက်သောအခါ (Zero)၊ သုည လမ်းဟု ရေးထိုးထားသည်။

လမ်းသွားလမ်းလာ တချို့ကို တွေ့ရသည်။ သို့သော် ထိုလူများက သင်တို့ကို ဂရုမစိုက်ဘဲ သူတို့လမ်းသာ သူတို့ သွားလာနေကြသည်။

ယခုအချိန်ထိ သူမနဲ့ နောက်ထပ် စကားမပြောဖြစ်တော့ပေ။ သူမကလည်း ရှေ့ကနေ ခပ်သုတ်သုတ် သွားနေသလို၊ သင်ကလည်း သူမကို မီအောင် ခပ်မြန်မြန်လိုက်နေရလေသည်။

ခဏကြာသောအခါတွင် ရှေ့ကသွားနေသော သူမမှာ အဆောက်အဦတစ်ခုရှေ့၌ ရပ်လိုက်လေ၏။

သင်လည်း လိုက်ရပ်လိုက်ပြီး ထိုအဆောက်အဦကို ကြည့်မိလိုက်သည်။ အဆောက်အဦမှာ ကြီးမားလှပြီး ဘုရားကျောင်းပုံစံနှင့်တူသည်။

ထို့ကြောင့်-

"ဘာ အဆောက်အဦလဲဗျ"

"ဒီမြို့ရဲ့ ကိုးကွယ်မှု နေရာပါ"





www.burmeseclassic.com

www.burmeseclassic.com

"ကိုးကွယ်မှုနေရာ"

သင် တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ဒါဆို ဆုတောင်း၊ ဝတ်ပြုတဲ့ နေရာပေါ့ဟု တွေးလိုက်သည်။ သူမ အနောက်ကနေ အဆောက်အဦထဲကို လိုက်ဝင်လိုက်၏။

ရုပ်တုများ. . . များပြားလှသည့် ရုပ်တုများကို နေရာတိုင်းလိုလိုတွင် တွေ့လိုက်ရသည်။

ဘာရုပ်တုတွေမှန်း သေချာမသိသော်လည်း ကိုးကွယ်သည့် ရုပ်တုများဖြစ်ပုံရသည်ဟု ထင်မိသည်။ ခန်းမအလယ်မှာတော့ ရုပ်တုကြီးတစ်ခုကို တွေ့ရသည်။ ထိုရုပ်တုကြီးရှေ့တွင်တော့ ပူဇော်ပသမှုများကို တွေ့ရသည်။

ထို့ပြင် ဝတ်ရုံနက်နှင့် လူကြီးတစ်ဦးလည်း ထိုင်နေတာကို တွေ့ရ၏။ အမျိုးသမီးက ထိုဝတ်ရုံနက်နှင့် လူဆီသို့ လှမ်းသွားလိုက်ပြီး အရိုအသေပေးကာ တစ်ခုခု တီးတိုးမေးနေသည်ကို တွေ့လိုက်ရသည်။

ထို့နောက် သင်ရှိရာသို့ ပြန်လာပြီး အောက်ပါအတိုင်း ပြောပြလေသည်။

"သူက ဒီမြို့ရဲ့ ကိုးကွယ်မှုကို စောင့်ရှောက်သူပါ၊ ဒီက လူတော်တော်များနဲ့ တွေ့ဆုံရတော့ သူက သတင်းစုံတတ်တယ်"

"အခု ကျွန်တော့်ချစ်သူသတင်း ဘာ. . . ဘာထူးလဲဗျ"



စိတ်လှုပ်ရှားပြီး အသံတွေတောင် တုန်နေသည်။

"မနေ့က သူ့ဆီကို ရဲမက်တစ်ဦး ပူဇော်ကန်တော့ရင်းနဲ့ ရောက်လာတယ်တဲ့"

"အင်း"

"သူကတော့ စကားစမြည် ပြောရင်းနဲ့ ကောင်မလေး တစ်ယောက်အကြောင်း ရောက်သွားတယ်တဲ့"

"ဟုတ်. . . ဟုတ်လား၊ သူ. . . သူ့ကို ဘယ်မှာ ဖမ်းထားကြတယ်တဲ့လဲ"

အလောတကြီး မေးလိုက်မိသည်။

"ရှင့်ရဲ့ ကောင်မလေး ဟုတ်၊ မဟုတ်တော့ မသိဘူးနော်"

"အဲဒီရဲမက်က ဘယ်လိုပြောလို့လဲ"

"အကြွေစေ့နဲ့ ကောင်မလေးတဲ့"

"ဟင်"

သင် ရုတ်တရက် တွေဝေသွားသည်။ ထို့နောက်-

■ ထိုရဲမက်ပြောသော ကောင်မလေးသည် သင့်ချစ်သူဟု ယူဆခဲ့ပါက- (အခန်း- ၂ ကို ဆက်ဖတ်ပါ။)

■ မဖြစ်နိုင်ဘူးထင်ပါက ထိုအဆောက်အဦမှထွက်ပြီး လမ်းမအတိုင်း ဆက်လျှောက်ရန်အတွက်- (အခန်း- ၁၂ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



(၆၃)

သင့်အလှည့်ရောက်ဖို့ ရှေ့တွင် သုံးယောက်ပဲလိုတော့သည့် အချိန်ဖြစ်သည်။ ဘုရင့်ဘေးနားတွင်လည်း အစောင့်အကျပ်ထူထပ်စွာ ချထားသည်။ သင့်ချစ်သူကို လှမ်းကြည့်လိုက်သောအခါတွင် နောက်ဟင်းခွက်များကို တို့ခနဲ ဆိတ်ခနဲသာ လုပ်နေသည်ကို တွေ့ရသည်။

စိတ်ပါပုံမရပဲ အတင်းခိုင်းစေထားပုံရသည်ကို တွေ့လိုက်ရသောကြောင့် ပိုပြီး စိတ်မကောင်းဖြစ်သွားသည်။

နောက်တစ်ယောက် ထွက်သွားပြီး သင့်ရှေ့တွင် လူနှစ်ယောက်သာ ရှိတော့သည်။ သင်ဘာဆက်လုပ်မလဲဆိုတာ စဉ်းစားရတော့မည်။

■ သင့်လက်ထဲက ဟင်းခွက်နဲ့ ဘုရင်ကို ပက်ချကာ တိုက်ခိုက်မလား။ (အခန်း- ၉၉ ကို ဆက်ဖတ်ပါ။)

■ ပုံမှန်အတိုင်းပဲ သင့်ချစ်သူရှိရာဆီကို ဟင်းခွက် ယူသွားမလား။ (အခန်း- ၁၄ ကို ဆက်ဖတ်ပါ။)





(၆၄)

ဘုရင့်ရှေ့တွင်ရှိနေသော လက်ကိုင်ပန်းအိုးကြီးဖြင့် ဘုရင်ကို တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော် ဘုရင့်ကိုယ်ရံတော်တစ်ဦးက သင့်ထက်လျင်မြန်စွာ ဖမ်းယူလိုက်ပြီး သင့်ကို ဓားပြားဖြင့် ရိုက်ချလိုက်၏။

"ဖျန်း"

"အား"

မြေပြင်ပေါ်သို့ လိမ့်ကျသွားပြီး သင့်ကို ဝိုင်းဖမ်းကြလေ၏။

ထို့နောက် ဘုရင့်လုံခြုံရေးအရပ်ဟုဆိုကာ သင့်ကို ဖမ်းခေါ်သွားကြလေ၏။ သင့်မှာ သင့်ချစ်သူကို လှမ်းအော်ချိန်မရတော့ဘဲ ရဲမက်များ၏ ဆွဲခေါ်ရာနောက်သို့ တရွတ်တိုက်ပါသွားလေသည်။

ထို့နောက်တွင် သင့်ချစ်သူကို ဘယ်တော့မှ မမြင်ရတော့ဘဲ ရဲမက်များ၏ နှိပ်စက်ညှဉ်းပန်းမှုကြောင့် သူတို့ ဖမ်းဆီးထားသည့် နေရာမှာပင် ဒဏ်ရာဒဏ်ချက်များဖြင့် သင် သေဆုံးသွားလေတော့သည်။ **(The End)**



www.burmeseclassic.com

www.burmeseclassic.com



## (၆၅)

သင်က တစ်စုံတစ်ရာ လှမ်းအော်လိုက်သည်။ လူအုပ်အသံများနှင့်ရောကာ သင့်အသံသည် တိုးမပေါက်ဘဲ ဖြစ်နေလေသည်။

သို့သော် သင်အော်နေတာကိုတော့ အဆောက်အဦအောက်မှာ စောင့်နေတဲ့ ရဲမက်တွေက ကြားသွားပြီး သင်ရှိရာသို့ ပြေးလာကြလေသည်။

ထိုအရာကို သင်က သတိမထားမိဘဲ အော်မြဲအတိုင်း အော်နေလေသည်။ ခဏအကြာတွင် ရဲမက်များ ရောက်ရှိလာပြီး၊ သင့်ကို ဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။

သင်ဘယ်လောက်အော်အော် သင့်ချစ်သူ မကြားနိုင်တော့။ နောက်ဆုံးတွင် သင့်ကို ရဲမက်များက အရူးတစ်ယောက်အဖြစ် သတ်မှတ်ကာ အရူးများရှိနေသောမြို့၏ ထောင်ထဲ၌ တစ်သက်လုံး ထည့်ထားလိုက်လေတော့သည်။

သင့် ချစ်သူကိုလည်း မြင်တွေ့ခွင့် မရတော့ချေ. . .။

**(The End)**





## (၆၆)

တောအုပ်ထဲကို စဝင်လိုက်သည်။ သစ်ပင်များနှင့် စိမ်းလန်းနေသော တောအုပ်တစ်ခု ဖြစ်သည်။ နေရောင်က သစ်ပင်များကြားကနေ တဖျောက်ဖျောက်ထိုးနေပြီး သစ်တောအတွင်း ဝင်ရသည်မှာ အေးစိမ့်စိမ့်နှင့် ကြောက်စရာကောင်းသည်ဟု ထင်မိသည်။

သစ်တောထဲသို့ တဖြည်းဖြည်းနဲ့ ဝင်လာခဲ့ရာ အထဲသို့ ရောက်လာလေ အလင်းရောင်မရှိတော့ပဲ မှောင်မည်းလာလေ ဖြစ်သည်။

ထိုစဉ်-

"ဟင်"

သင်၏ ခြေလှမ်းများ ရပ်သွား၏။ သင်၏ မျက်လုံးများကလည်း တစ်နေရာသို့ ရောက်သွားပြီး လက်ကဓားကိုလည်း မသိမသာ မြှောက်လိုက်သည်။

မည်သို့ဆိုသော် ခပ်လှမ်းလှမ်းတွင် သင့်ကို ရပ်ကြည့်နေသော မြွေခွေးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

(၆၇)

■ ထိုအခါ သင်ကရှေ့ဆက်မတိုးဘဲနဲ့ ထိုမြေခွေးတို ရှောင်သွား မလား။ (အခန်း - ၉၂ ကို ဆက်ဖတ်ပါ။)

■ ဒါမှမဟုတ် အစာကျွေးဖို့အတွက် ချော့မြူမလား။ (အခန်း - ၈ ကို ဆက်ဖတ်ပါ။)

■ မြေခွေးကို သင်ကပဲ စတင်တိုက်မလား။ (အခန်း - ၁၀၀ ကို ဆက်ဖတ်ပါ။)



(၆၇)

ဒီအချိန်မှာ သင်သည် သူမကို အကူအညီ တောင်းခြင်းသာ အမှန်ကန်ဆုံးဖြစ်သည်ဟုတွေးကာ သူမကို အကူအညီ တောင်းလိုက်၏။

“ကျွန်တော် ... ဘာ... ဘာလုပ်ရမလဲ”

“သိပ်တော့ မလွယ်ဘူး၊ ဒါပေမဲ့ ရှင်ကြိုးစားချင်တယ်



ဆိုရင်တော့ ကြိုးစားလို့ရတယ်”

“ပြော... ပြောပါ၊ ကျွန်တော် ဘာလုပ်ရမလဲ”

အခုအချိန်တွင် သင့်ချစ်သူအတွက်ဆို သင်က ဘာမဆို လုပ်ရဲတဲ့ သတ္တိရှိနေပြီ ဖြစ်သည်။

“ဘုရင်ကြီးက ကြင်ယာမမြောက်ခင်မှာ အဲ့ဒီအမျိုးသမီးနဲ့ အတူ ပြည်သူတွေကို တွေ့ဆုံပွဲ လုပ်လေ့ရှိတယ်”

“တွေ့ဆုံပွဲ... ဟုတ်လား”

“အင်း... ဟုတ်တယ်၊ အဲ့ဒီပွဲမှာ ရှင့်ရဲ့ချစ်သူကို ရအောင် ယူနိုင်ရင်တော့ ရှင့်ချစ်သူကို ပြန်ရဖို့ အခွင့်အရေး ရှိမယ်ထင်တယ်၊ ဒါပေမဲ့ ရဲမက်တွေ၊ အစောင့်တွေ ဝန်းရံနေတော့ ခက်ခဲလိမ့်မယ်၊ ပြီးတော့ ရှင့်အသက်တောင် အန္တရာယ်ရှိနိုင်တယ်”

“ဟုတ်ပြီ”

ရက်နီးနေပြီဖြစ်သောကြောင့် အောက်ပါအချက်နှစ်ခုထဲက တစ်ခုကို ရွေးချယ်ရတော့မည်။

■ သင့်အသက်ကို ပဓာနမထားဘဲ သင့်ချစ်သူကို ရအောင်တယ်မလား။ (အခန်း- ၇ ကို ဆက်ဖတ်ပါ။)

■ ကယ်လည်း ထူးမနေပါဘူးဟု ဆိုပါက (အခန်း- ၂၄ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



## (၆၈)

သင် ခေါင်းမငုံ့ချပဲ စူးစမ်းသလိုလို လုပ်ပြီး ဟိုကြည့် ဒီကြည့် လုပ်နေတာ မှန်သွားလေသည်။ မည်သို့ဆိုသော် သင် စွံ့အဲတာ ဟုတ်မဟုတ်ကို သူတို့က စမ်းသပ်လိုက်ခြင်း ဖြစ်သည်။

ထို့ပြင် သင့်နားက ဖြတ်သွားသော မြားများသည် မြင်းစီး အမျိုးသမီးတစ်ယောက်က ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

ခေါင်းဆောင်အမျိုးသမီးက သင့်ကို ကြည့်ပြီး ပြုံးလိုက်၏။ ထို့နောက် သင် တကယ်ပဲ စွံ့အ နားမကြား ဖြစ်နေတာကို ယုံကြည်သွားကြလေသည်။

ဤသို့ဖြင့် နေ့မွန်းတည့်သည်အထိ မြင်းဆက်စီးလာကြရာ ကြီးမားသော လွင်ပြင်ကြီးကနေ တောင်ကြားလေးတစ်ခုကို ထပ်ရောက်လာပြန်၏။ ထိုတောင်ကြားကို အချိန်အနည်းငယ်ခန့် ဖြတ်သွားပြီးသောအခါတွင် သင်သွားချင်သော၊ သင်ချစ်သူရှိသော အစိမ်းရောင်မြို့၏ မြို့ရိုးတံခါးကြီးကို တွေ့လိုက်ရလေသည်။

"အို"

ခမ်းနားလှသော အစိမ်းရောင် အုတ်မြို့ရိုးကြီးနှင့်အတူ မြင့်မားလှသော အဆောက်အဦအချို့ကို အဝေးကနေ လှမ်းမြင် လိုက်ရ၏။



သင်သွားချင်သောမြို့ကို တွေ့လိုက်ရသောကြောင့် သင့်စိတ်တို့ လှုပ်ရှားလာပြီး မြင်းပေါ်တွင် ဂနာမငြိမ် ဖြစ်နေလေသည်။

မြို့ဝင်တံခါးနားအရောက်တွင် ခေါင်းဆောင် အမျိုးသမီးက သင့်ကို လက်ဟန်၊ ခြေဟန်ဖြင့် သင်သွားချင်သည့် မြို့ရောက်ပြီဖြစ်ကြောင်း၊ ဒီမှာပဲ ဆင်းနေခဲ့ကာ သင်သွားချင်သည့်နေရာကို သွားနိုင်ပြီဖြစ်ကြောင်း ပြောလေ၏။

သင်ကလည်း ခေါင်းညိတ်ပြလိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်၏။ ထို့နောက် မြို့ထဲကိုဝင်ကာ သင့်ချစ်သူကို လိုက်ရှာရပေဦးမည်။ **(အခန်း- ၄၈ ကို ဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com



(၆၉)

"ကျွန်တော့်ချစ်သူကို ဖမ်းထားတဲ့နေရာကို သွားနေတာပါ။ သိရင် ကူညီပါဦး၊ ဘယ်လိုသွားရမလဲလို့"

ထိုသို့ သင်က ပြောလိုက်သောကြောင့် ခေါင်းဆောင် အမျိုးသမီးအပါအဝင် အားလုံးက ဝိုင်းရယ်ကြလေသည်။

"ရှင့်ရဲ့ချစ်သူကို ဘယ်မှာ ဖမ်းထားကြတာလဲ"

"အစိမ်းရောင် မြို့ထဲမှာ"

ခေါင်းဆောင်အမျိုးသမီးက အရယ်ရပ်သွားပြီး သင့်ကို စိုက်ကြည့်နေလေသည်။ ထို့နောက် သူမလက်ကို သင့်ဆီသို့ ကမ်းလိုက်ပြီး-

"ရှင့်ဓားကို ပေးပါ။ ပြီးရင် ဗီရာနောက်ကနေ တက်ထိုင်လိုက်ပါ"

မြင်းပေါ်က အမျိုးသမီးငယ်တစ်ယောက်ကို လက်ညှိုးထိုးရင်း ပြောလိုက်သည်။

ထို့နောက်-


"ကျွန်မတို့ ရှင့်ကို အစိမ်းရောင်မြို့ထဲကို ခေါ်သွားပေးမယ်"

သင်က သူမကို တစ်ချက်ကြည့်လိုက်ပြီး-





- သင့်လက်ထဲက ဓားကို လှမ်းပေးလိုက်မလား။ (အခန်း- ၁၁၀ ကို ဆက်ဖတ်ပါ။)
- ဓားကို မပေးပဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်မလား။ (အခန်း- ၄၇ ကို ဆက်ဖတ်ပါ။)



(၇၀)

တောအုပ်ထဲသို့ဝင်ပြီး ရှေ့သို့ ခရီးဆက်လာခဲ့ရာ တဖြည်းဖြည်းနှင့် တောနက်လာလေသည်။ အချို့နေရာများတွင် သစ်ပင်များ ကွယ်နေပြီး လမ်းဆက်သွားလို့ မရအောင်ပင် ဖြစ်နေသည်။

ထို့ကြောင့် သစ်ပင်များကို ခုတ်ထွင်ပြီး ရှေ့ဆက်သွားလို့ရအောင် လမ်းရှင်းရ၏။ တချို့နေရာများတွင် ခုတ်ထွင်ရှင်းလင်း၍ မရသောကြောင့် အခြားသွားလို့ရသောလမ်းကိုရှာကာ သွားရ၏။ ဤသို့ဖြင့် တစ်နေရာအရောက်တွင် ရှေ့၌ ချုံတစ်ခုကို ဓားဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ခုတ်ပြီး လမ်းရှင်းလိုက်ရာတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားလေ၏။

ခြင်္သေ့. . . ခြင်္သေ့ တစ်ကောင်က သင်သွားမည့် လမ်းတည့်တည့်တွင် အိပ်နေခြင်း ဖြစ်သည်။ သင် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ရောက်သည့် နေရာမှာတွင် ရပ်နေပြီး ခြင်္သေ့ကြီး နိုးလာမှာ စိုးသောကြောင့် အသက်ပင် ရဲရဲမရှူရဲပဲ ရပ်နေရသည်။

ထို့ကြောင့်-

ထိုခြင်္သေ့မနိုးအောင် အခြားလမ်းမှ ရှောင်ချယ်သွားလိုက်သည်။ (အခန်း- ၁၂၀ ကို ဆက်ဖတ်ပါ။)









(၇၁)

ထိုစဉ် အပြင်ဘက်ဆီကနေ အသံများ ကြားလိုက်ရပြီး ပိတ်မိနေသော ကျောက်တုံးများအား တွန်းဖယ်နေသည့်အသံများကို ကြားလိုက်ရသည်။

"ရဲမက်တွေပဲ"

အမျိုးသမီးက ရေရွတ်သည်။

သင်က တအံ့တသြဖြစ်သွားပြီး-

"ရဲမက်တွေဟုတ်လား"

ရဲမက်တွေဆိုတာ ရှေးခေတ်မှာပဲ ရှိနေတာဟု သင်သိထားသောကြောင့် တအံ့တသြ မေးလိုက်ခြင်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

သင်ထိုသို့ တွေးနေစဉ်မှာပဲ သူတို့သုံးယောက် ခေါင်းချင်းဆိုင်ပြီး တိတ်တဆိတ် ဆွေးနွေးနေကြလေသည်။

အပြင်က အသံများကလည်း ဆူညံနေလေ၏။

သင်ကလည်း ဘာလုပ်လို့လုပ်ရမှန်း မသိဘဲဖြစ်နေပြီး ထိုလေးယောက်ကိုပဲ ကြည့်နေရလေသည်။

ခဏအကြာတွင် ထိုလေးယောက်ထဲမှ ဝတ်ရုံရှည်ဝတ်ထားသော အမျိုးသားသည် သင်ရှိရာသို့ လှမ်းလာပြီး သူ့ရဲ့အိတ်ကတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်ကာ သင့်ကိုလှမ်းပေး၏။

"ဒါကို ယူသွားပါ"

"ဟင်. . ."

သင့်မှာ ကြောင်တောင်တောင်ဖြစ်သွားပြီး သူလှမ်းပေးသောအရာကို ကြည့်လိုက်မိသည်။

ရွှေကြိုးတစ်ခု ဆွဲထားပြီး ဘာအရောင်မှန်း ခန့်မှန်းရခက်သည့် အဝိုင်းပြားအလယ်တွင် တဖိတ်ဖိတ်တောက်နေသော ကျောက်တစ်မျိုး ထည့်ထားသည့်အရာကို တွေ့လိုက်ရသည်။

"ဘာ. . . ဘာလုပ်မလို့လဲ"

သင်က လှမ်းမယူသေးဘဲ ပြန်မေးလိုက်သည်။

"မကြာခင် ရဲမက်တွေ ဝင်လာတော့မယ်၊ မင်းကို အပြင်ထွက်ပြေးနိုင်အောင် ကူညီမယ်၊ ကျုပ်တို့ကတော့ သူတို့ကို တိုက်ခိုက်



ရင်း သေမလား ရှင်မလား မသိဘူး၊ ဒီတော့ ကျုပ်တို့က မင်းကို ကူညီမယ်၊ မင်းကလည်း ကျုပ်တို့ကို ပြန်ကူညီ"

"ဘာကူညီရမှာလဲ"

"ကျုပ်တို့က မင်းကို ဒီထဲကထွက်နိုင်အောင်နဲ့ မင်းရဲ့ချစ်သူ ရှိတဲ့နေရာကို သွားနိုင်အောင် ပြောပြမယ်၊ မင်းလုပ်ရမှာက ကျုပ်တို့ရဲ့ ကျောက်တုံးတံဆိပ်ကို ယူသွားပြီး စောင့်ရှောက်ပေးဖို့ပဲ၊ မင်း ဘယ်မှာပဲ ရှိနေရှိနေ၊ ကျုပ်တို့ အသက်ရှင်ရင် မင်းရှိတဲ့ဆီကို လာယူပါ့မယ်"

ထိုသို့ပြောပြီးနောက် ထိုပစ္စည်းကို သင့်လက်ထဲ ထိုးပေး၏။

အနည်းငယ်လေးပြီး၊ တဖိတ်ဖိတ်တောက်နေသော ကျောက်ရောင်ကြောင့် သင့်မှာ စိတ်ဝင်စားသွားပြီး-

"ဒါ. . . ဒါကြီးက. . . ဘာလုပ်တဲ့ဟာကြီးလဲ"

ဟု ပြန်မေးလိုက်၏။

ထိုလူက သူ့အဖွဲ့ရှိရာ အနောက်သို့ ပြန်လှည့်ကြည့်လိုက်၏။ အားလုံးက အကြည့်တစ်မျိုးဖြင့် ပြန်ကြည့်ကြသည်ဟု သင်ထင်လိုက်ပြီးနောက် ထိုဝတ်ရုံရှည်နှင့်လူသည် သင့်ဘက်သို့ ပြန်လှည့်ပြီး စကားပြောရန် ပြင်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

"ဒုန်း. . ."

ပိတ်မိနေသော ကျောက်တုံးတစ်တုံးမှာ လွင့်စဉ်ထွက်သွားပြီး သင်တို့ရှေ့ ခပ်လှမ်းလှမ်းသို့ ပြုတ်ကျသွား၏။

"ဝင်လာပြီ"

အမျိုးသမီးက လှမ်းအော်သည်။

သံကြိုးများ ခါးတွင်ချည်ထားသော အမျိုးသားက ထိုအပေါက်သို့ တစ်ဟုန်ထိုး ပြေးသွား၏။

ဝတ်ရုံရှည်နှင့်လူက သင်၏လက်ကို ဆွဲကိုင်ကာ အခန်းတစ်နေရာသို့ ခေါ်သွားလေ၏။ (အခန်း- ၂၅ ကို ဆက်ဖတ်ပါ။)

(၁၂)

ဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် တောင်ဘက်အခြမ်းက ပြေးလာနေသော အဖွဲ့ဆီသို့ ဦးတည်ကာ ဓားကိုဝင့်ပြီး ပြေးသွားလိုက်သည်။

ပါးစပ်ကလည်း စိတ်ထဲရှိရာ အော်ဟစ်လိုက်ပြီး ထိုအဖွဲ့နားသို့ ရောက်သွားလေ၏။

ကံဆိုးစွာနဲ့ပဲ ထိုအဖွဲ့နားသို့ ရောက်သောအခါတွင် ခေါင်းစည်းကြိုးစည်းထားပြီး ကြီးမားသန်မာ တုတ်ခိုင်လှသော



ခေါင်းဆောင်ဖြစ်ပုံရသည့် လူကြီးက သင့်ကို ဓားနဲ့ ခုတ်ပိုင်းလိုက်၏။

"ဝိုး"

သင်က ထိုလူကြီး၏ ဓားချက်ကို ရှောင်လိုက်ပြီး သူ့အပေါ်သို့ ခုန်အုပ်လိုက်သည်။

သို့သော် ဟန်ချက်ပျက်သွားပြီး နှစ်ယောက်သား လုံးထွေးသွားကာ လိမ့်ကာလိမ့်ကာနဲ့ ချောက်ကမ်းပါး အစွန်းတစ်ခုသို့ ရောက်သွား၏။

သင်ကလည်း ထိုခေါင်းဆောင်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားပြီး အခွင့်အရေးကို စောင့်နေ၏။


ထိုစဉ် ခေါင်းဆောင်က သင့်မျက်နှာသို့ သူ၏ လက်နက်နှင့် ပိတ်ရိုက်လိုက်လေ၏။

"ခွပ်"

"အား. . ."

အရှိန်မှာ ပြင်းသွားသောကြောင့် တစ်ဖက်ကိုလည်သွားပြီး ချောက်ကမ်းပါးထဲသို့ ပြုတ်ကျသွား၏။

သင်နှင့်အတူ ထိုခေါင်းဆောင်သည်လည်း လေထဲမှာ ဝဲပျံရင်း. . .





www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အေးခနဲ ခံစားလိုက်ရပြီး ခေါင်းဆောင်ကို ဆုပ်ကိုင်ထားသောလက်အား လွှတ်ချလိုက်သည်။

ထို့နောက် နက်ရှိုင်းသော ချောက်ကမ်းပါးအောက် ထဲသို့ နှစ်ယောက်စလုံး တဖြည်းဖြည်းနဲ့ ပြုတ်ကျသွားသည်။

ချစ်သူ. . . အတွေးထဲမှာ ကောင်မလေး၏မျက်နှာကို မြင်ယောင်လာ၏။ ထိုအဖွဲ့ကို မတိုက်ခိုက်မိခဲ့ရင် အကောင်းသားဟု သင့်စိတ်ထဲမှာ တွေးနေမိသည်။ သို့သော် နောက်ကျသွားလေပြီ. . . ။

မကြာမီအချိန်တွင် ချောက်ကမ်းပါးအောက်သို့ ပြုတ်ကျသေဆုံးသွားလေသည်။ **(The End)**

(၃၃)

ဓားများကို လျှောက်ကြည့်ကာ စိတ်ကြိုက် ဓားတစ်ချောင်းကို ရွေးယူလိုက်သည်။

ထိုဓားသည် မလေးလွန်း၊ မပေါ့လွန်းသော ဓား တစ်ချောင်းဖြစ်ပြီး သံတုံးကိုတောင် ဖြတ်နိုင်သည့် ဓားတစ်ချောင်းဟု ထင်ရသည်။

ထို့ပြင် သင့်ကို မြင်းနှင့်ခေါ်လာသည့် အဖွဲ့ခေါင်းဆောင် အမျိုးသမီး ကိုင်ဆောင်သည့် ဓားနဲ့လည်း ဆင်တူ၏။





ထို့ကြောင့် ထိုဓားကိုပဲ ရွေးကာ ဝယ်ယူလိုက်၏။ **(စာအုပ်ရှေ့က ကျွမ်းကျင်မှုအကွက်ထဲတွင် အမှတ် (၂)မှတ် ပေါင်းထည့်ပါ။)**

ကျသင့်ငွေကို ရှင်းပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ **(အခန်း-၅၄ ကို ဆက်ဖတ်ပါ။)**



(၃၄)

"အ. . . အား. . . အား. . ."

သင်က သင့်ရဲ့နားရော ပါးစပ်ကိုပါ ထိုးပြရင်း အအား အအားနှင့် လုပ်နေလိုက်သည်။

ပထမတော့ သူတို့က သင်ရန်ပြုရန်ပြင်နေသည့် အထင်ဖြင့် သူတို့၏ ဓားများကို ထုတ်လိုက်ကြသည်။

နောက်မှ သူတို့ထဲက အမျိုးသမီးတစ်ဦးက-

"စွံ့အနားမကြားဖြစ်နေတာထင်တယ်"





www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ပြောလိုက်လေ၏။

ခေါင်းဆောင်အမျိုးသမီးက သင့်ကို တစ်ချက်ကြည့်ပြီး နောက် သင့်ပုံစံကို ယုံကြည်သွားပုံရပြီး လက်ဟန်၊ ခြေဟန် ဖြင့် ကောင်မလေးတစ်ယောက်ရှိနေသည့် မြင်းပေါ်ကို တက်ခိုင်း သည်။

သင်လည်း သူတို့အားလုံး၏ အရိပ်အခြေကိုကြည့်ပြီး မတက်ရင် မဖြစ်တော့ဘူး ဆိုတာကို သိသွားကာ ထိုကောင်မလေး နောက်ကနေ မြင်းပေါ်သို့ တက်လိုက်၏။ ကောင်မလေးကတော့ သင်နဲ့အတူ နှစ်ယောက်စီးရတာကို သိပ်ကြိုက်ပုံမပေါ်ချေ. . .။

ထိုသို့ဖြင့် ထိုအဖွဲ့နှင့် ပါလာပြီး သူတို့နှင့်အတူ ခရီးဆက် ခဲ့လိုက်သည်။ ပြောစကားများအရ သင်နှင့်အတူစီးနေသော ကောင် မလေးမှာ ဇီရာဆိုသည့် ကောင်မလေးဟု သိရသည်။

ထို့ပြင် သူတို့အဖွဲ့သည် သင် သွားချင်သည့် အစိမ်းရောင် မြို့ မိဖုရားကြီး၏ ကိုယ်ရံတော်အဖွဲ့မှဖြစ်ကြောင်း သိလိုက်ရသည်။ ဂူထဲတွင် တွေ့ခဲ့သော အမျိုးသမီးအဖွဲ့၏ ရန်သူများ ဖြစ်ပေလိမ့်မည်။

သို့သော် အခုအချိန်မှ ထွက်ပြေးလို့ မရတော့သောကြောင့် မြင်းစီးရင်းပဲ ငြိမ်သက်စွာ လိုက်လာခဲ့လိုက်သည်။

အိတ်ကပ်ထဲက တံဆိပ်ကိုတော့ စမ်းကြည့်လိုက်သေးသည်။

(**အခန်း- ၄၀ ကို ဆက်ဖတ်ပါ။**)





## (၇၅)

စကြိုလမ်းမကို တစ်ဟုန်ထိုး မပြေးသွားခင်မှာဘဲ ဝုန်းခနဲ အသံကြားလိုက်ရပြီး စကြို၏အမိုးများ ပြိုကျလာသည်ကို တွေ့ လိုက်ရသည်။ တဂျိမ်းဂျိမ်း ပြိုကျလာသော အသံများက ကြောက် မက်ဖွယ်ကောင်းသောကြောင့် ရုတ်တရက်လန့်ပြီး ခုန်ရှောင်မိ သည်။

သို့သော် အမိုးပြားတစ်ခုက သင်ရှိရာသို့ လွင့်စင်လာ၏။

"ခွပ်"


"အား. . ."

သင်၏ ရင်ဘတ်ကို ဆောင့်မိပြီး နံရိုးတစ်ချောင်း ကျိုးသွား သလို စူးစူးစိုက်စိုက် နာကျင်သွားသည်။ သင် ဒဏ်ရာ အနည်းငယ် ရသွားသည်။

(**ဒဏ်ရာရသောကြောင့် စာအုပ်ရှေ့တွင် ရေးဆွဲထား သော သင်၏ 'ခံနိုင်ရည်အား' ဇယားကွက်တွင် (၂)မှတ် လျှော့ပါ။**)

စကြိုလမ်းသည်လည်း အမိုးများ ပြိုကျမှုကြောင့် လမ်း ပိတ်သွားပြီဖြစ်သည်။

သင်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ကတုန်ကယင်ဖြစ်နေပြီး





www.burmeseclassic.com

www.burmeseclassic.com

(၇၆)

လဲကျသည့်နေရာမှ အားယူထလိုက်သည်။ အခြားစင်္ကြံလမ်းမှာလည်း ပိတ်နေတာကို တွေ့လိုက်ရသည်။

ထို့ကြောင့် သင့်တွင် ရွေးချယ်စရာမရှိတော့ဘဲ ခြေသံပိုင်ရှင်များကို ရင်ဆိုင်ရန်အတွက် လက်ထဲကဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ပြီး မီးအလင်းရောင်ကို မမှိတ်မသုန် ကြည့်နေလိုက်သည်။ **(အခန်း - ၂၁ ကို ဆက်ဖတ်ပါ။)**

(၇၆)

ထိုလူကြီးကို တိုက်ခိုက်ဖို့အတွက် ဓားကို ဆွဲထုတ်လိုက်လေ၏။ ထို့နောက် တစ်ဟုန်ထိုး ပြေးဝင်သွားသောအခါ ခုနကနေရာတွင် ထိုလူကြီး မရှိတော့တာကို တွေ့ရ၏။

"ဟင်"

ဘယ်ရောက်သွားပါလိမ့်. . . အတွေးတို့ မဆုံးခင်မှာပဲ-

"အား. . ."

ဘာမှန်းမသိသော အရာတစ်ခုက သင့်ခေါင်းပေါ်ကနေ ဖြတ်ပျံသွားသောကြောင့် လန့်အော်လိုက်မိခြင်း ဖြစ်သည်။

ကောင်းကင်ကို မော့ကြည့်လိုက်သည်။ နှုတ်သီးချွန်ချွန်နှင့် ဘာအမျိုးအစားမှန်း ဝေခွဲရခက်နေသော ငှက်တစ်ကောင်သည်



သင့်အပေါ်သို့ ထိုးစိုက်ဦးတည်ဆင်းလာတာကိုတွေ့ရ၏။

နီးစပ်ရာသို့လှိမ့်ပြီး အလျင်အမြန် ရှောင်လိုက်ရသည်။ ငှက်သည် ကောင်းကင်ပေါ်သို့တစ်ဖန် ပြန်တက်သွားကာ သင့်အပေါ်ကနေ ပျံဝဲနေလေ၏။

သင့်ကို စောင့်ကြည့်နေခြင်း (သို့) တိုက်ခိုက်ဖို့အတွက် အားယူနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ထို့ပြင် သင့်မှာ ပတ်ဝန်းကျင်ကို လျှောက်ကြည့်ရာ ခုနက လူကြီးကိုလည်း မတွေ့ရတော့သောကြောင့် အနည်းငယ်တော့ ထိတ်လန့်သွားသည်။

ငှက်ကများ. . . ဆိုသည့် အတွေးများလည်း ဝင်လာ၏။ ထို့ကြောင့်-

- **ကိုယ်သွားရမယ့် လမ်းကိုပဲ ဆက်သွားမည်ဆိုပါက (အခန်း - ၅၇ ကို ဆက်ဖတ်ပါ။)**
- **ဒါမှမဟုတ် ဒီနေရာမှာပဲနေပြီး ငှက်ကိုတိုက်ခိုက်ရန်အတွက် ပုန်းနေမည်ဆိုပါက (အခန်း- ၉၄ ကို ဆက်ဖတ်ပါ။)**



www.burmeseclassic.com

www.burmeseclassic.com



## (၄၄)

တောင်ကုန်းဆီသို့ ကျောက်တုံးများကို ကျော်ဖြတ်ပြီး မြန်နိုင်သမျှမြန်အောင် ပြေးသွားလိုက်သည်။

နောက်ကိုလည်း တစ်ချက်တစ်ချက် လှည့်ကြည့်ရ၏။ နှစ်ဖွဲ့စလုံး တစ်ဖက်တစ်ချက်ဆီမှနေ၍ သင့်နောက်သို့ ပြေးလိုက်လာသည်ကို တွေ့ရလေသည်။ တစ်ဖွဲ့က တောင်ဘက်မှ ပြေးလာနေပြီး နောက်တစ်ဖွဲ့ကတော့ မြောက်ဘက်မှ ဖြစ်သည်။

မောလာသော်လည်း အားထည့်ပြီး ဆက်ပြေးရပြန်၏။ နောက်က အော်ဟစ်သံများကို ကြားရလေ သင် ပိုပြေးရလေ ဖြစ်သည်။

ခြေထောက်များကလည်း မီးပွင့်ထွက်လာသလား အောက်မေ့ရသည်။ ပူလောင်ပြီး မခံမရပ်နိုင်အောင် နာကျင်လာသည်။

ရပ်လို့ကလည်း မဖြစ်။ ဆက်ပြေးနေရသည်။

မောလာပြီ. . .။ ခဏနားမှ ဖြစ်မည်။

နောက်ကို တစ်ချက်ကြည့်လိုက်သည်။

တောင်ဘက်က အဖွဲ့နှင့် မြောက်ဘက်ကအဖွဲ့မှာ သင်နှင့် တဖြည်းဖြည်း နီးလာပြီ ဖြစ်သည်။





စိတ်ဓာတ်ကျလာ၏။ ဘာလုပ်ရမှန်းမသိတော့ဘဲ တွေဝေနေသည်။ စိတ်ထဲမှာ ချီတုံချတုံဖြစ်ကာ တစ်ခုခုကိုတော့ ဆုံးဖြတ်ရပေတော့မည်။

- ■ မြောက်ဘက်ကအဖွဲ့နဲ့ပဲ ရင်ဆိုင်စောင့်ဆိုင်း တိုက်ခိုက်မလား။ (အခန်း - ၁၁၅ ကို ဆက်ဖတ်ပါ။)
- ■ တောင်ကုန်းတစ်ဖက်က တောင်ဘက်အဖွဲ့ကို စောင့်ဆိုင်းတိုက်ခိုက်မလား။ (အခန်း-၅၈ ကို ဆက်ဖတ်ပါ။)
- ■ ဒါမှမဟုတ် ဆက်ပြေးမလား။ (အခန်း -၉ ကို ဆက်ဖတ်ပါ။)

## (၄၈)

လက်ပေါ်တွင် သစ်စေးများ မရှိတော့သောအခါ ရေကန်ကို တစ်ချက်ကြည့်လိုက်သည်။ ရေကန်သည် အနည်းငယ်ကျယ်ဝန်းပြီး ထိုရေကန်ထဲမှ ထွက်ပေါ် စီးဆင်းနေသောရေသည် စမ်းချောင်းထဲသို့ စီးဝင်ကာ လွင်ပြင်တစ်လျှောက်စီးဆင်းနေတာကို တွေ့လိုက်ရ၏။

သင်မြင်နေရသော လွင်ပြင်သည် တဖြည်းဖြည်း ကျယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုတော့ တွေ့ကောင်း တွေ့နိုင်လိမ့်မည်ဟု တွေးမိကာ ရောက်နေသည့်ဘက်ကနေ စမ်းချောင်းတစ်လျှောက် လျှောက်လာခဲ့သည်။ အခု အခါ စိတ်တွေသည် လန်းဆန်းသလို ဖြစ်နေပြီး အားအင်လည်း ရှိလာပြီဖြစ်သည်။ ဆက်သွားနေရင်းနဲ့ လမ်းတစ်လျှောက် မြင်ကွင်းများမှာ စမ်းချောင်းမှအပ အခြား ထူးထူးခြားခြား မြင်ကွင်း မရှိချေ။

ချစ်သူကို တွေ့ရပါတော့မလားဆိုသည့် စိုးရိမ်စိတ်ကလည်း ဝင်လာသည်။ ဒီခရီးကို မထွက်ခဲ့ရင်အကောင်းသားဟု ကိုယ့်ကိုကိုယ် အပြစ်တင်နေမိပြန်၏။

အခုတော့ မိမိရော၊ မိမိချစ်သူပါ ဘယ်နေရာရောက်လို့ ရောက်နေမှန်း မသိတော့. . .။

တစ်လမ်းလုံးလည်း ဘာမှန်းမသိတဲ့ ကိစ္စတွေကို ရင်ဆိုင်ခဲ့ရသည်။ ကြောက်စရာလည်းကောင်းသည်။ ဒီနေရာသည် ဘယ်လိုနေရာကြီးမှန်းလည်း မသိချေ။

လမ်းမှာတွေ့ရသော အဖွဲ့တွေက ဘယ်သူတွေလဲ။ သူ့ကို ပစ္စည်းပေးလိုက်သော သူတွေကရော ဘယ်သူလဲ။

လမ်းလျှောက်နေရင်းနဲ့ တစ်လမ်းလုံး တွေးနေမိသည်။

"ဖျောက်"







www.burmeseclassic.com

www.burmeseclassic.com

အသံတစ်သံ ကြားလိုက်ရသည်။ ခပ်လှမ်းလှမ်းမှ လာတဲ့ အသံဖြစ်သောကြောင့် သူ့နားထဲတွင် တိုးတိုးလေး ကြားလိုက်ရသည်။

ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။ ဘယ်သူမှ မတွေ့. . .။ ထို့ကြောင့် သင်လာခဲ့သည့် အနောက်ဘက်တစ်လျှောက်ကို လှည့်ကြည့်လိုက်သည်။

"ဟင်"

ထိတ်လန့်သွားပြီး မြေပြင်ပေါ်သို့ ကမန်းကတန်း ဝပ်ချလိုက်သည်။

ရဲမက်. . . ရဲမက်တစ်ယောက်သည် သင်သွားရာလမ်းများကို ခြေရာခံရင်း လိုက်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သင်နှင့် သိပ်မဝေးတော့ပေမဲ့ သင့်ကိုတော့ မြင်တွေ့ပုံမရသေးချေ. . .။

သို့သော်လည်း သူ လာနေသည့်လမ်းမှာ သင် ရောက်နေသည့်နေရာနှင့် တည့်တည့်ပင်ဖြစ်သည်။

မကြာမီအချိန်မှာ တွေ့ဆုံနိုင်ပေမည်။ ထို့ကြောင့် သင် တစ်ခုခုကို စဉ်းစားဆုံးဖြတ်ရပေတော့မည်။


■ သင်သွားနေသည့် စမ်းချောင်းကမ်း ဘက်အခြမ်းအတိုင်း အားသွန် ခွန်စိုက်ပြေးသွားမလား။
(အခန်း- ၁၁၇ ကို ဆက်ဖတ်ပါ) ဒါမှမဟုတ်-





■ ရန်သူနှင့်လမ်းကြောင်း သွေဖယ်သွားအောင် စမ်းချောင်း တစ်ဖက်ကမ်းကို ကူးသွားမလား။
(အခန်း- ၁၀၈ ကို ဆက်ဖတ်ပါ။)

■ နီးစပ်ရာ ချုံပုတ်တစ်ခုကို ရှာပြီး ပုန်းနေမလား။
(အခန်း- ၉၆ ကို ဆက်ဖတ်ပါ။)



(၇၉)

သင်က ထိတ်လန့်သွားပြီး သင့်မှာရှိသော ကျောက်တုံးတံဆိပ်ကို လှမ်းပေးလိုက်သည်။

ထိုအန်နီဆိုသည့် လူသည် သင့်မှာရှိသော ကျောက်တုံးတံဆိပ်ကို ဆတ်ခနဲ လှမ်းယူလိုက်ပြီးနောက် သင့်ကို ပြုံးပြုံးကြီး ကြည့်နေလေ၏။

ထို့နောက် "တဟီးဟီး တဟားဟား"ရယ်ကာ-





www.burmeseclassic.com

www.burmeseclassic.com

"သင်က အရှုံးပဲ" ဟု ရေရွတ်ပြီး သင့်ကို စတင်တိုက်ခိုက်လေ၏။

သင်ကလည်း ပြန်လည်ခုခံလိုက်၏။ သို့သော် အားမမျှသဖြင့် သင့်မှာ ထိုလူ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရပြီး မြေပြင်ပေါ်သို့ ပစ်လဲကာ လောကတစ်ခုလုံး မှောင်မိုက်သွားလေ၏။

သူက လဲကျသွားသော သင့်အပေါ်သို့ အုပ်မိုးလိုက်ပြီး-

"ကျုပ်ကို ဒီကျောက်တုံးတံဆိပ်ပေးလိုက်တာနဲ့ သင့်ကို အသက်ရှင်ခွင့်ပေးမယ် ထင်လို့လား. . . ဟား. . . ဟား. . . ဟား"

ဟု ရယ်မောကာ သူ့ဓားဖြင့် သင့်ရင်ဘတ်ကို ထိုးချလိုက်လေသည်။

သင်လည်း ထိုနေရာမှာပဲ သေဆုံးသွားကာ သင့်ချစ်သူကို ဘယ်သောအခါမှ တွေ့မြင်ရမည် မဟုတ်တော့ပါ။ **(The End)**







(၈၀)

နောက်ထပ် (၂)နာရီခန့်ကြာသောအခါ တည်းခိုခန်းထဲကနေ ပွဲတော်ရှိရာသို့ ထွက်ခဲ့သည်။

ကံကောင်းတာတစ်ခုက သင့်ကို လူအများက ဂရုတစိုက်နဲ့ ထူးထူးခြားခြား ကြည့်ရှုခြင်းမရှိပဲ ဘုရင့်ပွဲတော်ဆီကိုသာ အာရုံစိုက်သွားလာနေခြင်း ဖြစ်သည်။

ခဏအကြာတွင် တည်းခိုခန်းကလူ ညွှန်လိုက်သောနေရာကို ရောက်သောအခါ လူများ ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို တွေ့လိုက်ရသည်။

လူအုပ်ကြီးမှာ များပြားလှသောကြောင့် ရှေ့ဘက်ကို လှမ်းမမြင်ရဘဲ ဖြစ်နေသည်။ ဘယ်လိုမှလဲ တိုးဝှေ့လို့ မရချေ. . .။

နီးစပ်ရာတစ်ယောက်ကို တိုးတိုးလေး ကပ်မေးလိုက်၏။

"ဘုရင်ကြီး ရောက်ပြီလား"

"ဘာဗျ"

ထိုလူက ဒေါသတကြီးနဲ့ ပြန်အော်သောကြောင့် ထိတ်လန့်သွားလေသည်။

ဘာများမှားသွားပါလိမ့်။ နောက်မှသိရသည်မှာ သင်ပြောသည့်စကားမှာ မှားသွားသောကြောင့် ဖြစ်သည်။ အမှန်မှာ





www.burmeseclassic.com

www.burmeseclassic.com

'ဘုရင်ကြီး ကြွချီလာပြီလား"လို့ မေးရမှာ ဖြစ်သည်။

ဒီမြို့ကလူတွေက ဘုရင်ကြီးကို ရိုသေကြသောကြောင့် ထိုသို့အမှားမျိုးကို လက်မခံကြချေ။

ထို့ကြောင့် သင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"ဘုရင်ကြီး ကြွချီလာပြီလားဗျ"ဟု ပြန်ပြင်ပြောလိုက်ရသည်။

ဒီမြို့သားတွေ ကြားထဲကနေ မိမိချစ်သူကို ခေါ်ထုတ်သွားဖို့ဆိုတာ သိပ်တော့ မလွယ်ကူဘူးဟု သင်တွေးမိလိုက်သည်။

**(အခန်း- ၅၅ ကို ဆက်ဖတ်ပါ။)**







(၈၁)

"ဟင်"

အဆောက်အဦထဲတွင် လူများပြည့်နှက်နေပြီး ကိုယ့်အလုပ်နှင့်ကိုယ် ရှုတ်ရှက်ခတ်နေသည်။

ဘုရင်တစ်ဦးအတွက် ထိုမျှ များပြားလှသောလူများ အလုပ်လုပ်နေသည်ကို သင်တစ်ခါမှ မတွေ့ဖူးခဲ့ . . .။


သင် ဝင်လာတာကိုလည်း ဘယ်သူမှ သတိမထားမိကြသောကြောင့် သင်လည်း ဟိုလျှောက်ကြည့်၊ ဒီလျှောက်ကြည့် လုပ်နေလိုက်သည်။

ထိုစဉ်-

"ဟေ့. . . ဒီကို တစ်ယောက်လာပါဦး"

ဟင်းမွှေနေသည့် လူကြီးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။ သူက ဘယ်သူမှ မကြည့်ဘဲ တစ်ယောက်ယောက်ကို လာရန်အတွက် လှမ်းအော်နေခြင်း ဖြစ်သည်။ ဒါနဲ့ သင်လည်း ထိုလူကြီးနားကို သွားကာ သူ့ရှေ့တွင် ရပ်လိုက်သည်။

သင်လည်း ရပ်ရော ထိုလူကြီးက မော့မကြည့်ဘဲ ဟင်းအိုးထဲမှ အရာများကို ပန်းကန်ထဲ ထည့်ကာ လှမ်းပေး၏။





www.burmeseclassic.com

www.burmeseclassic.com

"ရော့. . . မြည်းစမ်းတဲ့ နေရာသွားပေး"

ဟုဆိုကာ လှမ်းပေးပြီး ဟင်းအိုးထဲကို ဘာတွေမှန်း မသိသည့် အရာများကို ထပ်ထည့်ကာ မွှေနေပြန်၏။

သင်လည်း ထိုပန်းကန်ကြီးကို ကိုင်ကာ ဘယ်သွားလို့ ဘယ်သွားရမှန်း မသိဖြစ်နေလေသည်။

ထိုစဉ် ဟင်းခွက်များ ကိုင်ပြီး စီတန်းရပ်နေသော ယောကျ်ားများကို တွေ့လိုက်ရသည်။ ဝတ်စုံများကို တူညီစွာဝတ်ထားပြီး ဒီမှာရှိတဲ့ လူတွေရဲ့ အဝတ်အစားတွေနဲ့ မတူဘဲ တစ်မျိုးတစ်မည် ကွဲပြားနေသည်။

ထိုလူများသည် ဘုရင်ကြီးရှေ့ ဟင်းပွဲပို့ပေးရတဲ့လူများ ဖြစ်သည်။

ဤတွင် လူတစ်ယောက်သည် ထိုသို့သော အကျႌအမျိုးအစားကို အခန်းတစ်ခုအတွင်းမှ ထုတ်ယူကာ လဲလှယ်ဝတ်ဆင်နေသည်ကို တွေ့လိုက်ရ၏။


ထို့ကြောင့် အခန်းနားသို့ တိုးကပ်သွားပြီး အခန်းထဲသို့ ဝင်လိုက်သည်။

"ဟာ. . ."

အကျႌအမျိုးအစားပေါင်း မြောက်မြားစွာကို တွေ့လိုက်ရလေသည်။ **(အခန်း- ၄၂ ကို ဆက်ဖတ်ပါ။)**







(၈၂)

သင်လည်း အနည်းငယ် စဉ်းစားလိုက်ပြီး-

"မကောင်းဆိုးဝါးကောင်တွေပါ" ဟု ပြောလိုက်၏။

ခေါင်းဆောင် အမျိုးသမီးမျက်မှောင်ကြုတ်သွားသည်။ ထို့နောက်-

"မဖြစ်နိုင်ဘူး. . . ဒီမှာ မကောင်းဆိုးဝါးဆိုတာ ရှိမှမရှိတာ"

ထိုသို့ ပြောပြီးနောက် သင့်ကို မသင်္ကာသလို ကြည့်ကာ သူ့လူများကို အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ဒီလူကို ဖမ်းစမ်း"

**(အခန်း- ၁၁၂ ကို ဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com



## (၈၃)

သင်လည်း အနည်းငယ် စဉ်းစားလိုက်ပြီး-

"မသိဘူး"

ဟုပြန်ပြောလိုက်၏။

သင့်အဖြေကို ကြားလိုက်ရသောကြောင့် ခေါင်းဆောင်ဖြစ်သူမှာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ထို့နောက် သူတို့က မြို့ထဲသို့ ခေါ်သွားမည်ဟုပြော၏။

သင်လည်း လမ်းပျောက်နေသောကြောင့် ဝမ်းသာအားရဖြစ်သွားလေသည်။ ထို့နောက် ခေါင်းဆောင်အမျိုးသမီးက ဇီရာဆိုသည့် ကောင်မလေးကို ညွှန်ပြပြီး-

"ဇီရာ မြင်းပေါ်ကို တက်ထိုင်လိုက်ပါ"

"ဟုတ်. . . ဟုတ်ကဲ့"

ဇီရာဆိုသည့် ကောင်မလေးက သူ့မြင်းပေါ်တက်နိုင်ရန်အတွက် လက်ကမ်းပေးသည်။

သူမ၏မျက်နှာမှာ သင်နဲ့အတူမသွားချင်သည့် အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

ထို့ကြောင့် သင်လည်း မြင်းပေါ်တက်ကာ ခပ်ကုပ်ကုပ်လေးလိုက်ပါလာခဲ့သည်။ **(အခန်း- ၁၀၉ ကို ဆက်ဖတ်ပါ။)**





## (၈၄)

စာကြည့်တိုက်မှာ ရှေးဆန်လှသည်။ မြင့်မားသော နံရံများပေါ်တွင် စာအုပ်များစီရီထားပြီး အမျိုးအစားများလည်း စုံလင်ပုံရသည်။

ထိုင်ခုံအသီးသီးတွင် ဖတ်ရှုနေကြသော သူများမှာလည်း စာအုပ်ကိုယ်စီဖြင့် ထိုင်ကာ အေးအေးချမ်းချမ်းဖတ်နေလေ၏။

သင်လည်း ဟိုကြည့်ဒီကြည့် လုပ်နေစဉ်တွင်-

"ဘာစာအုပ်ရှာနေတာလဲ" ဟုဆိုသည့် အသံတစ်သံကို ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်ရာ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။


"ကျွန်. . . ကျွန်တော်. . ."ဟု စကားစလိုက်ပြီး ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ-

"ဝုန်း" ဆိုပြီး နံရံအမြင့်ပေါ်က စာအုပ်အထပ်လိုက်ကြီး ပြုတ်ကျလာသည်ကို တွေ့ရ၏။

"ဟင်"

"အင့်"

အမျိုးသမီးကို ခပ်မြန်မြန်လှမ်းဖမ်းလိုက်ပြီး ဝေးရာသို့ အလျှင်အမြန်ရှောင်လိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း"

"ဝုန်း"

စာအုပ်များမှာ အဆက်မပြတ် ကျနေလေသည်။ ခဏကြာမှ ရပ်သွားလေ၏။

ကျလာသောစာအုပ်များမှာ ထူထဲလှပြီး တော်တော်လည်းများ၏။ တစ်ဖက်အခြမ်းမှ လူတစ်ယောက်က လှေကားပေါ်တက်ပြီး စာအုပ်များရှာစဉ် ချော်ကျပြီး စာအုပ်များကို ပြင်းထန်စွာ တိုက်မိသောကြောင့် စာအုပ်များ ပြုတ်ကျခြင်းဖြစ်သည်။

အမျိုးသမီးက-

"ကျေးဇူးတင်လိုက်တာရှင်၊ နို့မို့ဆိုရင် ကျွန်မ ဒဏ်ရာတော်တော်ရသွားနိုင်တယ်"

"ရပါတယ်"

"ဒါနဲ့ရှင်က. . . ဒီမြို့က တစ်စိမ်းထင်တယ်"

"ဟုတ်ပါတယ်"

"အကူအညီလိုရင် ပြောလေ၊ ကျွန်မကူညီပါ့မယ်"

သင်က ပြောသင့်မပြောသင့် ချိန်ဆနေလိုက်ပြီး နောက်ဆုံးတွင် ရွေးချယ်စရာ လမ်းမရှိသောကြောင့် သင့်ချစ်သူသတင်းကို မေးမြန်းစုံစမ်းလိုက်သည်။

သင်ရှင်းပြ မေးမြန်းနေသည်ကို သူမကသေချာနားထောင်







www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပြီးသွားသောအခါတွင် သူမက တစ်စုံတစ်ခုကို တွေးနေမိဟန်ဖြင့်-

"ရှင့် ချစ်သူ သတင်းကိုတော့ ကျွန်မ မသိဘူးရှင့်၊ ဒါပေမဲ့ သိနိုင်တဲ့ လူတစ်ယောက်တော့ရှိတယ်"

"ဟုတ်လား. . . ဘယ်သူလဲ"

မျှော်လင့်ချက်တော့ရပြီဆိုပြီး သင်ဝမ်းသာ အားရဖြစ်သွားလေသည်။

သူမက ခဏစောင့်ရန်ပြောပြီး အခန်းတစ်ခုထဲသို့ ဝင်ကာ အပေါ်ဝတ်ရုံတစ်ခု ဝတ်ပြီးနောက် "ကျွန်မနောက်လိုက်ခဲ့ပါ" ဟု ဆိုပြီး စာကြည့်တိုက်မှ ထွက်လိုက်လေ၏။

သင်လည်းချိတုံချတုံ ဖြစ်မနေတော့ဘဲ သူမနောက်က လိုက်သွားလိုက်သည်။ (**အခန်း- ၆၂ ကို ဆက်ဖတ်ပါ။**)





(၈၅)

"မင်းက ကျုပ်မိဖုရားမြှောက်မဲ့သူရဲ့ ချစ်သူလား"

"ဟုတ်ပါတယ်"

သင်က မဆိုင်းမတွပဲ ပြန်ဖြေလိုက်သည်။

ထို့ပြင် ဒီမြို့ကို ရောက်လာပုံ၊ လမ်း၌ အခက်အခဲတွေ့ပြီး အဖမ်းခံရပုံများကိုလည်း ရှင်းပြလိုက်၏။

ဘုရင်ကြီးနှင့်အတူ ပရိသတ်များက တိတ်ဆိတ်စွာ နားထောင်နေကြ၏။ ပြီးနောက်မှ ဘုရင်ကြီးသည် သင့်ချစ်သူဘက်လှည့်ကာ-

"ဒီအမျိုးသား ပြောတာ အမှန်တွေပဲလား"

"ဟုတ်ပါတယ်၊ သူက ကျွန်မချစ်သူပါ"

သင့်ချစ်သူက ဘုရင်ကြီးကို တောင်းပန်တိုးလျှိုးသည့် အကြည့်ဖြင့် ကြည့်ကာ ပြောလေ၏။

ဘုရင်ကြီးက သက်ပြင်းချပြီးနောက် ပုရောဟိတ်ကြီးဘက်သို့ လှည့်လိုက်၏။

"ပုရောဟိတ်ကြီး"

"ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

"ဒီမိဖုရားတင်မြှောက်ပွဲဟာ စည်းမျဉ်းစည်းကမ်းနဲ့ မညီတော့ဘူး"

"ဟုတ်ပါတယ် ဘုရား"

"ဒီတော့ မင်းပရိသတ်တွေကိုရှင်းပြပြီး အခမ်းအနားရုပ်မယ်"

"မှန်ပါ"

ထိုသို့ပြောပြီး ဘုရင်ကြီးမှာ သူ့နေရာသူ ပြန်ထိုင်နေလေသည်။

ပုရောဟိတ်ကြီးကတော့ ပရိသတ်ဘက်မျက်နှာမူကာ-

"ဘုရင် မိဖုရားတင်မြှောက်ပွဲ ရှေးအစဉ်အလာ စည်းမျဉ်းစည်းကမ်းများကို ပြောရမယ်ဆိုရင်. . ."

ဟု အစချီကာ အောက်ပါအတိုင်း ပရိသတ်များ ကြားလောက်သည့် လေသံဖြင့် ရှင်းပြလေ၏။

♦ ဘုရင်တင်မြှောက်မည့် မိဖုရားသည် ဘုရင်ကို မကြိုက်နှစ်သက်၊ သဘောမတူလည်း ဘုရင်က အတင်းအဓမ္မ မိဖုရားမြှောက်ပိုင်ခွင့် ရှိသည်။ သို့သော် အောက်ပါအချက်များ ငြိစွန်းလျှင် ဘုရင်သည် မိဖုရားမြှောက်ပိုင်ခွင့် မရှိချေ. . .။

(က) အိမ်ထောင်ကျဖူးသူ။

(ခ) အိမ်ထောင်ရှိသူ။





(ဂ) မိဘက မိဖုရားမြှောက်ဖို့ ကန့်ကွက်သူ။

(ဃ) ချစ်သူရည်းစားရှိသည်ဟု တစ်တိုင်းပြည်လုံးက သိသူတို့အား မိဖုရားမြှောက်ခွင့် မရှိချေ. . .။ (**အခန်း- ၆ ကို ဆက်ဖတ်ပါ။**)



(၈၆)

ထို့နောက် သူ ဟိုဘက်လှည့်သွားသောအခါတွင် သင်၏ဓားဖြင့် ထိုရဲမက်ကို အလစ်ဝင်ရောက်တိုက်ခိုက်လိုက်၏။

"အား"

သင်ကံဆိုးသွားတာက ခပ်လှမ်းလှမ်းတွင် ရဲမက်နှစ်ယောက်ရှိနေတာကို သတိမထားမိဘဲ ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ထိုရဲမက်နှစ်ယောက်က မြင်သွားပြီး သင့်ကို တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြလေသည်။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| ပထမရဲမက် | ၆ | ၇ |
| ဒုတိယရဲမက် | ၇ | ၆ |

(ဤစာအုပ်၏ ရှေ့ဇယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားအမှတ်များသည် ထိုရဲမက်နှစ်ယောက်၏ အမှတ်များထက် များနေပါက ထိုနှစ်ယောက်ကို သင်နိုင်ပြီဖြစ်သည်။ နည်းပါက ထိုနေရာမှာပင် သင်ရှုံးကာ သင့်ကို သူတို့က သတ်ပစ်မည်ဖြစ်သည်။) ထိုသို့ တိုက်ခိုက်၍ အောင်မြင်ပါက (အခန်း - ၄၅ ကို ဆက်ဖတ်ပါ။)







(၈၇)

ဘုရင်ကြီးနဲ့အတူ ထိုင်နေသော သင့်ချစ်သူကို အဝေးကနေ လှမ်းမြင်လိုက်သည်။ သင့်ရှေ့ကသွားနေသော ဟင်းခွက်သယ် လူတန်းကြီးမှာလည်း ရှည်လျားပြီး အလှည့်ကျ စနစ်တကျ စီတန်းသွားနေရသောကြောင့် ဘုရင်ကြီးရှေ့သို့ အမြန်မရောက်နိုင်ပဲ ဖြစ်နေသည်။

သို့သော်လည်း သင်သည် ဘုရင်ကြီးရှေ့နားတည့်တည့်သို့ မရောက်သော်လည်း ခပ်လှမ်းလှမ်းကိုတော့ ရောက်ရှိနေပြီ ဖြစ်သည်။

မကြာမီအချိန် ဘုရင်ကြီးရှေ့နား ရောက်သောအခါတွင် သင်မည်သို့ ဆက်လုပ်မည်နည်း။

- ■ ဓားမှာ ထားခဲ့ရပြီဖြစ်သောကြောင့် နီးစပ်ရာအရာ တစ်ခု နှင့် ဘုရင်ကြီးကို တိုက်ခိုက်မလား။ (အခန်း- ၆၄ ကို ဆက်ဖတ်ပါ။)
- ■ သင့်ချစ်သူကို ဘုရင်ကြီးဘေးကနေ အတင်းလုယက် ယူငင်ပြေးသွားမလား။ (အခန်း-၁၈ ကိုဆက်ဖတ်ပါ။)
- ■ ဘုရင်ကြီးနားရောက်မှပဲ အခြေအနေကြည့်ပြီး လှုပ်ရှားမလား။ (အခန်း- ၃၈ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၈၈)

သင့်မှာသာ ဘယ်သွားလို့သွားရမှန်း မသိချေ. . .။ ထို့ကြောင့် အရှေ့မှာ တွေ့နေရသော လမ်းမကြီးအတိုင်း ဦးတည်ရာမဲ့ လျှောက်နေမိသည်။

သင့်ချစ်သူကို ဘယ်မှာ ဖမ်းထားလဲမသိတော့ တစ်ယောက်ယောက်ကိုပဲ မေးရင်ကောင်းမလား။ ဒါမှတ် မေးလိုက်မှ ဒုက္ခရောက်မှာလည်း စိုးရိမ်ရသေးသည်။

သွားရင်းသွားရင်းနဲ့ ရှေ့တွင် လမ်းခွဲနှစ်ခုကို တွေ့လိုက်ရသည်။ တစ်ခုက မြောက်ဘက်ကို ကွေ့သွားသည့် လမ်းဖြစ်ကာ (ဈေးလမ်း)ဟု ရေးထိုးထားပြီး တောင်ဘက်သို့ ကွေ့သွားသည့် လမ်းကိုတော့ (နေမင်းလမ်း)ဟု ရေးထိုးထားသည်ကို တွေ့ရလေသည်။

ထိုနှစ်လမ်း၏လမ်းဆုံမှာ ရပ်နေလိုက်ပြီး ဘယ်လမ်းသွားရမလဲဟု စဉ်းစားလိုက်သည်။ ဘယ်လမ်းကို သင် သွားမလဲ။

- ■ ဈေးလမ်းကို သွားပါက (အခန်း- ၃၆ ကို ဆက်ဖတ်ပါ။)
- ■ နေမင်းလမ်းကို သွားပါက (အခန်း-၁၁၃ ကို ဆက်ဖတ်ပါ။)







## (၈၉)

"ရန်. . . ရန်သူတွေနဲ့ တိုက်ရင်း ဒီကိုရောက်လာတာပါ"

"ရန်သူတွေက ဘယ်သူတွေလဲ၊ ဘယ်ကလာတာလဲ"

ခေါင်းဆောင်အမျိုးသမီးက ထပ်မေးပြန်သည်။

သင်လည်း အနည်းငယ် စဉ်းစားလိုက်ပြီး-

- ■ မကောင်းဆိုးဝါးကောင်တွေပါဟု ဖြေမလား။ (အခန်း- ၈၂ ကို ဆက်ဖတ်ပါ။)
- ■ ဒီမြို့က ရဲမက်တွေပါလို့ ဖြေမလား။ (အခန်း- ၃၀ ကို ဆက်ဖတ်ပါ။)
- ■ ဘယ်သူတွေလဲ မသိဘူးဟု ဖြေမလား။ (အခန်း-၈၃ ကို ဆက်ဖတ်ပါ။)






www.burmeseclassic.com

www.burmeseclassic.com





(၉၀)

တည်းခိုခန်းအပြင်ကို လှောက်ကြည့်ရင်း ခဏအကြာတွင် ရဲမက်အချို့ ကင်းလှည့်လာနေသည်ကို တွေ့လိုက်ရ၏။

သင်လည်း သူတို့က သင့်ကို မှတ်မိသွားမလားစိုးရိမ်ကာ တစ်နေရာ၌ ပုန်းအောင်းနေလိုက်သည်။

ခဏအကြာတွင် ရဲမက်များက သင့်ကို ကျော်သွားလေ၏။ ထိုအခါမှပဲ သက်ပြင်းချနိုင်လေသည်။

ဘာပဲပြောပြော သင့်ချစ်သူကို မတွေ့ရသေးခင်မှာ အန္တရာယ်ဖြစ်မည့် ကိစ္စများကို ရှောင်ရှားသင့်ပေသည်။

ထို့ကြောင့် တည်းခိုးခန်းပဲ ပြန်ပြီး နေရန် ဆုံးဖြတ်လိုက်သည်။ (**အခန်း- ၈၀ ကို ဆက်ဖတ်ပါ။**)





(၉၁)

ထိုစဉ် အပြင်ဘက်က အသံများ ကြားလိုက်ရပြီး ပိတ်မိနေသော ကျောက်တုံးများအား တွန်းဖယ်နေသည့်အသံများကို ကြားလိုက်ရသည်။

"ရဲမက်တွေပဲ"

အမျိုးသမီးက ရေရွတ်သည်။

သင်က တအံ့တသြဖြစ်သွားပြီး-

"ရဲမက်တွေဟုတ်လား"


ရဲမက်တွေဆိုတာ ရှေးခေတ်မှာပဲ ရှိနေတာဟု သင်သိထားသောကြောင့် တအံ့တသြ မေးလိုက်ခြင်းဖြစ်သည်။

သင်ထိုသို့ တွေးနေစဉ်မှာပဲ သူတို့သုံးယောက် ခေါင်းချင်းဆိုင်ပြီး တိတ်တဆိတ် ဆွေးနွေးနေကြလေသည်။

အပြင်က အသံများကလည်း ဆူညံနေလေ၏။

သင်ကလည်း ဘာလုပ်လို့လုပ်ရမှန်း မသိဘဲဖြစ်နေပြီး ထိုလေးယောက်ကိုပဲ ကြည့်နေရလေသည်။

ခဏအကြာတွင် ထိုလေးယောက်ထဲမှ ဝတ်ရုံရှည်ဝတ်ထားသော အမျိုးသားသည် သင်ရှိရာသို့ လှမ်းလာပြီး သူ့ရဲ့အိတ်ကတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်ကာ သင့်ကိုလှမ်းပေး၏။





www.burmeseclassic.com

www.burmeseclassic.com

"ဒါကို ယူသွားပါ"

"ဟင်. . ."

သင် ကြောင်တောင်တောင်ဖြစ်သွားပြီး သူလှမ်းပေးသော အရာကို ကြည့်လိုက်မိသည်။

ရွှေကြိုးတစ်ခု ဆွဲထားပြီး ဘာအရောင်မှန်း ခန့်မှန်းရခက်သည့် အစိုင်းပြားအလယ်တွင် တဖိတ်ဖိတ်တောက်နေသော ကျောက်တစ်မျိုး ထည့်ထားသည့်အရာကို တွေ့လိုက်ရသည်။

"ဘာ. . . ဘာလုပ်မလို့လဲ"

သင်က လှမ်းမယူသေးဘဲ ပြန်မေးလိုက်သည်။

"မကြာခင် ရဲမက်တွေ ဝင်လာတော့မယ်၊ ကျုပ်တို့ကတော့ သူတို့ကို တိုက်ခိုက်ရင်း သေမလား၊ ရှင်မလားမသိဘူး၊ ဒီတော့ ကျုပ်တို့က မင်းကို ကူညီမယ်၊ မင်းကလည်း ကျုပ်တို့ကို ပြန်ကူညီ၊ ဘယ်လိုလဲ"

"ဘာကူညီရမှာလဲ"

"ကျုပ်တို့က မင်းကို ဒီထဲကထွက်နိုင်အောင်နဲ့ သင့်ချစ်သူရှိတဲ့နေရာကို သွားနိုင်အောင် ပြောပြမယ်၊ မင်းက ကျုပ်တို့ရဲ့ ကျောက်တုံးတံဆိပ် ယူသွားပြီး စောင့်ရှောက်ပေးပါ၊ မင်း ဘယ်မှာပဲ ရှိနေရှိနေ၊ ကျုပ်တို့ အသက်ရှင်ရင် မင်းဆီက လာပြန်ယူပါ့မယ်"



ထိုသို့ပြောပြီးနောက် ထိုပစ္စည်းကို သင့်လက်ထဲ ထိုးပေးလေ၏။

အနည်းငယ်လေးပြီး တဖိတ်ဖိတ်တောက်နေသော ကျောက်ရောင်ကြောင့် သင့်မှာ စိတ်ဝင်စားသွားပြီး-

"ဒါ. . . ဒါကြီးက. . . ဘာကြီးလဲ"

ဟု ပြန်မေးလိုက်၏။

ထိုလူက သူ့အဖွဲ့ရှိရာ အနောက်သို့ ပြန်လှည့်ကြည့်လိုက်၏။ အားလုံးက အကြည့်တစ်မျိုးဖြင့် ပြန်ကြည့်ကြသည်ဟု သင်ထင်လိုက်ပြီးနောက် ထိုဝတ်ရုံရှည်နှင့်လူသည် သင့်ဘက်သို့ ပြန်လှည့်ကာ စကားပြောရန် ပြင်စဉ်. . .

"ဒုန်း. . ."

ပိတ်မိနေသော ကျောက်တုံးတစ်တုံးမှာ လွင့်စဉ်ထွက်သွားပြီး သင်တို့ရှေ့ ခပ်လှမ်းလှမ်းသို့ ပြုတ်ကျသွား၏။

"ဝင်လာပြီ"

အမျိုးသမီးက လှမ်းအော်သည်။

သံကြိုးများ ခါးတွင်ချည်ထားသော အမျိုးသားက ထိုအပေါက်သို့ တစ်ဟုန်ထိုး ပြေးသွား၏။

ဝတ်ရုံရှည်နှင့်လူက သင်၏လက်ကို ဆွဲကိုင်ကာ အခန်းတစ်နေရာသို့ ခေါ်သွားလေ၏။ (အခန်း-၂၅ ကို ဆက်ဖတ်ပါ)





www.burmeseclassic.com

www.burmeseclassic.com





(၉၂)

ရှေ့ဆက်မတိုးပဲ ထိုမြေခွေးကို ရှောင်သွားရန် သင်စွန့်စားလိုက်သည်။ ထို့ကြောင့် ထိုမြေခွေးရှိရာဘက်က မသွားဘဲ အခြားလမ်းကနေပြီး တောအုပ်ထဲသို့ ဆက်ဝင်လိုက်၏။ ကံကောင်းစွာနဲ့ပဲ ထိုမြေခွေးမှာ သင့်ကို ရန်မမူဘဲ သူ၏ သားသမီးများကိုသာ ရန်မူမှာ စိုးတဲ့အတွက်ကြောင့် စောင့်ကြည့်နေခြင်းဖြစ်ပုံရသည်။

ထို့နောက် သင်သည် တောအုပ်ထဲမှနေပြီး ရှေ့တွင်တွေ့ရသော တောင်ကြားဆီသို့ ခပ်မြန်မြန်ရောက်ရန်အတွက်သာ စိတ်လောစွာဖြင့် သွားနေမိသည်။ (**အခန်း - ၇၀ ကို ဆက်ဖတ်ပါ။**)





(၉၃)

တောင်ဘက်အဖွဲ့က ခေါင်းဆောင်ကို သင်နိုင်ပြီးသောအခါတွင် ပြေးလာနေကြသော အခြားတောင်ဘက် အဖွဲ့သားများသည် ပြေးလာနေရင်းမှ ရပ်တန့်သွားလေ၏။

ထို့နောက် သူတို့ခေါင်းဆောင် ကျဆုံးသည်ကို မြင်လိုက်ရသောအခါတွင် ထိတ်လန့်သွားကြပြီး တကွဲတပြား ကြောက်ရွံ့စွာဖြင့် နောက်ပြန်ပြေးကြလေ၏။

"ဟူး"

ထိုအခါမှ သင်လည်း သက်ပြင်းချနိုင်လေသည်။

ပြီးနောက် အချိန်ရှိတုန်း တောင်ကြားကို ကျော်ဖြတ်လိုက်ရာ စိမ်းလန်းနေပြီး ကောက်ပင်ပျိုးပင်များ အစီအရီပေါက်နေသည့် တောင်ကြားလွင်ပြင်တစ်ခုကို တွေ့လိုက်ရလေသည်။ (**အခန်း- ၁၀၇ ကို ဆက်ဖတ်ပါ။**)







www.burmeseclassic.com

www.burmeseclassic.com

၉၄

## (၉၄)

ကောင်းကင်ကို တစ်ချက်ကြည့်ပြီးနောက် ရှေ့တွင်ရှိသော ချုံပုတ်ထဲသို့ ပြေးဝင်ကာ ပုန်းအောင်းနေလိုက်သည်။

ထို့နောက် ချုံပုတ်ထဲကနေပြီး ငှက်ကို စောင့်ကြည့်နေလိုက်၏။

အချိန်အတော်ကြာသည်အထိ ငှက်ရဲ့ အရိပ်အယောင်ကို မတွေ့ရသေးချေ။ ဓားကိုလည်း အသင့်ပြင်ထားလိုက်၏။

ထိုစဉ်. . .

"ဖုန်း"

"အား. . ."

သင် နောက်ပြန်လဲကျသွားသည်။ အလင်းရောင် ခပ်စူးစူးကို မြင်လိုက်ရသောကြောင့် ထိတ်လန့်သွားပြီး အနောက်ကို လဲကျသွားခြင်း ဖြစ်သည်။

"ဟင်. . ."

ခုနက ပျောက်သွားသော အစိမ်းရောင် ဝတ်ရုံရှည်နှင့် လူကြီးကို သင့်ရှေ့၌ ရပ်နေသည်ကို ပြန်တွေ့လိုက်ရ၏။

ခုနက ပုံစံအတိုင်းပဲ မတ်တတ်ရပ်နေခြင်း ဖြစ်သည်။ မတူတာ တစ်ခုကတော့ သူ၏မျက်နှာမှာ ခက်ထန်နေပြီး ဒေါသ



ထွက်နေပုံလည်းရသည်။

"မင်းကို ရှေ့ဆက်ခရီးသွားဖို့ ခြောက်လှန့်ခဲ့ပေမယ့်လည်း မသွားခဲ့ဘူး၊ ဒီတော့ မင်းက ဒီမှာနေဖို့ လမ်းကိုရွေးခဲ့တဲ့ အတွက် အမှားကြီးမှားခဲ့ပြီ ဖြစ်တယ်"

သင့်မှာ ထိတ်လန့်တုန်လှုပ်သွားပြီး တောအုပ်ထဲမှ ထွက်ပြေးရန် ပြင်ဆင်လိုက်၏။ သို့သော် နောက်ကျသွားလေပြီ။

ထိုစဉ် ကောင်းကင်က တစ်ဟုန်ထိုး ထိုးဆင်းလာသော ငှက်တစ်ကောင်သည် သင်၏ မျက်နှာကို သူ၏အတောင်ဖြင့် ခပ်ပြင်းပြင်း ရိုက်ချလိုက်၏။

"ဖျန်း"

"အား. . ."

သင် လဲကျသွားပြီးနောက် လက်ထဲရှိ ဓားကို ဝှေ့ယမ်းလိုက်သည်။

မထိ။ ဓားသည် လွဲချော်သွားပြီးနောက် ခပ်လှမ်းလှမ်းသို့ လွင့်စင်ကျသွား၏။ ကြောက်လန့်မှုက များလာသောကြောင့် အစိမ်းရောင် ဝတ်ရုံရှည်နှင့်လူကြီးကို တောင်းပန်ရန်အတွက် ကြိုးစားလိုက်သည်။

ချက်ချင်းထလို့မရသေးဘဲ အားယူပြီး ထရန်ဟန်ပြင်စဉ် ငှက်၏ နောက်တစ်ကြိမ် ရိုက်ချက်နှင့် ကြုံလိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဖျန်း"

ဒီတစ်ခါ အတော်ပြင်း၏။ သင့် ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စင်သွားပြီးနောက် ခေါင်းကို ကျောက်တုံးတစ်ခုနှင့် ပြင်းထန်စွာ ဆောင့်မိ၏။

"ခွပ်"

မြင်ကွင်းမှာ ပြာဝေသွားပြီး သင့်ချစ်သူကိုလည်း ရုတ်တရက် တမ်းတမ်းတတ သတိရမိလိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံး လှုပ်လို့မရတော့။ မျက်ရည်များကလည်း စီးကျလာသည်။ ထိုစဉ် အစိမ်းရောင် ဝတ်ရုံရှည်နှင့် လူကြီးအား မြင်လိုက်ရပြီးနောက် မြင်ကွင်းအားလုံး မှောင်မည်းသွားလေ၏။

သင် သေဆုံးသွားခြင်း ဖြစ်သည်။ သင့်ချစ်သူလည်း ဖမ်းဆီး ခံထားရသော နေရာတွင်ပင် ကယ်သူမဲ့ ဖြစ်နေလေပြီ။

သင်ရွေးချယ်ခဲ့တဲ့ လမ်းကြောင်းမှားခဲ့သောကြောင့် တောအုပ်ထဲတွင် သင် သေဆုံးသွားခဲ့လေပြီ။ **(The End)**







## (၉၅)

မြေခွေးမှာ သင်၏ ဓားအောက်တွင် အသက်ပျောက်သွားပြီဖြစ်သည်။ ထို့နောက် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ထပ်ရန်မူမည့်သူများ တွေ့ဦးမလားဆိုပြီး ဝေ့ဝိုက်ကြည့်နေလိုက်သည်။

ထိုစဉ် အစိမ်းရောင် ဝတ်စုံရှည်ဝတ်ထားသော လူတစ်ယောက် သစ်တောအုပ် သစ်ပင်များကြားမှ ထွက်ပေါ်လာလေ၏။

သူ့ဘေးတွင်လည်း မြေခွေးတစ်ကောင် ထပ်ပါလာ၏။

ထိုသူက သင့်ကို စူးစူးရဲရဲ စိုက်ကြည့်နေလေသည်။ လက်တစ်ဖက်မှာ ဝက်သစ်ချသားနဲ့ လုပ်ထားပုံရသော တုတ်တစ်ချောင်းကို ကိုင်ထားပြီး အခြားတစ်ဖက်ကလည်း တံစဉ်လိုလို ဘာလိုလို အရာကို ကိုင်ထား၏။

"ကျုပ်က ဒီတောအုပ်ကို စောင့်ရှောက်ရတဲ့ သူပါ။ ဝူဒီလို့ ခေါ်ပါတယ်၊ အခု မင်းဟာ ကျုပ်တို့ တောအုပ်ထဲမှာရှိတဲ့ မြေခွေးတစ်ကောင်ကို သတ်လိုက်ပြီ၊ အဲဒီလို သတ်လိုက်တဲ့အတွက် မြေခွေးမက မွေးထားတဲ့ ကလေးတွေကလည်း အမိမဲ့သားလေးတွေ ဖြစ်သွားပြီ၊ မင်းက တော်တော်ပဲ ရန်လိုတတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com







ထိုသို့ပြောပြီးနောက် ထိုလူကြီးသည် လက်ထဲက တုတ်ကို မြေကြီးသို့ ဆောင့်ချလိုက်၏။

ထူးဆန်းစွာနဲ့ပဲ သင့်လက်များမှာ တုန်လှုပ်သွားပြီး ကိုင်ထားသော ဓားများလည်း လှုပ်ရမ်းသွား၏။ (ထိုသို့ တိုက်ခိုက်ခံရမှုကြောင့် စာအုပ်ရှေ့တွင် ရေးဆွဲထားသော ဇယားကွက်ထဲရှိ ကျွမ်းကျင်မှု အမှတ်များထဲကနေ (၁) မှတ်လျှော့ပါ။)

ထို့နောက် သင်သည် ဆုံးဖြတ်ချက်တစ်ခုကို မဖြစ်မနေ ချရတော့မည်ဖြစ်သည်။

- ထိုလူကြီးကို ပြန်လည် တိုက်ခိုက်မယ်ဆိုပါက (အခန်း - ၇၆ ကို ဆက်ဖတ်ပါ။)
- ဒါမှမဟုတ် ထိုလူကြီးနဲ့ မပတ်သက်ချင်တော့ဘဲ ကိုယ့်လမ်း ကိုယ်သွားမယ်ဆိုပါက (အခန်း - ၇၀ ကို ဆက်ဖတ်ပါ။)

(၉၆)

ခပ်လှမ်းလှမ်းတွင် ချုံပုတ်အကြီးတစ်ခုကို တွေ့လိုက်ရသည်။ နောက်ကလိုက်လာတဲ့သူ မျက်ခြေပြတ်စေရန်အတွက် ချုံပုတ်ထဲတွင် ပုန်းအောင်းနေရန် စဉ်းစားလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် နီးစပ်ရာ ချုံပုတ်များထဲက တစ်ခုရဲ့ နောက်ကွယ်သို့ အလျင်အမြန် ပုန်းအောင်းနေလိုက်သည်။

**(ဤနေရာတွင် သင်၏ ကံကောင်းခြင်းကို ထပ်မံစမ်းသပ် ကြည့်ပါ။)**

(စမ်းသပ်ရန်- ဤစာအုပ်၏ ညာဘက်စာမျက်နှာ အောက်ဘက်ရှိ အန်စာတုံးစာရွက်များကို အန်စာတုံးအဖြစ် သတ်မှတ်ကာ ကျပန်းလှန်ပြီးနောက် ရရှိလာသော အန်စာတုံးနှစ်ခု နံပါတ်များကို ပေါင်းပါ။ အံစာတုံးနှစ်ခုပေါင်းနံပါတ်သည် စာအုပ်ရှေ့တွင် ရေးဆွဲထားသော သင်၏ ကံကောင်းခြင်းအကွက် ဇယားထဲရှိ နံပါတ်နှင့် (တူညီနေ) သို့ (လျော့နည်းနေ)ပါက သင် ကံကောင်းမည် ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ သင့်ရှေ့က ရှိခဲ့ပြီးသော နံပါတ်ထက် များနေပါက သင် ကံမကောင်းဟု သတ်မှတ်မည် ဖြစ်သည်။)

■ **ကံကောင်းခဲ့ပါက (အခန်း-၁၁၈ ကို ဆက်ဖတ်ပါ။)**

■ **ကံမကောင်းပါက (အခန်း- ၁၉ ကို ဆက်ဖတ်ပါ။)**










(၉၇)

မြို့တွင်းသို့ ရောက်သောအခါ မြို့မှာ ကျယ်ဝန်းလှပြီး အဆောက်အဦများမှာလည်း ကြီးမားရှည်လျားလှသည်။

မြို့သူမြို့သားများမှာလည်း ဈေးဆိုင်တန်းများတွင် ဈေးဝယ်ယူနေကျပြီး လူသွားလူလာ စည်ကားသော မြို့လည်း ဖြစ်သည်။

ကျား၊ မ၊ လူကြီး၊ လူငယ် မရွေး စုံလင်စွာ တွေ့ရသော ကြောင့် သင်လည်းမြင်းပေါ်ကနေ ငေးမောရင်း လိုက်လာခဲ့သည်။

**(အခန်း- ၁၀၄ ကို ဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com



(၉၈)

ရေကန်ထဲကနေ ကုန်းပေါ်တက်ရန် ကြိုးစားလိုက်သည်။ သို့သော် နောက်ပြန်လဲကျသွားပြီး ရေကန်ထဲသို့ နစ်မြုပ်သွား၏။

"ဝုန်း"

ရေမွန်းသွားသည်။ ရေထဲသို့ တဖြည်းဖြည်း နစ်နေပြီဖြစ်သည်။ (ဇယားကွက်တွင် ခံနိုင်ရည် အား၌ (၄)မှတ်လျှော့ပါ။)

သို့သော်လည်း သတိမလွတ်သေးသောကြောင့် အတင်းရုန်းကန်ပြီး ရေပေါ်ပြန်တက်လိုက်သည်။

"ဖလူး"

ရေပေါ်ရောက်သောအခါ အသက်ကို မှန်မှန်ရှူလိုက်သည်။ ခပ်လှမ်းလှမ်းတွင် ရေပေါ်သို့ ညွတ်ကာ ထိစပ်နေသော သစ်ကိုင်းကို တွေ့လိုက်ရပြီး ထိုသစ်ကိုင်းရှိရာသို့ ကူးသွားလိုက်သည်။ (အခန်း- ၁၁၆ ကို ဆက်ဖတ်ပါ။)







(၉၉)

သင့်လက်ထဲကဟင်းခွက်နဲ့ ဘုရင်ကို ပက်ချလိုက်ကာ အလစ်ဝင်ရောက် တိုက်ခိုက်လိုက်၏။

သို့သော် ဘုရင်ကြီးဘေးတွင် ရှိနေသော ရဲမက်များက သင့်ထက်ပိုလျင်မြန်ပြီး သင့်ကိုပြန်လည် တိုက်ခိုက်လေ၏။ ပိုဆိုးတာက သင့်မှာ လက်နက်မပါဘဲ သူတို့က သင့်ကို လက်နက်အပြည့်အစုံနှင့် တိုက်ခိုက်နေခြင်း ဖြစ်သည်။


ထို့ကြောင့် သင့်မှာ သူတို့၏ ဓားလှံ၊ လက်နက်များ တရစပ် ဝင်လာမှုကြောင့် မြေပြင်ပေါ်သို့ ပစ်လဲကျသွား၏။

ကြည့်ရှုနေသော ပရိသတ်များမှာလည်း သူတို့ဘုရင်ကို ဝင်ရောက်တိုက်ခိုက်သောကြောင့် သင့်ကို ဒေါသထွက်နေကြပြီး-

'သတ်ပစ်'ရန်အတွက် အော်ဟစ်ကြလေသည်။

သင့်မှာ ရွေးချယ်မှုလမ်း မှားသွားပြီဆိုတာကို သိလိုက်ရသည်။ ခန္ဓာကိုယ်တွင် ထွက်နေသော သွေးများကို ဖိနှိပ်ရင်း သင့်ချစ်သူကို တစ်ချက်ကြည့်လိုက်၏။

ခပ်လှမ်းလှမ်းဖြစ်နေသောကြောင့် သင့်ချစ်သူက သင့်ကို မမှတ်မိဘဲ ဖြစ်နေသည်။ ထိုစဉ် မှူးမတ်တစ်ယောက်က သူ၏ ဓားဖြင့် သင့်ကို ဝင်ရောက်တိုက်ခိုက်လိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

“အား”

ရင်ထဲမှာ စူးခနဲ နာကျင်သွားပြီး ချစ်သူကို အော်ခေါ်ရန် အတွက် နောက်ဆုံးအကြိမ် ကြိုးစားလိုက်သည်။

ပါးစပ်က အသံထွက်မလာတော့။ လက်ကိုသာ ထောင်ပြလိုက်ပြီး မြေပြင်သို့ လဲကျသွားကာ အသက်ပျောက်သွားလေ၏။


ထို့ကြောင့် သင်သည် သင့်ချစ်သူကို သင်ဘယ်တော့မှ တွေ့ရတော့မည် မဟုတ်ဘဲ အပြီးအပိုင် လမ်းခွဲခဲ့ရလေသည်။

**(The End)**









## (၁၀၀)

သင်က ဓားကို ဆွဲထုတ်ပြီးနောက် မြေခွေးရှိရာသို့ တစ်ရှိန်ထိုးပြေးကာ စတင်တိုက်ခိုက်လိုက်သည်။

မြေခွေး၏ ကျွမ်းကျင်မှုမှာ ၈ နှင့် ခံနိုင်ရည်အားမှာ ၉ ဖြစ်သည်။

စာအုပ်ရှေ့တွင် ရေးဆွဲထားသော ဇယားကွက်များထဲက သင်၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အား အမှတ်များသည် မြေခွေး၏ ကျွမ်းကျင်မှုနှင့် ခံနိုင်ရည်အားထက် အမှတ်များနေပါက သင် နိုင်ပြီ ဖြစ်သည်။ အကယ်၍ နည်းနေပါက သင်ရှုံးပြီ ဖြစ်သည်။

■ သင်နိုင်ခဲ့ပါ (အခန်း - ၉၅ ကိုဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



(၁၀၁)

ဘုရင်သည် သူ့နေရာ၌ ပြန်ထိုင်ပြီးချိန်တွင် ပုရော ဟိတ်ပုံစံဖြစ်ပုံရသော လူတစ်ယောက်သည် ဘုရင့်ရှေ့တွင် ခစား နေရာမှ မတ်တတ်ရပ်လိုက်ပြီး ပြည်သူဘက်သို့ မျက်နှာမူကာ-

"ယနေ့ထုံးတမ်းစဉ်လာအရ ဘုရင်ကြီးရဲ့ မိဖုရားအသစ်ရွေးချယ်ပွဲမှာ ရိုးရာမပျက်အောင် စီရင်ကျင်းပသွားမှာ ဖြစ်ပါတယ်"

ဟု ပရိသတ်ကို ပြောပြီးနောက် ဘုရင်ဘက်ကို လှည့်ကာ ဦးညွှတ်လိုက်သည်။

ထို့နောက်-

"ရှေးဦးစွာ မြို့သူမြို့သားအားလုံး အစာအဟာရ ပေါကြွယ်ဝစေ၊ ဝဝလင်လင်စားရစေ၊ မျိုးစုံသောအစားအသောက်နှင့် မျိုးစုံသော ဟင်းလျာများအား ရရှိစေရန် ရည်ရွယ်၍ ဟင်းလျာသယ်ယောက်ျားများက စီတန်းကာ ရှင်ဘုရင်၊ မိဖုရားတို့အား ဦးစွာဆက်ကပ် အလှည့်ကျ မြည်းစမ်းစေပြီးနောက် ပြည်သူများ အလှည့်ကျ ကျွေးမွေးသော အစီအစဉ်ဖြစ်ပါတယ်"

"ဟေး"

ပရိသတ်များက အော်ဟစ်ကာ အားပေးကြလေသည်။



ဒါကြောင့် လူစည်တာပဲဟု သင့်စိတ်ထဲ တွေးလိုက်သည်။ ထို့ပြင် ဘယ်နှယ့်ပွဲကြီးပါလိမ့်ဟုလည်း တွေးနေမိသည်။

တွေးလို့မဆုံးခင်မှာပင် သင့်ဘေးနားက ဟင်းခွက်သယ်လူများမှာ တန်းစီထပြီးနောက် မိမိတို့ သယ်လာသည့် ဟင်းခွက်များကို ပြန် ကိုင်နေကြသဖြင့် သင်လည်း မိမိဟင်းခွက်ကို ခပ်မြန်မြန်ထပြီး ပြန်ကိုင်ရသည်။

ထို့နောက် ဘုရင်ဘက်သို့ တန်းစီကာ ဦးတည်လိုက်ကြသည်။

ဘုရင်က ရှေ့ဆုံးလူရဲ့ ဟင်းခွက်ထဲမှ ဟင်းကို နည်းနည်းမြည်းသည်။ ခေါင်းတဆတ်ဆတ်ညိတ်ကာ ကောင်းတယ်ဟု ပြော၏။

ပြီးနောက် အသစ်တင်မည့်မိဖုရား (သင့်ချစ်သူ)က ထပ်မြည်းစမ်းရသည်။ သင့်ချစ်သူမြည်းစမ်းနေစဉ်တွင် ဘုရင်က ဒုတိယလူ၏ဟင်းခွက်ကို မြည်းစမ်းနေပြီ ဖြစ်သည်။

ထို့နောက် မိဖုရားပြီးသောအခါ မှူးမတ်ရဲမက်များက တစ်ဦးချင်းစီရဲ့ ခွက်များထဲက ဟင်းလျာများကို မြည်းသည်။ ထိုမှတစ်ဆင့် ပြည်သူများဆီသို့ ဦးတည်ရသည်။

ဟင်းခွက်သယ်လူတန်းက ရှည်သောကြောင့် သင့်အရှေ့မှာပင် အယောက်သုံးဆယ်လောက်ရှိသည်။

သို့သော် ဤအခွင့်အရေးသည် သင့်ချစ်သူနှင့် ဘုရင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

(၁၀၂)

ရှေ့တည့်တည့်သို့ရောက်နိုင်သည့် တစ်ခုတည်းသော အခွင့်အရေးဖြစ်သည်။ (**အခန်း- ၆၃ ကို ဆက်ဖတ်ပါ။**)



(၁၀၂)

“အိမ်သာက ဟိုဘက်မှာလေ”

“ဟုတ်. . . ဟုတ်ကဲ့”

ဟု ဆိုကာ ရဲမက်ညွှန်ပြသည့် အခန်းတစ်ခုထဲသို့ ဝင်သွားလိုက်၏။

အိမ်သာ မတက်ချင်ဘဲနဲ့ အိမ်သာထဲမှာ ခဏနေလိုက်ရသည်။ ကြာကြာနေပါက ရိပ်မိသွားမှာလည်းစိုးသည်။ ထို့ကြောင့် ခဏကြာသောအခါတွင် အိမ်သာထဲမှ ပြန်ထွက်လိုက်သည်။

“ဟင်”




အိမ်သာထဲက ထွက်ထွက်ချင်းပင် ခုနကရဲမက်နှစ်ယောက်က သင့်ကို ကြည့်နေတာကို တွေ့ရသည်။


သင်လည်း ဘာလုပ်ရမယ်မှန်း မသိသောကြောင့် ခုနက ချထားသော ဟင်းခွက်ကို ပြန်ကိုင်ကာ ဟင်းခွက်သယ်သူများ စီတန်းသည့် နေရာကိုပဲ ထပ်မံဝင်ရောက်တန်းစီလိုက်သည်။

နောက်ကို ပြန်လှည့်ကြည့်သောအခါ ရဲမက်နှစ်ယောက်သည် သင့်ကို စောင့်ကြည့်နေတုန်းပဲ ဖြစ်သည်။

ရှေ့ကို ကြည့်လိုက်သောအခါတွင်လည်း စစ်ဆေးသူက တစ်ဦးချင်းစီ စစ်ဆေးနေလေသည်။

ဘာမှလုပ်လို့ မရတော့သည့် အဆုံး ဒီအတိုင်းပဲ နေနေလိုက်ရတော့သည်။ (**အခန်း- ၂၇ ကို ဆက်ဖတ်ပါ။**)







www.burmeseclassic.com

www.burmeseclassic.com







## (၁၀၃)

စစ်ဆေးသည့်နေရာ ရောက်ခါနီးလေလေ သင် ဟန်ဆောင်ထားသည့် အမူအရာမှာ ပိုပျက်လေဖြစ်သည်။

နောက်ဆုံး ဘယ်လိုမှ ဟန်မဆောင်နိုင်တော့သောကြောင့် တန်းစီနေရာမှ ထွက်ကာ အနောက်ဘက်ကို ပြေးသွားလိုက်သည်။

“ဟော့. . . ဟော့၊ ဘာလုပ်တာလဲ”


စစ်ဆေးတဲ့သူ လှမ်းအော်နေတာကို မသိချင်ယောင်ဆောင်ပြီး ဆက်ပြေးနေမိသည်။

သို့သော် သင်ပြေးနေစဉ်မှာပဲ သင့်ရှေ့က ရဲမက်နှစ်ယောက်က ပိတ်ရပ်လိုက်သည်။

“ဘာဖြစ်လို့ ပြေးတာလဲ”

သင် တစ်ခုခုတော့ ဖြေရတော့မည်။

- ■ ဗိုက်နာပြီး အိမ်သာတက်ချင်လို့ ကမန်းကတန်း ပြေးလာတာဟု ဖြေမလား။ (အခန်း-၁၃ ကို ဆက်ဖတ်ပါ။)
- ■ ဒါမှမဟုတ် ရဲမက်နှစ်ယောက်ကို ပြန်တိုက်ခိုက်မလား။ (အခန်း- ၃၄ ကို ဆက်ဖတ်ပါ)





www.burmeseclassic.com

www.burmeseclassic.com



## (၁၀၄)

ခဏကြာသောအခါတွင် ခမ်းနားကြီးကျယ်လှသော အဆောက်အဦးရှေ့တွင် မြင်းများအားလုံး ရပ်လိုက်ကြသည်။

အဆောက်အဦမှာ လှပပြီး ဘယ်ခေတ်က ဗိသုကာ လက်ရာမှန်းမသိသည့် ပုံစံဖြင့် ဆောက်လုပ်ထားသည်။

"ကဲ. . . ဆင်းတော့"

ဗိုရာက သင့်ကို မြင်းပေါ်ကနေ ဆင်းခိုင်းသည်။

ထို့နောက် ရဲမက်နှစ်ယောက်က သင့်ကို ခန်းမကြီးတစ်ခုဆီသို့ လာရောက်ခေါ်သွားကြလေသည်။

သင်လည်း ယက်ကန်ယက်ကန်နှင့် ပါသွားသည်။ ပြီးနောက် သင့်ကို ကြမ်းပြင်ပေါ်တွင် ဒူးထောက် ထိုင်ခိုင်းထားလေ၏။

သင်နှင့်အတူ အခြားဘေးဘက်များတွင်လည်း ရဲမက်များနှင့် အမျိုးအမည်မသိ ဝတ်စုံများဝတ်ထားသော သူများကလည်း သင့် အတိုင်းပင် ဒူးထောက် ထိုင်နေကျသည်ကို တွေ့ရလေသည်။

မကြာမီအချိန်တွင် "မိဖုရားကြီး ကြွလာပြီ"ဟုဆိုကာ လူတစ်ယောက်က အော်ဟစ်လိုက်လေ၏။

သင်က ခေါင်းကို မော့ကြည့်လိုက်သည်။

"ဟင်"



အလွန် ရုပ်ဆိုးလှသော အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။ ထိုအမျိုးသမီးကြီးမှာ သင်ရှိရာသို့ ဦးတည်လာပြီးနောက်-

"ရဲမက်တွေ သတင်းပို့ထားတဲ့ သူထင်တယ်"

"ဟုတ်ပါတယ် ဘုရား"

တစ်ယောက်က လှမ်းဖြေသည်။

"ဒီလူ့ခန္ဓာကိုယ်အနှံ့ ရှာစမ်း"

အမိန့်ပေးလိုက်သောကြောင့် နီးစပ်ရာ ရဲမက်နှစ်ယောက်မှာ သင်၏ ခန္ဓာကိုယ်အနှံ့ ရှာလေသည်။

ဤတွင် သင့်အိတ်ကပ်ထဲတွင် ထည့်ထားသော ကျောက်တုံးတံဆိပ်ကို တွေ့သွားပြီး မိဖုရားကြီးကို ဆက်သလိုက်လေ၏။

"ဟင်. . . ဒါ ကျောက်တုံးတံဆိပ်ပဲ သင်ဘယ်ကရလဲ"

သင်လည်း မထူးတော့ပါဘူးဟု ဆိုကာ ထိုကျောက်တုံးတံဆိပ်ရရှိလာပုံကို အမှန်တိုင်း ပြောပြလိုက်လေသည်။

မိဖုရားကြီးက ဘာမှပြန်မပြောပဲ ကျောက်တုံးတံဆိပ်ကို ယူကာ အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

မိဖုရားကြီး အခန်းထဲ မဝင်ခင်တွင် လူတစ်ယောက်က-


"ဒီလူကို ဘယ်လိုစီရင်လိုက်ရမလဲ ဘုရား"

မိဖုရားကြီးက လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com







"ကျောက်တုံးတံဆိပ်ရပြီဆိုတော့ သူ့ကိုလွှတ်ပေးလိုက်ပါတော့. . . သွားချင်ရာသွားပါစေ"

ထိုသို့ ပြောပြီးနောက် အခန်းထဲ ပြန်ဝင်သွား၏။

ထို့နောက် သင့်ကို ရဲမက်များက အခန်းထဲက ဆွဲထုတ်ပြီး လမ်းပေါ်ကို ပစ်ချသွားကြလေသည်။ (အခန်း- ၈၈ ကို ဆက်ဖတ်ပါ။)



(၁၀၅)

"ကျွန်တော် အဲ့ဒီဘုရင်ကို သတ်မယ်" ဟု အော်ပြောလိုက်၏။

ဤတွင် ဖြတ်သန်းသွားသော ရဲမက်နှစ်ဦးက ကြားသွားပြီး သူတို့ဘုရင်ကို စော်ကားသည့်စကားပြောသော သင့်ကို ဝင်ရောက်ဖမ်းလေ၏။

သင်လည်း အငိုက်မိပြီး အဖမ်းခံလိုက်ရလေသည်။





www.burmeseclassic.com


www.burmeseclassic.com

ထို့နောက် သင့်ကို တရွတ်တိုက် ဖမ်းခေါ်သွားကြပြီး အချုပ်ခန်းထဲ၌ ထည့်ထားလေ၏။

နောက်တစ်နေ့ . . . ၊ နောက်တစ်နေ့နဲ့ တစ်ဦးတစ်ယောက်ကများ သင့်ကို လာမေးမလားလို့ မျှော်လင့်သော်လည်း တစ်ဦးမှ ရောက်မလာခဲ့ပေ။

သင့်ချစ်သူကိုလည်း ဘုရင်ကြီးက ကြင်ရာမြှောက်လိုက်ပြီဖြစ်သည်။ သင်လည်း ဒီအချုပ်ခန်းထဲကနေ လွတ်လမ်းရှာလို့ မတွေ့တော့ပဲ တဖြည်းဖြည်းနှင့် ထိုအချုပ်ခန်းထဲမှာပဲ သေဆုံးသွားခဲ့သည်။

သင့်ချစ်သူကိုလည်း တစ်သက်လုံးမတွေ့ရတော့ချေ။ သင်သည် အသံကြောင့် ဖားသေသွားခြင်း ဖြစ်သည်။ **(The End)**







(၁၀၆)

ဆိုင်ထဲသို့ ဝင်လိုက်သည်။ ကြွက်သား အပြိုင်းပြိုင်းထနေသော ယောကျ်ားများက ဓားလှံ၊ လက်နက်များကို တူတစ်ချောင်းစီဖြင့် ထုနှက်နေ၏။

အချောကိုင်ထားသော ဓားများကိုတော့ ဆိုင်နံရံများတွင် ချိတ်ဆွဲထားလေသည်။

အချို့ဓားများမှာ ကောင်းမွန်လှပြီး၊ တချို့မှာ ဝင့်ကြွားသည့် ဟန်ပန်များရှိကြသည်။

"ကြိုက်တာယူ၊ ရွှေငါးတုံးပဲ"

ဆိုင်ကောင်တာမှ လူက သင့်ကို လှည့်မကြည့်ပဲ ပြောသည်။

"ဟို . . . ဓားဝယ်ဖို့ မဟုတ်ပါဘူး"

သင့်ကို ဆိုင်ရှင်က မော့ကြည့်သည်။

သူစိမ်းတစ်ယောက်မှန်း သိသွားသောကြောင့် မျက်နှာတည်သွားလေ၏။

"ဘာကိစ္စလဲ၊ ခင်ဗျားက ဒီမြို့ကလူ မဟုတ်ဘူး ထင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က . . ."

ဟု စပြီး ချစ်သူကောင်မလေးကို ဒီမြို့မှာ ဖမ်းသွားသည်



www.burmeseclassic.com

www.burmeseclassic.com

ဆို၍ လာရောက်စုံစမ်းသူဖြစ်ကြောင်း ပြောပြလိုက်သည်။

"အဲ့ဒါတော့ ကျုပ်မသိဘူးဗျ၊ ကျုပ်က ဓား၊ လှံ၊ ရောင်းတဲ့သူပါ"

"ဒီမှာ တစ်ခုခုထူးခြားတာတွေရော မဖြစ်ဘူးလား"

"ဟင့်အင်း. . . မဖြစ်ဘူး"

ဝယ်သူမဟုတ်သောကြောင့် စိတ်ရှည်လက်ရှည် မဖြေချင်ဘဲ ဖြစ်နေသည်။

ထို့နောက် သင်သည် ဓားများကို လျှောက်ကြည့်ပြီး-

■ စိတ်ကြိုက်ဓားတစ်ချောင်းကို ဝယ်ယူမလား။ (အခန်း- ၇၃ ကိုဆက်ဖတ်ပါ။)

■ ဒါမှမဟုတ် ဓားတစ်ချောင်းမှ မဝယ်ဘဲ ဆိုင်ထဲကပြန်ထွက်မလား။ (အခန်း-၅၄ ကိုဆက်ဖတ်ပါ။)







(၁၀၇)

"ဟင်"

တောင်ကြားလွင်ပြင်ကို ဖြတ်လျှောက်ပြီး သိပ်မကြာခင်တွင် ရေကန်တစ်ခုကို တွေ့လိုက်ရလေသည်။

ဝမ်းသာသွားသည်။ တစ်လမ်းလုံး ရေငတ်လာခဲ့တာ အခုမှပဲ အားရပါးရ သောက်ရပေတော့မည်။

ဓားကို ခါးတွင် ချိတ်လိုက်ပြီး ရေကန်သို့ ပြေးသွားလိုက်သည်။ ရေကန်ဘေးတွင် သစ်ပင်အချို့ပေါက်နေပြီး အချို့သစ်ပင်ကိုင်းများမှာ ရေကန်ပေါ်သို့ ညွတ်ကျ ထိစပ်နေသည်။

"ဝုန်း"

ရေကန်စပ်နားသို့ ပြေးဆင်းလိုက်ပြီး ရေကို အငမ်းမရ သောက်လိုက်သည်။

ရေဆာလွန်းသောကြောင့် လက်နှင့် တဖြန်းဖြန်းခပ်ကာ အဝသောက်ပြီး မျက်နှာကိုလည်း လန်းဆန်းအောင် ပက်လိုက်၏။

"ဟင်"

မူးခနဲ မိုက်ခနဲ ဖြစ်သွားသည်။ ခေါင်းကို ညင်သာစွာ ဖိထားလိုက်ချိန်တွင် ကန်ရေပြင်နှင့် ပတ်ဝန်းကျင်ရှိ အရာများသည် ဝေဝါးနေပြီး ချာချာလည်နေသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရေကန်ထဲသို့ ယိမ်းယိုင်ပြီး ပြုတ်ကျသွားလေသည်။

**(ယခုအချိန်တွင် သင်၏ ကံကောင်းခြင်းကို စမ်းသပ်ရမည့် အချိန် ဖြစ်သည်၊)**

(စမ်းသပ်ရန်- ဤစာအုပ်၏ ညာဘက်စာမျက်နှာ အောက်ဘက်ရှိ အန်စာတုံးများကို ကျပန်းလှန်ပြီးနောက် ရရှိလာသော အန်စာတုံး နှစ်ခု နံပါတ်များကို ပေါင်းပါ။ အံစာတုံးနှစ်ခုပေါင်း နံပါတ်သည် စာအုပ်ရှေ့တွင် ရေးဆွဲထားသော သင်၏ ကံကောင်းခြင်းအကွက် ဇယားထဲ ရှိနံပါတ်နှင့် (တူညီနေ) သို့ (လျော့နည်းနေ)ပါက သင် ကံကောင်းမည် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သင့်ရှေ့ကရှိခဲ့ပြီးသော နံပါတ်ထက် များနေပါက သင် ကံမကောင်းဟု သတ်မှတ်မည် ဖြစ်သည်။)

ထိုသို့ စမ်းသပ်ပြီး-

- **ကံကောင်းခဲ့ပါက (အခန်း- ၃၇ ကို ဆက်ဖတ်ပါ။)**
- **ကံမကောင်းခဲ့ပါက (အခန်း- ၉၈ ကို ဆက်ဖတ်ပါ။**










(၁၀၈)

တသွင်သွင်စီးနေသော စမ်းချောင်းထဲသို့ ဆင်းလိုက်သည်။ စမ်းချောင်းသည် သင့်ခါးတစ်ဝက်ခန့် မြုပ်လေ၏။

ထို့နောက် တစ်ကိုယ်လုံး ရေထဲမှာ နှစ်လိုက်ကာ တစ်ဖက်ကမ်းသို့ တဖြည်းဖြည်း ကူးသွားလိုက်သည်။

နောက်ကလိုက်လာသော ရဲမက်မှာ သဲလွန်စ ရှာလို့မရတော့ဘဲ တစ်ဘက်ကမ်း၌ ကျန်ခဲ့တော့မည် ဖြစ်သည်။

ခဏအကြာတွင် စမ်းချောင်းတစ်ဖက်ကမ်းသို့ ရောက်ရှိပြီးနောက် ကမ်းပေါ်တက်ကာ တစ်ဖက်ကမ်းအတိုင်း ရှေ့ခရီးဆက်ခဲ့လိုက်သည်။ **(အခန်း- ၁၀ ကိုဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com



(၁၀၉)

နေ့မွန်းတည့်သည်အထိ မြင်းဆက်စီးလာကြရာ ကြီးမားသော လွင်ပြင်ကြီးကနေ တောင်ကြားလေးတစ်ခုကို ထပ်ရောက်လာပြန်၏။ ထိုတောင်ကြားကို အချိန်အနည်းငယ်ခန့် ဖြတ်သွားပြီးသောအခါတွင် သင်သွားချင်သော၊ သင့်ချစ်သူရှိသော အစိမ်းရောင်မြို့၏ မြို့ဝင်တံခါးကြီးကို တွေ့လိုက်ရလေသည်။

"အို"

ခမ်းနားလှသော အစိမ်းရောင်အုတ်မြို့ရိုးကြီးနှင့်အတူ မြင့်မားလှသော အဆောက်အဦအချို့ကို အဝေးကနေ လှမ်းမြင်လိုက်ရ၏။

သင်သွားချင်သောမြို့ကို တွေ့လိုက်ရသောကြောင့် သင့်စိတ်တို့ လှုပ်ရှားလာပြီး မြင်းပေါ်တွင် ဂနာမငြိမ် ဖြစ်နေလေသည်။


မြို့ဝင်တံခါးအရောက်တွင် ခေါင်းဆောင်က သင့်ဘက်ကို လှည့်ကြည့်ပြီး-

"ရှင် နေခဲ့လို့ရပြီ"

ဟုဆိုကာ သင့်ကို မြင်းပေါ်မှ ဆင်းခိုင်းပြီး သူတို့အားလုံး မြို့ထဲသို့ ဝင်သွားကြလေ၏။ **(အခန်း- ၄၈ ကို ဆက်ဖတ်ပါ။)**







(၁၁၀)

သင့်လက်ထဲက ဓားကို ခေါင်းဆောင်အမျိုးသမီးဆီသို့ လှမ်း ပေးလိုက်သည်။ ထို့နောက် သူမညွှန်ပြသည့် ဗီရာဆိုသည့် ကောင်မလေးက သူ့မြင်းပေါ် တက်နိုင်ရန်အတွက် လက်လှမ်းပေးသည်။

ဗီရာ ပုံစံကြည့်ရသည်မှာ သင်နှင့်အတူ မြင်းစီးချင်ပုံမရဘဲ ခေါင်းဆောင်၏စကားကို မလွန်ဆန်နိုင်လို့သာ လက်ခံလိုက်ရပုံရသည်။

သင် မြင်းပေါ်ရောက်ပြီးနောက် ခရီးဆက်ထွက်လာခဲ့ကြသည်။ သင်၏ ဓားကတော့ သူတို့လက်ထဲကို ပါသွားခဲ့ပြီဖြစ်သည်။ **(အခန်း- ၂၆ ကို ဆက်ဖတ်ပါ။)**





www.burmeseclassic.com

www.burmeseclassic.com





(၁၁၁)

"အဲ့ဒီအဘိုးကြီးနာမည်က ဒွယ်သန်လား"

ထိုအမျိုးသမီး၏ မျက်နှာပေါ်တွင် စိတ်ညစ်သည့် အရိပ်အယောင်များ ဖြတ်သန်းသွားပြီး ခေါင်းကို ဖြည်းညင်းစွာခါလိုက်၏။

မဟုတ်ဘူးဆိုသည့်သဘော ဖြစ်ပေလိမ့်မည်။ ထို့နောက် နှုတ်ဆက်ပြီး သင့်ရှေ့မှ ထွက်သွားကာ လူအုပ်ကြားထဲကို တိုးဝင်ပျောက်ကွယ်သွားလေ၏။ (အခန်း- ၁၂ ကို ဆက်ဖတ်ပါ။)







(၁၁၂)

သင်က ဓားကိုကိုင်ထားပြီး စောင့်ယမ်းလိုက်သည်။ ဘေးနားက ဝိုင်းလာသော သူများမှာလည်း နည်းနည်းခွါသွားကြပြီး ခေါင်းဆောင်ဖြစ်တဲ့သူက သင့်ကို အော်ပြောပြန်သည်။

"ရှင့်ဓားကို ချပြီး ဗီရာ မြင်းပေါ်ကိုတက်လိုက်ပါ၊ အဲဒါဆိုရင် ရှင်သွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်"ဟုဆိုပြီး မြင်းစီး အမျိုးသမီးငယ်တစ်ယောက်ကို ညွှန်ပြ၏။

- သူမ၏ ကမ်းလှမ်းချက်ကို လက်ခံပါက (အခန်း-၁၁၀ ကို ဆက်ဖတ်ပါ။)
- လက်မခံပါက (အခန်း- ၄၇ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



(၁၁၃)

နေမင်းလမ်းဟု ရေးထိုးထားသည့် လမ်းထဲသို့ဝင်လိုက်သည်။ ဝင်ဝင်ချင်းမှာပဲ သေတ္တာ၊ အိုးခွက်များ ပြုလုပ်သည့်ဆိုင်ကို တွေ့ရပြီး ထိုဘေးတွင် မားနှင့်စစ်ဝတ်စုံများ ရောင်းချသည့် ဆိုင်ကို တွေ့လိုက်ရသည်။

ထိုအခါ သင်က သင့်ချစ်သူရဲ့ သတင်းအစအနကို ရလိုငြား ဆိုင်ထဲသို့ ဝင်ရောက်စုံစမ်းရန် သင့်မသင့် စဉ်းစားလိုက်သည်။

- ဝင်ရောက်စုံစမ်းပါက (အခန်း- ၁၀၆ ကို ဆက်ဖတ်ပါ။)
- မစုံစမ်းပဲ ဆိုင်ကိုကျော်ပြီး အခြားနေရာသွားပါက (အခန်း- ၅၄ ကို ဆက်ဖတ်ပါ။)







(၁၁၄)

သင်လည်း ဗီရာနည်းတူ လှဲချလိုက်သည်။

"ရှိုး"

"ဒုတ်. . . ဒုတ်"

မြားတချို့က မြေပြင်တွင် သွားစိုက်သည်။

"ရှင်က ချက်ချင်းကြီး နားပြန်ကောင်းသွားပါလား"

သင် ကံဆိုးသွားပြီ ဖြစ်သည်။ မည်သို့ဆိုသော် သင်က နား တကယ်ကြားမကြား ဆိုတာကို သူတို့က ရုတ်တရက် စမ်းသပ်လိုက်ခြင်း ဖြစ်သည်။


"ခွပ်"

"အ"

ဗီရာက သင့်ကို တွန်းချလိုက်သောကြောင့် မြင်းပေါ်ကနေ ပြုတ်ကျသွားသည်။ (စာအုပ်ရှေ့တွင် ရေးဆွဲထားသော တွမ်းကျင်မှုအကွက်တွင် (၂)မှတ်လျော့ပါ။)

ထို့နောက် အမျိုးသမီးတစ်ဦးက မြင်းပေါ်မှ ဆင်းလာပြီး သင့်ကို လက်ပြန်ကြိုးတုပ်ကာ ဗီရာမြင်းပေါ်သို့ ပြန်တင်လိုက်ကြ၏။

ပြီးနောက် သင်၏မားကို သိမ်းလိုက်ကြသည်။ (အခန်း- ၂၆ ကို ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၁၁၅)

မြောက်ဘက်အဖွဲ့သည် လူနည်းသောကြောင့် ထိုအဖွဲ့ကို ဦးတည်တိုက်ခိုက်ရန်အတွက် ဓားကို အသင့်ပြင်ကာ ပြေးသွားလိုက်သည်။

သို့သော် သင်ကံဆိုးသွားသည်က ထိုအဖွဲ့သည် လူနည်းသော်လည်း အထိုးအသတ်တွင် ကျွမ်းကျင်ဆုံးအဖွဲ့ ဖြစ်နေခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သင်ပြေးလာနေစဉ်မှာပင် ထိုအဖွဲ့ထဲမှ မြင်းသမားတစ်ယောက်က သင့်ထံသို့ မြားတစ်စင်း ပစ်လွှတ်လိုက်၏။

"ရှိုး"

ရှောင်ချိန်မရလိုက်ဘဲ ဓားဖြင့် ရုတ်တရက် ဝှေ့ယမ်းချလိုက်သည်။

"ချွင်"

ကံကောင်းစွာနဲ့ပဲ မြားတံကိုရိုက်ချနိုင်ပြီး မြားတံမှာ အဝေး သို့ လွင့်သွား၏။

သို့သော် နောက်ထပ်ဝင်လာသော မြားတစ်စင်းကို ကာကွယ်နိုင်စွမ်း မရှိတော့ဘဲ ထိုမြားသည် ရင်ဘတ်ဆီသို့ အရှိန်ပြင်းစွာ စိုက်ဝင်သွားလေ၏။



"ဒုတ်"

"အား. . ."

ရင်ဘတ်က နာကျင်သွားပြီး မျက်လုံးများ ပြာဝေသွားသည်။ ထို့ကြောင့် တွေ့သမျှ လူများကို ဓားဖြင့် လျှောက်ဝှေ့ယမ်းလိုက်၏။ သို့သော် တစ်ယောက်မှ မထိချေ။

ဒဏ်ရာက သွေးများ အလွန်အမင်း ကျဆင်းနေပြီဖြစ်သည်။ အားအင်လည်း ကုန်ခမ်းလာသလို ခံစားလိုက်ရ၏။


"ဒုတ်"

နောက်ထပ် မြားတစ်စင်းသည် သင်၏ရင်ဘတ်ထဲသို့ စိုက်ဝင်သွားပြန်သည်။

သင် ရုတ်တရက် ဒူးညွတ်ပြီး လဲကျသွားသည်။ ပါးစပ်က သွေးများထွက်လာပြီး လက်ကလည်း မလှုပ်နိုင်တော့။

သင့်ချစ်သူရှိရာအရပ်ဆီသို့ တစ်ချက်မျှော်ကြည့်လိုက်မိပြီး တစ်ယောက်တည်း အထီးကျန်နေတော့မှာပဲဟု တွေးပူရင်း မျက်ရည်များ ကျလာလေ၏။

ထိုစဉ် လူတစ်ယောက်က သင်၏လည်ပင်းကို ဓားနှင့် ထောက်လိုက်ချိန်တွင် သင်သည် ကမ္ဘာလောကကြီးနှင့် အဆက်ပြတ်ကာ သေဆုံးသွားလေတော့သည်။ ထိုရဲမက်များက သင့်အိတ်ထဲမှ ကျောက်တုံးတံဆိပ်ကို တွေ့ရှိယူငင်သွားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

## ၁၁၆

သေဆုံးသွားပြီဖြစ်သော သင်၏ မျက်ဝန်းများက တောင်ကြားလွင်ပြင်ကို လှမ်းကြည့်နေသယောင် ဖြစ်နေသည်။

သင်နှင့် သင့်ချစ်သူတို့သည် မည်သည့်အချိန်အခါမှ တွေ့ဆုံနိုင်ခြင်း မရှိတော့ချေ. . . ။ **(The End)**



## (၁၁၆)

အပေါ်သို့ ကျကာ ထိစပ်နေသော သစ်ကိုင်းကို လှမ်းဆွဲလိုက်သည်။

"ဟင်"

သစ်ပင်ပေါ်က သစ်စေးများသည် သင့်လက်ပေါ်ကို ကျလာ၏။ ထိုပြင် ထိုသစ်စေးများသည် ရေကန်ထဲသို့လည်း တစက်စက် ကျနေခြင်း ဖြစ်သည်။

ထိုသစ်ဆေးများကြောင့်သာ သင် မူးဝေသွားခြင်း ဖြစ်ပုံရသည်။ သစ်ပင်ကိုဆွဲကာ ကမ်းပေါ်သို့ ပြန်တက်လိုက်ပြီး မြေပြင်ပေါ်သို့ ပစ်လှဲချလိုက်သည်။



အခုမှပဲ သက်တောင့်သက်သာ ဖြစ်သွားသည်။ ကောင်းကင်မှာ တိမ်များကြည်လင်နေ၏။

ထိုတိမ်များကိုကြည့်ပြီး မိမိတို့ချစ်သူနှစ်ဦး ဘယ်လိုနေရာမျိုးကို ရောက်လာပါလိမ့်ဟုတွေးကာ ဝမ်းနည်းပက်လက် ဖြစ်နေမိသည်။

သူတို့ညွှန်ပြလိုက်သော တောင်ကြားကိုကျော်ပြီးသော်လည်း ချစ်သူရှိနိုင်သည့်နေရာ အရိပ်အယောင်ကို တစ်ခုမှ မတွေ့ရသေးပေ။

ငါ့ကိုများ လိမ်လိုက်ကြတာလား။ မဖြစ်နိုင်. . . ။ ထို့နောက် အိတ်ထဲမှ သူတို့ပေးလိုက်သော တံဆိပ်ပြားအဝိုင်းကို ထုတ်ကြည့်လိုက်မိသည်။

ထိုအခါမှပဲ သင့်လက်မှာ သစ်စေးများရှိနေတာကို သတိပြုလိုက်မိသည်။

- ■ ရေထဲမှာ လက်ကိုနှစ်ပြီး သစ်စေးတွေကို ဆေးမလား။ (အခန်း- ၂၂ ကို ဆက်ဖတ်ပါ။)
- ✓■ လက်နဲ့ပဲ သစ်စေးတွေကို ပွတ်ချလိုက်မလား။ (အခန်း- ၇၈ ကို ဆက်ဖတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



## (၁၁၇)

စမ်းချောင်းကမ်းဘက်အတိုင်း တစ်ရှိန်ထိုးပြေးသွားလိုက်သည်။ သို့သော်လည်း တစ်လမ်းလုံး ပြေးလွှားခဲ့ရပြီး မောပန်းနေသောကြောင့် ထင်သလောက် မပြေးနိုင်ချေ. . .။

ခြေထောက်ကလည်း နာနေပြီဖြစ်သည်။ သင် တစ်ဟုန်ထိုးထပြေးသောကြောင့် အနောက်ကလိုက်လာသော ရဲမက်မှာ သင့်ကို လှမ်းမြင်သွားလေသည်။

"ဟာ. . ."

သင်လည်း အထိတ်တလန့် ဖြစ်သွားပြီး ခြေထောက်နာနေသည့်ကြားမှပင် အားတင်းကာ ပြေးနေရသည်။

ကွာခြားသည်က အနောက်ကလိုက်လာသော ရဲမက်သည် နယ်မြေကျွမ်းကျင်ပြီး ခွန်အားမှာလည်း သင်နှင့် ကွာသောကြောင့် သင့် ထက် နှစ်ဆအားသာလေသည်။ မကြာမီအချိန်မှာ သင်နှင့် သိပ်မဝေးသောနေရာသို့ ရောက်နေပြီ ဖြစ်သည်။

နီးစပ်ရာ အကွယ်မှာ ပုန်းနေဖို့ စဉ်းစားလိုက်သည်။ သို့သော် ပုန်းခိုစရာ တစ်နေရာမှ ရှာမတွေ့ချေ. . .။

ထိုစဉ်-

"ဒုတ်"



"အား"

ရင်ဘတ်ထဲက စူးခနဲ အောင့်သွားသည်။

"ဟင်"

မြားချွန်တစ်စင်းသည် သင့် ကျောဘက်ကနေ ရင်ဘတ်ရှေ့သို့ ဖောက်ထွက်လာခြင်း ဖြစ်သည်။

ရင်ဘတ်ကိုဖိပြီး မြားတံကို ကိုင်ထားလိုက်သည်။ ထို့နောက် ပြေးနေရာမှ ရပ်လိုက်ပြီး ရဲမက် လာရာဘက်သို့ လှည့်ပြီး မျက်နှာမူလိုက်ကာ ဓားကိုဆုပ်ကိုင်ထားလိုက်သည်။

သို့သော် သင် နောက်ကျသွားပြီ ဖြစ်သည်။ မည်သို့ဆိုသော် ရဲမက်သည် လျှင်မြန်သောအရှိန်ဖြင့် ခုန် လိုက်ပြီးနောက် သင့် ရင်ဘတ်တည့်တည့်သို့ ဓားတစ်စင်း ထိုးစိုက်လိုက်သောကြောင့် ဖြစ်သည်။

"အား"

သွေးများ စီးကျလာသည်။

ချက်ချင်းပဲ မိုက်ခနဲဖြစ်ပြီး လဲကျသွားလေသည်။ သင်သည် ရဲမက်၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားပြီ ဖြစ်သည်။

သင့် ချစ်သူရှိရာသို့ သွားနေစဉ်မှာပဲ သင် သေဆုံးသွားခြင်း ဖြစ်သည်။ **(The End)**



www.burmeseclassic.com

www.burmeseclassic.com





(၁၁၈)

ချုံပုတ်ထဲတွင် တိတ်ဆိတ်စွာဖြင့် ပုန်းအောင်းနေလိုက်သည်။ တစ်လမ်းလုံးပြေးလွှား တိုက်ခိုက်ရသောကြောင့် ကြွက်သားအချို့ နာကျင်နေသည်ကို လျစ်လျူရှုပြီး ချုံပုတ်ထဲတွင် ငြိမ်ငြိမ်လေး နေနေလိုက်သည်။

အချိန် အတော်ကြာသည်အထိ ဘာမှ မထူးခြားလာချေ။ နောက်ကလိုက်လာသောသူမှာလည်း မျက်ခြေပြတ်ကာ ကျော်သွားလောက်ပြီဟု ထင်လိုက်သည်။

ထို့ကြောင့် ချုံပုတ်ထဲမှ ထွက်ပြီး စမ်းချောင်းတစ်ဖက်ကမ်းကို ဖြတ်ကျော်လိုက်သည်။

စမ်းချောင်းတစ်ဖက်ကမ်း ရောက်တဲ့အထိ မည်သည့် အတားအဆီးမှ မတွေ့ရတော့ချေ. . .။ (အခန်း- ၁၀ တို့ ဆက်ဖတ်ပါ။)





(၁၁၉)

"ကျွန်တော့်မှာ အဲ့ဒီတံဆိပ် မရှိဘူး" ဟု ပြောလိုက်၏။

ထိုအခါ ထိုလူက ဒေါသထွက်သွားပြီ-

"မင်း. . . လိမ်တယ်"ဟု ရေရွတ်ကာ သင်ရှိရာသို့ လှမ်းလာပြီး သင့်ကို ဖမ်းဆုပ်ကိုင်လိုက်၏။

သို့သော် သင်က လျှပ်တစ်ပြက်ရှောင်လိုက်သောကြောင့် ထိုလူ၏ ဖမ်းဆီးခြင်းမှ လွတ်သွားလေသည်။

ထို့ကြောင့် သင်သည် ထိုလူနှင့် မဖြစ်မနေ တိုက်ခိုက်ရတော့မည့်အခြေအနေ ရောက်သွားလေတော့သည်။

| | ကျွမ်းကျင်မှု | ခံနိုင်ရည်အား |
|---|---|---|
| အန်နီ | ၈ | ၆ |

(ဤစာအုပ်၏ ရှေ့ဇယားကွက်တွင်ရှိသော သင်၏ ကျွမ်းကျင်မှုနှင့်ခံနိုင်ရည်အား အမှတ်များသည် အန်နီ၏အမှတ်များထက် များနေပါက အန်နီကိုသင်နိုင်မည် ဖြစ်သည်။ နည်းနေပါက သင်ရှုံးပြီ ဖြစ်သည်။)

■ ထိုသို့ တိုက်ခိုက်၍ နိုင်ခဲ့ပါက (အခန်း- ၄၃ တို့ ဆက်ဖတ်ပါ။)





www.burmeseclassic.com

www.burmeseclassic.com



## (၁၂၀)

ကျောက်တုံးများနှင့် ပြည့်နှက်နေသော ကွင်းပြင်လမ်းကို သင် ရွေးချယ်လိုက်သည်။ ထိုလမ်းသည်လည်း တောင်ကြားကို သွားရောက်နိုင်သော လမ်းတစ်ခုဖြစ်သည်။ ခရီးဆက်ပြီး သိပ်မကြာခင်တွင် လက်နက်ကိုင်ထားသော အဖွဲ့နှစ်ဖွဲ့သည် သင့်ကို မြင်သွားပြီး ညာသံပေးကာ သင်ထံသို့ ပြေးလာကြ၏။

တောင်ဘက်က ပြေးဝင်လာသောအဖွဲ့မှာ အယောက်နှစ်ဆယ်ခန့်ရှိပြီး တိရစ္ဆာန်အရိုးများ တပ်ထားသော လက်နက်များကို ကိုင်ဆောင်ထား၏။ ရုပ်များမှာ ဆိုးသွမ်းလှပြီး အချို့မှာ ဝတ်ရုံနက်ကြီးများ ရုံထားလေ၏။

မြောက်ဘက်က ပြေးလာသောအဖွဲ့မှာ လူအနည်းစု ဖြစ်သည်။ ဂူထဲမှ အမျိုးသမီးအဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သော ရဲမက်များ၏ ဝတ်စုံနှင့် တူညီသည်။ သူတို့သည် ပိန်ပိန်ရှည်ရှည်နှင့် ရက်စက်မည့်ပုံများဖြစ်ပြီး ဒိုင်းနှင့်ဓားများကို အဓိကကိုင်ကာ သင့်ဆီသို့ ပြေးလာနေကြ၏။

အချိန်မှာ မြန်ဆန်လွန်းလှပြီး သင့်ဆီသို့ ရောက်လုခါနီး နေပြီ ဖြစ်သည်။ သင့်မှာ ရွေးချယ်စရာဆိုလို့. . .



- တောင်ဘက်အဖွဲ့ကို ဦးတည်ပြီး တိုက်ခိုက်မလား။ (အခန်း - ၇၂ ကို ဆက်ဖတ်ပါ။)
- မြောက်ဘက်အဖွဲ့ကိုပဲ တိုက်ခိုက်မလား။ (အခန်း - ၁၁၅ ကို ဆက်ဖတ်ပါ။)
- ဒါမှမဟုတ် တောင်ကုန်းဆီကိုပဲ ဦးတည်ပြေးမလား။ (အခန်း - ၇၇ ကို ဆက်ဖတ်ပါ။)







www.burmeseclassic.com

www.burmeseclassic.com





## ရှင်းလင်းချက်

မြို့နှစ်မြို့ ရှိသည်။ သင်နှင့် သင့်ချစ်သူ ရောက်ခဲ့သော မြို့မှာ အစိမ်းရောင်မြို့ဖြစ်ပြီး အခြားမြို့မှာ အဝါရောင်မြို့ ဖြစ်သည်။

ထိုမြို့နှစ်မြို့လုံးရှိ အုပ်ချုပ်သူများသည် ဘုရင်ကဲ့သို့ တခမ်းတနား နေကြလေသည်။ မိဖုရား များစွာယူကြ၏။ မိမိတို့ ဥပဒေကို မိမိတို့ကသာ ဖန်တီးကြသည့် မြို့နှစ်မြို့ ဖြစ်ကြသည်။

ထို့ကြောင့် တစ်မြို့နှင့်တစ်မြို့ မတည့်ကြဘဲ အမြဲတမ်း ရန်စောင်နေကြသည်။

သင်ရရှိခဲ့သော ကျောက်တုံးတံဆိပ်မှာ အဝါရောင်မြို့၏ အမြတ်တနိုးထားသောတံဆိပ်ဖြစ်ပြီး အစိမ်းရောင်မြို့က ခိုးယူသွားသောကြောင့် အဝါရောင်မြို့ရှိလူများ ပြန်ယူစဉ် သင်နှင့် ထိပ်တိုက်တွေ့ဆုံခြင်း ဖြစ်သည်။

ထိုနှစ်ဖွဲ့ကြားထဲတွင် သင်က ရောက်ရှိသွားခြင်းလည်း ဖြစ်သည်။ သူတို့နှစ်မြို့မှာ စစ်ပွဲအကြီးအကျယ်ဖြစ်ခြင်းမဟုတ်ဘဲ ထိုသို့သော ကိစ္စများဖြင့်သာ အမြဲပြဿနာတက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြော သင်သည် အစိမ်းရောင်မြို့ထဲကနေ သင့်ချစ်သူကို ဘေးမသီ ရန်မခဘဲ ကယ်ထုတ်နိုင်ပြီ ဖြစ်သည်။

နောင် နှစ်အနည်းငယ်ကြာသောအခါတွင် ထိုအစိမ်းရောင်မြို့သို့ သင်တို့ချစ်သူနှစ်ဦး ပြန်လာရန် ကြိုးစားသော်လည်း လမ်းမမှတ်မိခြင်းနှင့် တောအုပ် ရေမြေအနေအထားများ ပြောင်းလဲခဲ့ခြင်းကြောင့် ထိုမြို့ကို မည်သို့မျှ ပြန်ရှာတွေ့နိုင်ခြင်း မရှိတော့ပါ။

ထိုမြို့ကို ရောက်ခဲ့သည်ဆိုသော ကိစ္စမှာလည်း သင်တို့ ချစ်သူနှစ်ဦးအဖို့ အခြားသူများအား ပြန်ပြောပြစရာ ပုံပြင်တစ်ခုသာ ကျန်နေခဲ့ပါတော့သည်။

BURMESE CLASSIC .com

လေးစားစွာဖြင့်

လူနေ



www.burmeseclassic.com